သာယာမည်

နေပြည်တော်၊ ရန်ကုန်မြို့နှင့် မန္တလေးမြို့တို့ အနီးတစ်ဝိုက်တွင် ယနေ့ အများအားဖြင့် သာယာမည်။

# မြန်မာ့အလင်း

ဒါနဥ္စ တော်မင်္ဂလ မုတ္တမံ
စွန့်ကြဲပေးကမ်း
လှူဒါန်းခြင်းသည်
မြတ်သောမင်္ဂလာ မည်၏။


■ အတွဲ [၅၅] ၁၃၇၇ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၄ ရက် [27-3-2016]

အမှတ် [၁၇၉] MYANMA ALINN SUNDAY ISSUE


# စွန့်စားရဲရင့် အောင်ပွဲဆင့်၊ အလွှမ်းပွင့်တို့ ဝေးပါစေ

(၇၁)နှစ်မြောက် တပ်မတော်နေ့ ဂုဏ်ပြုဆောင်းပါး၊ စာမျက်နှာ-၆

# ချောင်းသာကမ်းခြေမှာ အပန်းဖြေရင်း အနွမ်းပြေပါသော်လည်း . . .



ချောင်းသာကမ်းခြေမှာ ပျော်ပျော်ပါးပါး ရေကစားနေကြသည်ကို ဤသို့ တွေ့မြင်ခဲ့ရသည်။

ခရီးသွားဆောင်းပါးနှင့်ဓာတ်ပုံ ➤ ဉာဏ်မင်း

ပရဟိတအဖွဲ့နှင့်အတူ စာရေးသူ ခရီးထွက်ခဲ့ပါတယ်။ ရှမ်းပြည်နယ်မြောက်ပိုင်း နမ့်ဆန်မြို့ မီးဘေးအတွက် အလှူငွေပေးအပ်ခဲ့ပြီး ခရီးရှည်ဆက်လက်ထွက်ခွာလာခဲ့ကြရာ မန္တလေးမြို့မှတစ်ဆင့် ဧရာဝတီတိုင်းဒေသကြီး လပွတ္တာ မီးဘေးအတွက် အလှူငွေများပေးအပ်ကာ ပုသိမ်ကိုဆက်သွားခဲ့တယ်။ ပုသိမ်မှာ တစ်ညအိပ်ပြီး တစ်ကြိမ်တစ်ခါမှ မရောက်ဖူးသေးတဲ့ ချောင်းသာကိုသွားခဲ့ကြတယ်။ စာရေးသူတို့ ချောင်းသာကိုရောက်ခဲ့ပါပြီ။ သာယာလှတဲ့ ပင်လယ်ကမ်းခြေနဲ့ အုန်းပင်ရဲ့အလှ၊ သဲသောင်ပြင်ရဲ့သဘာဝကို ကြည့်မဝဖြစ်ကြရပါတယ်။ နေ့ချင်းပြန်သွားဖို့ စိတ်ကူးကြပေမယ့် ပျော်စရာကောင်းလှတဲ့ ကမ်းခြေရဲ့ဆွဲဆောင်မှုကြောင့် တစ်ညအိပ်ဖြစ်ခဲ့ကြတယ်။

အိပ်မယ်ဆိုတော့ တည်းခိုမယ့်နေရာ၊ ပင်လယ်ရေချိုးပြီး ရေချိုချိုးရမယ့်နေရာ လိုလာပြန်တယ်။ ခရီးကရှည်၊ လူကများတော့ ငွေကိုချွေတာတဲ့အနေနဲ့ ဟိုတယ်မှာတော့ မတည်းနိုင်၊ ဘန်ဂလိုမှာ တည်းဖို့စီစဉ်ကြတယ်။ ဘန်ဂလိုချင်းတူပေမယ့် ဈေးချင်းကမတူ၊ လူအခြေအနေကိုကြည့်ပြီး ယူကြတယ်ထင်ပါတယ်။ ညှိညှိနှိုင်းနှိုင်းနဲ့ပဲ ဘန်ဂလိုတစ်လုံးကို ငွေကျပ် ၂၅၀၀၀ နဲ့ ငှားလိုက်တယ်။

*စာမျက်နှာ ၅ ကော်လံ ၁* ✻

# (၇၁)နှစ်မြောက် တပ်မတော်နေ့ကို ဂုဏ်ပြုပါ၏။




# မြန်မာ့အလင်း အယ်ဒီတာ့အာဘော်

## ဂုဏ်ပြုလေးစားထိုက်သော တပ်မတော်သားများ

ကမ္ဘာပေါ်ရှိ နိုင်ငံအသီးသီးတို့တွင် နိုင်ငံ၏အချုပ်အခြာအာဏာနှင့် ပြည်သူများ၏ အသက်အိုးအိမ် စည်းစိမ်များကို ကာကွယ်ရန်ကိုယ်ပိုင်တပ်မတော်များရှိကြပါသည်။ နိုင်ငံ၏ ခုနအင်အားအပေါ်မူတည်၍ တပ်မတော်၏တောင့်တင်းခိုင်မာမှု၊ ခေတ်မီမှု အနေအထားသာကွာခြားသည်။ နိုင်ငံတိုင်းလိုလို တပ်မတော်ရှိသည်။ ပြည်တွင်း ပြည်ပအန္တရာယ်ကြုံလာတိုင်း တပ်မတော်က ကာကွယ်ပေးလေ့ရှိသည်။ တပ်မတော်သည် နိုင်ငံတစ်နိုင်ငံအတွက် မရှိမဖြစ်လိုအပ်ချက်ပင်ဖြစ်သည်။

ကျွန်ုပ်တို့မြန်မာနိုင်ငံတွင် လွတ်လပ်ရေးကြိုးပမ်းမှုနှင့်အတူ အင်အားတောင့်တင်းခိုင်မာသော မျိုးချစ်တပ်မတော်ကြီးအဖြစ် ပေါ်ထွန်းလာခဲ့သည်မှာ နှစ်အားဖြင့် (၇၁) နှစ်ပင်ပြည့်မြောက်ခဲ့ပြီ ဖြစ်ပါသည်။ မတ်လ ၂၇ ရက်နေ့သည်ကား ကျွန်ုပ်တို့မြန်မာ့ တပ်မတော်ကြီးအတွက် နေ့ထူးနေ့မြတ်အခါသမယပင်ဖြစ်ပါသည်။ တစ်နည်းအားဖြင့် ကျွန်ုပ်တို့ပြည်သူတစ်ရပ်လုံး၏ အသက်အိုးအိမ်စည်းစိမ်တို့ကို ကာကွယ်ပေးနေသော တပ်မတော်နေ့ပင်ဖြစ်ပါသည်။ မြန်မာ့တပ်မတော်ကြီးသည် ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်တို့ကို ကာကွယ်ပေးရုံသာမက သဘာဝဘေးကဲ့သို့သော မမျှော်မှန်းနိုင်သည့် ဘေးအန္တရာယ်များနှင့် ကြုံလာသည့်အခါတိုင်းလည်း မဆိုင်းမတွ ရဲရဲဝံ့ဝံ့ကူညီပေးကြသူများဖြစ်ပါသည်။

ကျွန်ုပ်တို့မြန်မာ့တပ်မတော်ကြီးသည် ကချင်၊ ကယား၊ ကရင်၊ ချင်း၊ ဗမာ၊ မွန်၊ ရခိုင်၊ ရှမ်းစသော တိုင်းရင်းသားညီအစ်ကိုများနှင့်ဖွဲ့စည်းထားသော အမျိုးသားတပ်မတော်ကြီးဖြစ်သကဲ့သို့ မျိုးချစ်တပ်မတော်ကြီးလည်း ဖြစ်ပါသည်။ တပ်မတော်သားတိုင်းသည် နိုင်ငံတော်နှင့်ပြည်သူ တစ်ရပ်လုံးအတွက် အသက်ကိုပေးလှူထားကြသူများဖြစ်ပါသည်။ ယနေ့တပ်မတော်သားများသည် မည်သူတစ်ဦးတစ်ယောက်၏ တိုက်တွန်းချက်မျှမပါဘဲ မိမိတို့ဆန္ဒ၊ မိမိတို့၏ယုံကြည်ချက်ဖြင့် တပ်မတော်သို့ ဝင်ရောက်ခဲ့ကြပြီး ပြည်သူတစ်ရပ်လုံးအတွက် အသက်ကို အပ်နှင်းပြီး ကာကွယ်စောင့်ရှောက်နေကြသူများဖြစ်ပါသည်။ တိုက်ပွဲများအတွင်း ဒဏ်ရာရသူ၊ အသက်ကိုစွန့်လွှတ်ခဲ့ရသူ အများအပြားပင်ရှိချေပြီ။ ပြည်သူတစ်ရပ်လုံးအတွက် ဂုဏ်ပြုလေးစားထိုက်သူများပင်ဖြစ်ပေသည်။ ချီးကျူးထိုက်သူများပင် ဖြစ်ပေသည်။

နိုင်ငံတစ်နိုင်ငံတွင် ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးနိုင်သော တပ်မတော်မရှိခဲ့လျှင်(ဝါ)အားအင်ချည့်နဲ့နေလျှင် အချုပ်အခြာအာဏာသည်လည်း ဆုံးရှုံးသွားမည်ဖြစ်ပါသည်။ တစ်ချိန်တည်းမှာပင် လွတ်လပ်ရေးသည်လည်း ဆုံးရှုံးသွားနိုင်ပါသည်။ တပ်မတော်အင်အားရှိမှ တိုင်းပြည်အင်အားရှိမည်ဆိုသော စကားရှိပါသည်။ အင်အားတောင့်တင်းခိုင်မာသော တပ်မတော်ကြီးဖြစ်ရေး ပြည်သူလူထုပူးပေါင်းပါဝင်မှုသည် အလွန်ပင်လိုအပ်ပါသည်။ ပြည်သူနှင့်တပ်မတော်သည် တစ်စိတ်တစ်ဝမ်းတည်းဖြစ်နေရပါမည်။ သို့ဖြစ်၍ တပ်မတော်သည် ပြည်သူများ၏အသက်အိုးအိမ်စည်းစိမ်များကို စွန့်လွှတ်ပေးဆပ် ကာကွယ်ပေးသူများဖြစ်၍ ခေတ်မီမျိုးချစ်တပ်မတော်ဖြစ်ရေး ဝိုင်းဝန်းကူညီကြရမည်ဖြစ်သလို ပြည်သူတစ်ရပ်လုံးအတွက် ဂုဏ်ပြုလေးစားထိုက်သူများပင် ဖြစ်ပါကြောင်း။ ။

မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။

Myanma Alinn Daily

| | | |
|---|---|---|
| စာတည်းမှူးချုပ် | - | အောင်နိုင်ဦး |
| စာတည်းမှူး | - | ဝင်းရွှေ |
| စာတည်း | - | ထိန်လင်း၊ မြင့်စိုး၊ ကြည်ဝင်း၊ ဝင်းကျော် |
| သတင်းထောက်မှူး | - | မြင့်ဆွေ |
| ထုတ်ဝေခြင်းအမှတ် | - | (၀၁၀၉၃) |
| ပုံနှိပ်ခြင်းအမှတ် | - | (၀၀၈၇၇) |
| ကြော်ငြာ | - | ၀၁-၅၄၅၈၃၄ ၊ ၀၁- ၅၅၉၁၁၈<br>Fax ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈ |
| ဖြန့်ချိ | - | ၀၁-၅၄၄၃၁၇၊ Fax- ၀၁-၈၆၀၄၅၄၆ |


### အရည်အသွေးမြင့် သင်တန်းများဆင်း

**ရန်ကုန် မတ် ၂၆**

ဘဏ္ဍာရေးစည်းမျဉ်းအထူးသင်တန်းအမှတ်စဉ်(၂၇)နှင့် ပစ္စည်းထိန်းသင်တန်းအမှတ်စဉ်(၄)သင်တန်းများ ဆင်းပွဲကို မတ် ၂၅ ရက်က ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ် (မြောက်ပိုင်း) မြို့နယ်ရှိ နယ်စပ်ရေးရာဝန်ကြီးဌာန ဗဟိုလေ့ကျင့်ရေးကျောင်း၌ ကျင်းပသည်။

သင်တန်းဆင်းပွဲတွင် ပညာရေးနှင့်လေ့ကျင့်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဇော်ဦးက အမှာစကားပြောကြားပြီး သင်တန်းဆင်း လက်မှတ်များ ပေးအပ်ခဲ့သည်။ သင်တန်းကာလမှာ ဖေဖော်ဝါရီ ၁၅ ရက်မှ မတ် ၂၅ ရက်အထိ ကြာမြင့်ခဲ့သည်။

**(သတင်းစဉ်)**

## (၇၁)နှစ်မြောက် တပ်မတော်နေ့ဦးတည်ချက်များ

(က) အမျိုးသားရေးတာဝန်ဖြစ်သည့် ဒို့တာဝန်အရေးသုံးပါးကို နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ ကာကွယ်စောင့်ရှောက်ရေး။

(ခ) တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲပြီး ရေရှည်တည်တံ့သည့် စစ်မှန်သော ထာဝရငြိမ်းချမ်းရေးရရှိအောင်ဆောင်ရွက်ရန် တပ်မတော်နှင့် တိုင်းရင်းသားပြည်သူအားလုံး လက်တွဲပူးပေါင်းဆောင်ရွက်ရေး။

(ဂ) နိုင်ငံတော်၏ ပကတိလိုအပ်ချက်ဖြစ်သော တည်ငြိမ်အေးချမ်းရေး၊ စည်းလုံးညီညွတ်ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးရရှိအောင် ဆောင်ရွက်ရာတွင် အစိုးရ၊ လွှတ်တော်၊ တပ်မတော်နှင့် တိုင်းရင်းသားပြည်သူအားလုံး ပူးပေါင်းဆောင်ရွက်ရေး။

(ဃ) နိုင်ငံတော်၏ ပိုင်နက်နယ်မြေနှင့် အချုပ်အခြာအာဏာကို ထိရောက်စွာ ကာကွယ်စောင့်ရှောက်နိုင်မည့် စွမ်းရည်ထက်မြက်သည့် တပ်မတော်တည်ဆောက်ရေး။

## ဖန်းမော်မြို့ သမိုင်းဝင်ရွှေကျီးနားမဟာစေတီတော် ဗုဒ္ဓပူဇနိယပွဲတော်ဖွင့်

**ဖန်းမော် မတ် ၂၆**

ကချင်ပြည်နယ် ဖန်းမော်မြို့တွင် နှစ်စဉ်ကျင်းပမြဲဖြစ်သော သမိုင်းဝင်ရွှေကျီးနား မဟာစေတီတော် (၁၄၄) ကြိမ်မြောက် ဗုဒ္ဓပူဇနိယပွဲတော်ဖွင့်ပွဲကို မတ် ၂၅ ရက် နံနက် ၈ နာရီခွဲက ရွှေကျီးနားစေတီတော် အနောက်ဘက်မုခ်ဦးရှေ့၌ ကျင်းပရာ နယ်မြေခံတပ်မှ ဗိုလ်မှူးကြီး မောင်မောင်ဇံနှင့် တာဝန်ရှိသူများက ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးခဲ့ကြသည်။

ပွဲတော်ကြီးကို တပေါင်းလပြည့်ကျော် ၂ ရက်မှ ၁၁ ရက်အထိ ကျင်းပမည်ဖြစ်ရာ လပြည့်ကျော် ၁၂ ရက် နံနက် ၇ နာရီတွင် ဖန်းမော်ခရိုင်အတွင်းရှိ ဖန်းမော်၊ မိုးမောက်၊ မန်စီ၊ ရွှေကူမြို့နယ်များရှိ ကျောင်းတိုက်များမှ ဆရာတော် သံဃာတော်များ၊ ရဟန်းများ၊ သီလရှင်များ စုစုပေါင်း အပါး ၁၀၀၀ ကျော်တို့ကို ဆွမ်းဆန်စိမ်းလောင်းလှူကြမည်ဖြစ်ပြီး မြို့ရွှေမန်းသား ဖိုးချစ်ဇာတ်သဘင်အဖွဲ့က ၁၀ ညတိုင် ကပြဖျော်ဖြေမည်ဖြစ်ကြောင်း သိရသည်။

**ဝါဝါ(ဖန်းမော်)**

## ပတ်ဝန်းကျင်ထိန်းသိမ်းရေး ပညာပေး သဘာဝတောထိန်းသိမ်းခြင်းလုပ်ငန်းဆောင်ရွက်

**ပျော်ဘွယ် မတ် ၂၆**

အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေးဦးစီးဌာန မန္တလေးတိုင်းဒေသကြီးမှ ညွှန်ကြားရေးမှူး ဦးမြင့်အောင်သည် မတ် ၂၄ ရက် နံနက်က ပျော်ဘွယ်မြို့နယ် ကျူတောဝကျေးရွာတွင် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လူထုပညာပေးဟောပြောပွဲကျင်းပသည်။ ထို့နောက်မွန်းလွဲပိုင်းတွင် ပျော်ဘွယ်မြို့နယ်အပူပိုင်းဒေသ စိမ်းလန်းစိုပြည်ရေးဦးစီးဌာန၏ ၂၀၁၅-၂၀၁၆ ခုနှစ် သဘာဝတောထိန်းသိမ်းခြင်းလုပ်ငန်း မွေတာမျိုးဆက်ခြင်း ဧက ၂၀၀ ပင်ပူးခွာခြင်း၊ ကိုင်းချိုင်ခြင်းလုပ်ငန်းဆောင်ရွက်ရာမှ ထွက်ရှိသော ထင်း ၂၅ ဒသမ ၃၄ တန်ကို ရေဖြူကျေးရွာနှင့် ဖောင်းတောကျေးရွာတို့မှ အိမ်ထောင်စု ၃၂၇ စုကို အခမဲ့ဖြန့်ဝေပေးရာ ခရိုင်လက်ထောက်ညွှန်ကြားရေးမှူး၊ ပျော်ဘွယ်မြို့နယ် ဦးစီးအရာရှိနှင့်ဝန်ထမ်းများ၊ ဖောင်းတောကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူး၊ ရေဖြူကျေးရွာနှင့် ဖောင်းတောကျေးရွာတို့မှ ရွာသူရွာသားများ တက်ရောက်ကြကြောင်း သိရသည်။

**မေမိုးသဲ**



ရန်ကုန်မြို့ စမ်းချောင်းမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံး စာကြည့်တိုက်၌ မတ်လ ဒုတိယပတ်က စာကြည့်တိုက်ဝန်ဆောင်မှုမြှင့်တင်ရေးအလုပ်ရုံဆွေးနွေးပွဲကျင်းပရာ မြန်မာနိုင်ငံစာကြည့်တိုက်အသင်းမှ ဒေါ်မိမိနှင့်ဒေါ်စုစုတို့က ဆွေးနွေးပို့ချကြစဉ်။

သန္တာမေ (ပြန်/ဆက်)

## ကလေးသူငယ် ပြုစုပျိုးထောင်ရေးနှင့် ဖွံ့ဖြိုးရေးဆိုင်ရာမူဝါဒ ရှင်းလင်း

**မြစ်ကြီးနား မတ် ၂၆**

ကချင်ပြည်နယ် လူမှုဝန်ထမ်းဦးစီးဌာနမှ ကြီးမှူးသော မြန်မာ့ရှေးဦးအရွယ်ကလေး သူငယ်ပြုစုပျိုးထောင်ရေးနှင့် ဖွံ့ဖြိုးရေးဆိုင်ရာမူဝါဒ ရှင်းလင်းပွဲကို မတ် ၂၅ ရက်က မြစ်ကြီးနားမြို့ ခေမာသီရိရပ်ကွက် City Part Royal ခန်းမ၌ ကျင်းပသည်။ အဆိုပါရှင်းလင်းပွဲတွင် လူမှုဝန်ထမ်းဦးစီးဌာန (နေပြည်တော်)ရုံးမှ ဒုတိယညွှန်ကြားရေးမှူး ဒေါ်လဲ့လဲ့ယဉ်ဝင်းက မြန်မာ့ရှေးဦးအရွယ်ကလေးသူငယ် ပြုစုပျိုးထောင်ရေးနှင့် ဖွံ့ဖြိုးရေးဆိုင်ရာမူဝါဒနှင့် ရေးဆွဲထားသည့် လုပ်ငန်းအဆင့်ဆင့်ဆောင်ရွက်ထားရှိမှု၊ အနာဂတ်မျှော်မှန်းချက်၊ မဟာဗျူဟာများစုပေါင်း၍ အကောင်အထည်ဖော်မည့်အဖွဲ့အစည်းများ၊ မူဝါဒဆိုင်ရာမဟာဗျူဟာများနှင့် ဝန်ဆောင်မှုလုပ်ငန်းများ၊ မြန်မာ့ရှေးဦးအရွယ်ကလေးသူငယ်ပြုစုပျိုးထောင်ရေးနှင့် ဖွံ့ဖြိုးရေးစနစ်ဖွဲ့စည်းပုံ ဇယား၊ ကလေးသူငယ်ဖွံ့ဖြိုးမှုအတွက်ရင်းနှီးမြှုပ်နှံမှု အကျိုးကျေးဇူးခေါင်းစဉ်များဖြင့် အသေးစိတ်ရှင်းလင်းပြောကြားသည်။

**မင်းရာဇာ (မြစ်ကြီးနား)**

## ရွှေ၊ ငွေ၊ စက်သုံးဆီနှင့် အခြေခံစားကုန်ဈေးနှုန်း    ၂၆-၃-၂၀၁၆

**ရွှေဈေးနှုန်း(အောင်သမာဓိ)**

| | | | |
|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၇၈၇၀၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် ၇၄၀၆၀၀ |
| မန္တလေး | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၇၈၇၀၀၀ |

**စက်သုံးဆီဈေးနှုန်း(တစ်လီတာဈေး)**

ရန်ကုန်

| | |
|---|---|
| ဒီဇယ် | ၄၇၀ / ၄၈၀ ကျပ် |
| အောက်တိန်း ၉၂ | ၅၂၀ / ၅၄၀ ကျပ် |
| အောက်တိန်း ၉၅ | ၆၃၀ / ၇၀၀ ကျပ် |
| ပရီမီယံဒီဇယ် | ၅၁၀ / ၅၂၀ ကျပ် |

**စက်သုံးဆီဈေးနှုန်း(လက်ကားဈေး)**

| | |
|---|---|
| ဒီဇယ် | ၉၃၀၀၀ ကျပ် |
| ပရီမီယံဒီဇယ် | ၁၀၂၀၀၀/၁၀၃၀၀၀ကျပ် |

**သားငါးနှင့် ဟင်းချက်စရာဈေးနှုန်း(သား/ငါးဒိုင်များ)**

| | | | |
|---|---|---|---|
| ၁။ ငါးကြင်း | တစ်ပိဿာ | ၄၅၀၀ | - ၆၀၀၀ |
| ၂။ ငါးမြစ်ချင်း | တစ်ပိဿာ | ၃၅၀၀ | - ၅၀၀၀ |
| ၃။ ငါးရံ့ | တစ်ပိဿာ | ၆၀၀၀ | - ၈၀၀၀ |
| ၄။ ငါးဖယ် | တစ်ပိဿာ | ၆၅၀၀ | - ၁၂၀၀၀ |
| ၅။ ပုစွန် (ကျော့) | တစ်ပိဿာ | ၇၀၀၀ | - ၁၀၀၀၀ |
| ၆။ ပုစွန်တုပ် | တစ်ပိဿာ | ၁၀၀၀၀ | - ၂၇၀၀၀ |
| ၇။ ငါးသလောက် | တစ်ပိဿာ | ၁၀၀၀၀ | - ၁၈၀၀၀ |
| ၈။ ကြက် | တစ်ပိဿာ | ၅၀၀၀ | - ၁၂၀၀၀ |
| ၉။ ဝက် | တစ်ပိဿာ | ၅၀၀၀ | - ၉၀၀၀ |
| ၁၀။ အမဲ | တစ်ပိဿာ | ၇၀၀၀ | - ၉၀၀၀ |
| ၁၁။ ဆိတ် | တစ်ပိဿာ | ၁၃၀၀၀ | - ၁၇၀၀၀ |
| ၁၂။ ဘဲ | တစ်ပိဿာ | ၆၀၀၀ | - ၁၃၀၀၀ |

**နိုင်ငံတကာသုံး ငွေကြေးပေါက်ဈေး (ဗဟိုဘဏ်)**

| | | |
|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ၁၂၁၆·၀ |
| ဥရောပ | တစ်ယူရို | ၁၃၅၇·၄ |
| စင်ကာပူ | တစ်ဒေါ်လာ | ၈၈၇·၈၆ |
| ထိုင်း | တစ်ဘတ် | ၃၄·၃၈၉ |
| အိန္ဒိယ | တစ်ရူပီး | ၁၈·၁၇၄ |
| တရုတ် | တစ်ယွမ် | ၁၈၆·၆၆ |
| မလေးရှား | တစ်ရင်းဂစ် | ၃၀၂·၄၉ |

ခင်ရတနာ-စုစည်းသည်။

# တောင်သူများအတွက် စိုက်ပျိုးစရိတ်တိုးတက်ရရှိရေး မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ် စီစဉ်ဆောင်ရွက်နေ

**နေပြည်တော် မတ် ၂၆**

နိုင်ငံ၏ စားရေရိက္ခာဖူလုံရေးနှင့် တောင်သူလယ်သမားများ၏ ဝင်ငွေနှင့် လူမှုစီးပွားဘဝတိုးတက်ရေးအတွက် မျိုးကောင်းမျိုးသန့် မျိုးစေ့များ ထုတ်လုပ်ဖြန့်ဖြူးပေးရေးတာဝန်သည် လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၏ အဓိကအရေးကြီး တာဝန်တစ်ရပ်ဖြစ်ကြောင်း။

မျိုးကောင်းမှ အပင်ကောင်း အသီးကောင်းပြီး တောင်သူများ ဝင်ငွေတိုးတက်စေနိုင်မည်ဖြစ်သည့်အတွက် မျိုးစေ့၏အရေးပါမှုကို ပညာရှင်များအပိုင်း၊ တောင်သူလယ်သမားများအပိုင်းနှင့် ပုဂ္ဂလိကအခန်းကဏ္ဍတို့မှ ပူးပေါင်း၍ ဒေသအလိုက် မျိုးစေ့လိုအပ်ချက်များကို ယခုကဲ့သို့ မျိုးစေ့ထုတ်စိုက်ကွင်းကြီးများထူထောင်ပြီး အရည်အသွေးစိတ်ချယုံကြည် အားထားရသည့် မျိုးကောင်းမျိုးသန့် မျိုးစေ့များကို အလုံအလောက်ထုတ်လုပ် ဖြန့်ဖြူးသွားနိုင်ရေးအတွက် နိုင်ငံတော်အစိုးရအနေဖြင့် စီမံချက်ဖြင့် ဆောင်ရွက်ပေးလျက်ရှိကြောင်း။

တောင်သူလယ်သမားများ အတွက် အခြေခံလိုအပ်ချက်ဖြစ်သည့် စိုက်ပျိုးစရိတ် ပိုမိုတိုးတက်ရရှိနိုင်ရေးအတွက် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်အနေဖြင့် စီစဉ်တွက်ချက်တင်ပြဆောင်ရွက်နေပြီ ဖြစ်ပါကြောင်း၊ တောင်သူလယ်သမားများအနေဖြင့် စိုက်စရိတ် ရင်းနှီးမတည်ငွေများပိုမိုရရှိမည်ဖြစ်၍ နိုင်ငံတော်၏ ဆန်စပါးထုတ်လုပ်ရေးကိုလည်း ကြီးမားစွာ အထောက်အကူပြုစေမည်ဖြစ်ကြောင်း ပြည်ထောင်စုဝန်ကြီး ဦးမြင့်လှိုင်က ယနေ့နံနက် ၉ နာရီတွင် ဒက္ခိဏသီရိမြို့နယ် ကျားကူး(အနောက်)ကျေးရွာအနီးရှိ တစ်ဆက်တစ်စပ်တည်း ဧက ၁၀၀ ပုလဲသွယ်စပ်မျိုးစပါး F-1 မျိုးစေ့ထုတ်စိုက်ကွင်းဝတ်မှုန်ကူးပွဲတော်နေရာသို့ ရောက်ရှိပြီး တောင်သူလယ်သမားများ၊ ဝတ်မှုန်ကူးပွဲတော်တွင် ပါဝင်ကြမည့် နိုင်ငံ့ဝန်ထမ်း ပညာရှင်များအား ပြောကြားသည်။ **(အပေါ်ပုံ)**



ထို့နောက် ပုလဲသွယ်စပ်မျိုးစပါး F-1 မျိုးစေ့ထုတ်စိုက်ကွင်းအတွင်း ပုလဲသွယ်စပ်မျိုးစပါး ဝတ်မှုန်ကူးနေမှုကို ကြည့်ရှုအားပေးခဲ့သည်။

ယင်းနောက် မြန်မာနယူးဧရာ စိုက်ပျိုးရေးအထူးပြုကုမ္ပဏီ၏ လယ်ယာရေသွယ်စနစ်များတွင် အသုံးပြုရန် လယ်ယာသုံးကိရိယာ ပလတ်စတစ်ပိုက်အမျိုးမျိုး ထုတ်လုပ်သည့် စက်ရုံနှင့် ပုလဲသွယ် စပ်မျိုးစပါး မျိုးစေ့သန့်စင် ထုပ်ပိုးစက်ရုံတို့ကို ကြည့်ရှုအားပေးသည်။

ထိုမှတစ်ဆင့် ပျဉ်းမနားမြို့နယ် ကျီအင်းကျေးရွာအနီးတွင် မြန်မာ့ဟင်းသီးဟင်းရွက် သစ်သီးဝလံများ အဆင့်မြင့်တင် ပြုပြင်ထုပ်ပိုးပြီး ဂျပန်နိုင်ငံသို့ တင်ပို့ရောင်းချရန်အတွက် တန်ချိန် ၅၀၀၀ အအေးခန်းစက်ရုံတည်ဆောက်နေမှုလုပ်ငန်းခွင်ကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# ဗိသုကာကောင်စီဖွဲ့စည်းခြင်း တစ်နှစ်ပြည့်နှင့် ဗိသုကာလိုင်စင်များပေးအပ်

**နေပြည်တော် မတ် ၂၆**

မြန်မာနိုင်ငံ ဗိသုကာကောင်စီဖွဲ့စည်းခြင်း တစ်နှစ်ပြည့်အခမ်းအနားနှင့် မြန်မာနိုင်ငံ ဗိသုကာကောင်စီ ပထမအကြိမ် အာဆီယံဗိသုကာ၊ အကြီးတန်းလိုင်စင်ဗိသုကာ အသိအမှတ်ပြု လက်မှတ်များပေးအပ်ပွဲ အခမ်းအနားကို ယနေ့နံနက် ၉ နာရီက ရန်ကုန်မြို့ ရန်ကုန်နည်းပညာတက္ကသိုလ် (စက်မှုခန်းမ)၌ကျင်းပရာ ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်လွင် တက်ရောက်အမှာစကားပြောကြားသည်။

ထို့နောက် မြန်မာနိုင်ငံ ဗိသုကာကောင်စီဥက္ကဋ္ဌ ဦးသော်က မြန်မာနိုင်ငံ ဗိသုကာကောင်စီ ဖြစ်ပေါ်လာပုံနှင့် ဆောင်ရွက်ချက်လုပ်ငန်းစဉ်များနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားပြီး မြန်မာနိုင်ငံဗိသုကာကောင်စီ တစ်နှစ်တာကာလ ဆောင်ရွက်ချက်များနှင့် ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းစဉ်များနှင့်ပတ်သက်၍ မြန်မာနိုင်ငံဗိသုကာကောင်စီ ဒုတိယဥက္ကဋ္ဌ ဦးဆန်းဦးက ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ မြန်မာနိုင်ငံ ဗိသုကာကောင်စီ ဒုတိယဥက္ကဋ္ဌ ဦးဆန်းဦးနှင့် ဝါရင့်ဗိသုကာပညာရှင် ဒေါ်သင်းသင်းအေးတို့က မြန်မာနိုင်ငံ ဗိသုကာကောင်စီ အဆောက်အအုံ ဆောက်လုပ်ရေးအလှူရှင်များအား ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်သည်။



ထို့နောက် မြန်မာနိုင်ငံဗိသုကာကောင်စီ ဒုတိယဥက္ကဋ္ဌ ဒေါ်လှိုင်မော်ဦးက အာဆီယံ အာခီတက်လက်မှတ်၊ အကြီးတန်းဗိသုကာလိုင်စင်နှင့် ဗိသုကာလိုင်စင်ရရှိသူများ၏ တာဝန်နှင့် လုပ်ပိုင်ခွင့်များကို ရှင်းလင်းတင်ပြပြီး ကတိသစ္စာပြုကြသည် ။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးက အကြီးတန်းဗိသုကာလိုင်စင်ရရှိသည့် ဝါရင့်ဗိသုကာပညာရှင်များနှင့် မြန်မာနိုင်ငံဗိသုကာကောင်စီဥက္ကဋ္ဌတို့အား အသိအမှတ်ပြုလက်မှတ်၊ တံဆိပ်တုံးနှင့် စာရွက်စာတမ်းများကို ပေးအပ်သည်။ **(ဝဲပုံ)**

ထို့နောက် ဝါရင့်ဗိသုကာပညာရှင် ဦးထွန်းသန်းက အာဆီယံ အာခီတက် လက်မှတ်ရရှိသူများအား အသိအမှတ်ပြုလက်မှတ်များ ပေးအပ်ခဲ့ကြောင်း သိရသည်။

**(သတင်းစဉ်)**

# ပအိုဝ်းတိုင်းရင်းသားများအတွက် ဂျပန်နိုင်ငံနိပွန်ဖောင်ဒေးရှင်းက ဆန်အိတ်များလှူဒါန်း

**သထုံ မတ် ၂၆**

မွန်ပြည်နယ် သထုံခရိုင်အတွင်းရှိ ဝေးလံခေါင်သီပြီး ဆင်းရဲနွမ်းပါးသည့် ပအိုဝ်းတိုင်းရင်းသားများအတွက် မတ် ၂၅ ရက်က ဂျပန်နိုင်ငံအခြေစိုက် နိပွန်ဖောင်ဒေးရှင်းက လူသားချင်းစာနာထောက်ထားသောအားဖြင့် ဆန်အိတ်များကို လာရောက်ထောက်ပံ့လှူဒါန်းခဲ့ကြောင်း သိရသည်။

"သူတို့လာလှူတာက ဒါနဲ့ဆို နှစ်ကြိမ်ရှိပြီ။ ပထမအကြိမ်က ဆန်အိတ် ၆၀၀ လှူပြီး ဒီအကြိမ်မှာတော့ ဆန်အိတ်ပေါင်း ၄၀၀ လာလှူတာပါ။ ဒေသတွင်းဆင်းရဲတဲ့ တိုင်းရင်းသားတွေအတွက် ပြည့်စုံလုံလောက်မှုမရှိနိုင်ပေမယ့် အခိုက်အတန့်တော့ ပြေလည်ရာ ရောက်တဲ့အတွက် ကျေးဇူးတင်ရမှာပါ"ဟု ပအိုဝ်းအမျိုးသားလွတ်မြောက်ရေးအဖွဲ့ (PNLO)မှ ဗဟို အလုပ်အမှုဆောင်ကော်မတီဝင် ဦးခွန်တင်ရွှေဦးက ပြောသည်။

ပဋိပက္ခဖြစ်ပွားခဲ့ရာ ဒေသများရှိ တိုင်းရင်းသားများအား လူသားချင်းစာနာထောက်ထားမှုအရ နိပွန်ဖောင်ဒေးရှင်းက ယင်းဒေသများရှိ အစိုးရအဖွဲ့အစည်းများ၊ တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့အစည်းများနှင့် ချိတ်ဆက်ကာ ထောက်ပံ့လှူဒါန်းခြင်းဖြစ်ကြောင်း ၎င်းကဆက်လက် ပြောကြားသည်။

အဆိုပါ ဆန်အိတ်များကို နိပွန်ဖောင်ဒေးရှင်း (မြန်မာနိုင်ငံ ဆက်ဆံရေးရုံး)မှ စီမံချက်ညှိနှိုင်းရေးအရာရှိ မိအိန်ပိုင်က ပေးအပ်လှူဒါန်းပြီး PNLO မှ တာဝန်ရှိသူများက လက်ခံယူခဲ့သည်။

သထုံခရိုင်အတွင်းရှိ ရပ်ကွက်နှင့်ကျေးရွာပေါင်း ၅၀ ခန့်တွင် ပအိုဝ်းတိုင်းရင်းသား ခုနစ်သောင်းခန့်နေထိုင်ကြကြောင်း၊ ယင်းဆန်အိတ်များကို ဘီးလင်းမြို့နယ်မှ ခဲမောက်၊ တက်တူကုန်း၊ သဘက်ဆွဲ၊ ဒေါက်ရပ်၊ ကျေးရွာများနှင့် သထုံမြို့နယ်မှ ဝိဇ္ဇာသုခ၊ ဒလပန်း၊ သဲကုန်းကျေးရွာများရှိ ပအိုဝ်းတိုင်းရင်းသားများအား ဆက်လက်ခွဲဝေ လှူဒါန်းသွားမည်ဖြစ်ကြောင်း သိရသည်။

**သက်ဦး(သထုံ)**

# ဈေးချိုတော်ရိယာအတွင်းရှိဈေးများ မီးဘေးကြိုတင်ကာကွယ်ရေးလုပ်ငန်းများ ဆွေးနွေး

**မန္တလေး မတ် ၂၆**

မန္တလေးမြို့ ဈေးချိုတော်ဧရိယာအတွင်းရှိဈေးများ မီးဘေးလုံခြုံရေးနှင့် ကြိုတင်ကာကွယ်ရေးလုပ်ငန်းညှိနှိုင်းဆွေးနွေးပွဲကို မတ် ၂၆ ရက် နံနက် ၁၀ နာရီက အဆင့်မြင့် ဈေးချိုတော်အလယ်ပေါက်ရှိ ဈေးများ သားသတ်ဌာနရုံးခန်း၌ကျင်းပခဲ့သည်။

အစည်းအဝေးသို့ အထက်မြန်မာပြည် မီးသတ်ဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဦးကြည်ဝင်းနှင့် တိုင်းဒေသကြီးဦးစီးမှူး ဦးသန်းဇော်ဦး၊ မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီမှ ကော်မတီဝင် (၂) ဦးရွှေဝင်းနှင့် ဈေးများသားသတ်ဌာနမှူးနှင့် ဌာနခွဲမှူးများ၊ ခရိုင်အုပ်ချုပ်ရေးမှူး ဦးချိုလင်းအောင်နှင့် ဈေးချိုတော်ဧရိယာ အတွင်းရှိဈေးများမှ အကျိုးတော်ဆောင်ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များတက်ရောက်ဆွေးနွေးခဲ့ကြသည်။

ရှေးဦးစွာ မန္တလေးမြို့တော်စည်ပင်သာယာရေး ကော်မတီကော်မတီဝင် (၂)မှ မင်္ဂလာဈေးမီးလောင်ခဲ့မှုကြောင့် ဆုံးရှုံးမှုများကို ရှင်းလင်းပြောကြားပြီး ယင်းဖြစ်စဉ်မျိုး နောက်ဈေးများတွင် ထပ်မံဖြစ်ပွားမှုမရှိစေရန် ကြိုတင်ကာကွယ်ရေးလုပ်ငန်းများအတွက် အကျိုးတော်ဆောင်များနှင့် လာရောက် တွေ့ဆုံဆွေးနွေးခြင်းဖြစ်ကြောင်းပြောကြားခဲ့သည်။

ဆက်လက်၍ အထက်မြန်မာပြည်မီးသတ်ဦးစီးဌာနမှ ညွှန်ကြားရေးမှူးက "တစ်မြို့လုံးရဲ့ဓနအင်အားများ စုဝေးရာဈေးတွေမှာ မီးလောင်တာဟာ ဆုံးရှုံးမှုတန်ဖိုးကြီးမားပါတယ်။ ဈေးတွေမှာ အရေးပေါ်အခြေအနေဖြစ်လာရင် မီးသတ်ကားတွေ အလွယ်တကူဝင်ထွက်နိုင်အောင် လမ်းကြောင်းတွေ ရှင်းလင်းတဲ့အနေနဲ့ ဆိုင်ကယ်ရပ်နားတဲ့နေရာတွေ၊ လမ်းဘေးဈေးသည်တွေကို လွတ်ကင်းရာမှာ နေရာချထားဖို့လိုသလို ဈေးပိတ်ပြီးတိုင်း တစ်ဆိုင်ချင်းစီကို လိုက်လံစစ်ဆေးဖို့လိုပါတယ်။ မီးသတ်ကားတွေ ရေသယ်ယူဖြည့်တင်းနိုင်အောင်လည်း ဈေးတိုင်းမှာအနည်းဆုံး ရေဂါလန်နှစ်သောင်းလောက်ဆံ့တဲ့ ရေကန်တွေလုပ်ဆောင်ထားဖို့လိုပါတယ်။ ဈေးသော့အဖွင့်အပိတ်အတွက်လွယ်ကူတဲ့ နည်းလမ်းတွေ ပြင်ဆင်ထားကြဖို့ လိုပါတယ်"ဟု ၎င်းကအကြံပြုပြောကြားခဲ့သည်။

ထို့ပြင် ခရိုင်အုပ်ချုပ်ရေးမှူးက မီးဘေးလုံခြုံရေးအတွက် ဈေးအကျိုးတော်ဆောင်များနှင့် ဆိုင်ရှင်များ ပူးပေါင်းဆောင်ရွက်ရန်လိုအပ်သကဲ့သို့ ဆိုင်အချင်းချင်း ထိန်းကျောင်းသည့်စနစ်ဖြင့် ဆောင်ရွက်သင့်ကြောင်း ပြောကြားခဲ့ပြီး အဆင့်မြင့် ဈေးချိုတော်တိုက်တန်းဥက္ကဋ္ဌ ဦးအောင်မြင့်သိန်းက ဈေးဆိုင်များ ဈေးပိတ်ချိန်ကို အတိအကျ လိုက်နာကြရန်နှင့် ညပိုင်းလုံခြုံရေးဝန်ထမ်းအင်အား တိုးမြှင့်ချထားပေးရန် မြို့တော်စည်ပင်သို့ တောင်းဆိုတင်ပြခဲ့သည်။



ထို့နောက် ဈေးအကျိုးတော်ဆောင်များ၏ တင်ပြချက်များကို မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီက ပြန်လည်ညှိနှိုင်းဆွေးနွေးမှုများဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**မင်းထက်အောင်(မန်းကိုယ်ပွား)**

# ဆီးရီးယားရှိ အိုင်အက်စ်ခေါင်းဆောင်တစ်ဦး အမေရိကန်လေကြောင်းတိုက်ခိုက်မှုတွင်သေဆုံး

**ဒမတ်စကက် မတ် ၂၆**

အမေရိကန်ကာကွယ်ရေးဝန်ကြီးဌာနက ၎င်း၏တပ်ဖွဲ့များသည် အိုင်အက်စ်အကြမ်းဖက်အဖွဲ့မှ ဝါရင့်ခေါင်းဆောင်တစ်ဦးကို သုတ်သင်သတ်ဖြတ်နိုင်ခဲ့ကြောင်း ပြောခဲ့သည်။

ကာကွယ်ရေးဝန်ကြီး အက်ရှ်ကာတာနှင့် ကြည်း၊ ရေး၊ လေအကြီးအကဲ ဂျိုးဆက်ပ်ဒန်ဖို့ဒ်တို့က သောကြာနေ့က ကြေညာချက်ထုတ်ပြန်ခဲ့သည်။

ဟာဂျီအိုင်မန်ဟု နာမည်ကြီးနေသည့် အဗ္ဗဒူရာမန် အယ်လ်ကွာဒူလီသည် ဆီးရီးယားအမေရိကန်လေကြောင်းတိုက်ခိုက်မှုအတွင်း သေဆုံးခဲ့သည်ဟု ၎င်းတို့က ပြောခဲ့သည်။

အယ်လ်ကွာ ဒူလီသည် အိုင်အက်စ်အကြမ်းဖက်အဖွဲ့၏ ဘဏ္ဍာငွေထိန်းသိမ်းသူတစ်ဦးဖြစ်သည်။ ၎င်းသည် ကမ္ဘာတစ်ဝန်း အကြမ်းဖက်တိုက်ခိုက်မှုများပြုလုပ်ရန်အတွက် အဖွဲ့ဝင်များကို ငွေကြေးဆိုင်ရာထောက်ပံ့ပေးမှုတွင် ပါဝင်သည့်သူတစ်ဦးဖြစ်သည်ဟု ယုံကြည်ထားကြောင်း သိရသည်။

အမေရိကန်အစိုးရက ၎င်းကို ဖမ်းမိလျှင် ဆုလာဘ်အဖြစ် အမေရိကန်ဒေါ်လာ ခုနစ်သန်းပေးမည်ဟု အမိန့်ထုတ်ပြန်ထားသည်။ ၎င်းကို ဖယ်ရှားလိုက်နိုင်ခြင်းသည် ဆီးရီးယားနှင့် အီရတ်နိုင်ငံတွင်းသာမက ပြင်ပကမ္ဘာအထိပါ ဖြန့်ကြက်လုပ်ဆောင်နေသော အိုင်အက်စ်အဖွဲ့၏ အကြမ်းဖက်လုပ်ဆောင်မှုများကို အတားအဆီးဖြစ်စေနိုင်လိမ့်မည်ဟု ယုံကြည်ကြောင်း ကာတာကပြောသည်။

ယခုလအစောပိုင်းကလည်း အမေရိကန်တပ်မတော်က ဆီးရီးယားရှိ အိုင်အက်စ်အဆင့်မြင့်တပ်မှူးတစ်ဦးကို လေကြောင်းအသုံးပြု သတ်ဖြတ်နိုင်ခဲ့သည်။ **(အင်န်အိတ်ချ်ကေ)**





# ဘရပ်ဆဲလ်ဗုံးခွဲသူ သုံးဦး ထပ်မံဖမ်းဆီးနိုင်ခဲ့

**ဘရပ်ဆဲလ် မတ် ၂၆**

ပြီးခဲ့သည့်နှစ်က ပါရီမြို့တိုက်ခိုက်မှုနှင့် ဆက်နွှယ်နေသော အိုင်အက်စ်စစ်သွေးကြွများကို အင်္ဂါနေ့က ဘရပ်ဆဲလ်မြို့၌ အသေခံဗုံးခွဲတိုက်ခိုက်ခဲ့မှုအပေါ် စုံစမ်းစစ်ဆေးလျက်ရှိရာ ဘယ်လ်ဂျီယံရဲအဖွဲ့က သောကြာနေ့တွင် သုံးဦးထပ်မံဖမ်းဆီးနိုင်သည်ဟု ဆိုသည်။

ဖမ်းဆီးထားသူများသည် ပါရီမြို့တိုက်ခိုက်မှုနှင့် ဆက်နွှယ်မှုရှိနေကြောင်း၊ ၎င်းတို့သည် အကွက်ချ တိုက်ခိုက်မှုများပြုလုပ်နိုင်သည်ဟု သံသယရှိကြောင်း ရှေ့နေချုပ်ရုံးက ပြောသည်။

အဆိုပါတိုက်ခိုက်မှုနှင့်ဆက်နွှယ်သူများကို ကြာသပတေးနေ့က ဘယ်လ်ဂျီယံတွင် ကိုးဦး၊ ဂျာမနီတွင် နှစ်ဦးဖမ်းဆီးလိုက်ကြောင်း ရဲအဖွဲ့က ပြောသည်။ ၎င်းအိုင်အက်စ်စစ်သွေးကြွများသည် လူပေါင်း ၃၁ ဦးသေဆုံးသည့် ဘရပ်ဆဲလ်ဗုံးခွဲမှုနှင့် လူပေါင်း ၁၃၀ သေဆုံးခဲ့သည့် ယမန်နှစ် နိုဝင်ဘာလ ပါရီဗုံးခွဲမှုနှစ်ခုစလုံးနှင့် ဆက်စပ်နေကြောင်း ဥရောပတာဝန်ရှိသူများက ပြောသည်။ **(ရိုက်တာ)**



# ယီမင်တွင် အိုင်အက်စ်တို့ အသေခံဗုံးခွဲ၊ အနည်းဆုံး ၂၆ ဦး သေဆုံး

**အေဒင် မတ် ၂၆**

ယီမင်နိုင်ငံတောင်ပိုင်း အေဒင်မြို့ စစ်ဆေးရေးဂိတ်များ၌ သောကြာနေ့က အသေခံဗုံးဖောက်ခွဲမှုဖြစ်ပွားခဲ့ရာ အနည်းဆုံး ၂၆ ဦး သေဆုံးခဲ့ကြောင်း ဒေသခံများနှင့် လုံခြုံရေးသတင်း ရပ်ကွက်က ပြောသည်။

လူပေါင်းများစွာဒဏ်ရာရခဲ့သည့် ယင်းတိုက်ခိုက်မှုကို ပထမအကြိမ်မြောက် ယီမင်ပြည်တွင်းစစ် နှစ်ပတ်လည်အဖြစ် တိုက်ခိုက်ခြင်းဖြစ်ပြီး အိုင်အက်စ်တို့က ၎င်းတို့လက်ချက်ဖြစ်သည်ဟုဆိုသည်။ ဖောက်ခွဲမှုတစ်ရပ်တွင် အေဒင်မြို့ အနောက်မြောက်ပိုင်း ဘူရိုင်ကွာစစ်ဘက်စစ်ဆေးရေးဂိတ်၌ လူနာတင်ယာဉ် တစ်စီးပေါ်တွင် ဖောက်ခွဲရေးပစ္စည်းများတင်ဆောင်ပြီး တိုက်ခိုက်ခဲ့ခြင်းဖြစ်သည်။

ယင်းတိုက်ခိုက်မှုကြောင့် တပ်ဖွဲ့ဝင်နှင့်အရပ်သား ၁၄ ဦး သေဆုံးသွားကြောင်း မျက်မြင်တွေ့ရှိသူများက ပြောသည်။ အခြားသောစစ်ဆေးရေးဂိတ်နှစ်ခုမှာ ဆော်ဒီဦးဆောင်သောစစ်ဘက်ညွန့်ပေါင်းအဖွဲ့ ယီမင်နိုင်ငံအတွင်း တိုက်ပွဲများဆင်နွှဲရာ အခြေစိုက်စခန်းသို့ သွားရောက်သည့်လမ်းပေါ်ရှိ စစ်ဆေးရေးဂိတ်များကို တိုက်ခိုက်ခဲ့ခြင်းဖြစ်သည်။

ယင်းတိုက်ခိုက်မှုကြောင့် တရားဝင်ထုတ်ပြန်ချက်များ မရှိသေးသော်လည်း အနည်းဆုံး ၁၂ ဦး သေဆုံးခဲ့ကြောင်း လုံခြုံရေးသတင်းရပ်ကွက်များက ဆိုသည်။ **(ရိုက်တာ)**

## အာဖဂန်နစ္စတန်တွင် လေကြောင်းတိုက်ခိုက်မှုကြောင့် စစ်သွေးကြွ ၁၀ ဦးသေဆုံး

**ကဘူးလ် မတ် ၂၆**

အာဖဂန် တောင်ဘက်ဟယ်လ်မန့်ပြည်နယ်တွင် လေကြောင်းတိုက်ခိုက်မှုကြောင့် စစ်သွေးကြွ ၁၀ ဦးသေဆုံးခဲ့ကြောင်း စစ်ဘက်ဆိုင်ရာပြောရေးဆိုခွင့်ရှိသူတစ်ဦးက စနေနေ့ကပြောခဲ့သည်။

ဘိန်းစိုက်ပျိုးရာဒေသအဖြစ် နာမည်ကြီးနေသော ဟယ်လ်မန့်ဒေသသည် တာလီဘန်တို့၏ အခိုင်အမာခြေကုပ်ယူရာနေရာဖြစ်သည်။ အာဖဂန်တပ်ဖွဲ့များကလည်း စစ်သွေးကြွများကို ထိုးစစ်အရှိန်မြှင့်ဆင်နွှဲလျက်ရှိသည်။ တာလီဘန်တို့က ၎င်းအပေါ် မှတ်ချက်တစ်စုံတစ်ရာပြုခြင်း မရှိသေးပေ။ **(ဆင်ဟွာ)**

## ဘဂ္ဂဒက်တောင်ပိုင်း၌ အသေခံဗုံးခွဲတိုက်ခိုက်၊ ၂၆ ဦးသေဆုံး၊ ၇၁ ဦးထိခိုက်ဒဏ်ရာရ

**ဘဂ္ဂဒက် မတ် ၂၆**

သောကြာနေ့က ဘဂ္ဂဒက်မြို့ပြင် ပန်းခြံတစ်ခု၌ အသေခံဗုံးခွဲတိုက်ခိုက်ခဲ့ရာ လူပေါင်း ၂၆ ဦးသေဆုံးခဲ့ပြီး ၇၁ ဦး ဒဏ်ရာရရှိခဲ့ကြောင်း ဘာဘယ်ပြည်နယ်ရှိ လုံခြုံရေးဌာနအကြီးအကဲက ပြောသည်။

အဆိုပါ ဗုံးဖောက်ခွဲမှုသည် မြို့တော်တောင်ပိုင်း ကီလိုမီတာ ၄၀ အကွာ ( ၂၅ မိုင်ခန့်) ရှိ ဆွန်နီနှင့် ရှီးယိုက်မွတ်ဆလင်များ ရောနှောနေထိုင်ရာ အိုက်စ်ကန်ဒါရီယာမြို့တွင် ဒေသစံတော်ချိန် ညနေ ၇ နာရီ ၁၅ မိနစ်ကဖြစ်ပွားခဲ့ခြင်းဖြစ်ကြောင်း ပြောကြားသည်။

အိုင်အက်စ်စစ်သွေးကြွများသည် အီရတ်မြောက်ပိုင်းနှင့် အနောက်ပိုင်းကို အကြမ်းဖက်တိုက်ခိုက် ထိန်းချုပ်ထားကြောင်းယင်းအဖွဲ့ဘက်မှ ထုတ်ပြန်သော အာမက်နယူးအေဂျင်စီအရ သိရသည်။ ယခုလအစောပိုင်းက ဟီလာတောင်ပိုင်း ကီလိုမီတာ ၈၀ အကွာ၌ရှိသော အီရတ်လုံခြုံရေးစစ်ဆေးရေးဂိတ်တစ်ခုကို အိုင်အက်စ်များ တိုက်ခိုက်မှုကြောင့် လူပေါင်း ၆၀ ထက်မနည်းသေဆုံးခဲ့ရသည်။ **(ရိုက်တာ)**

## ချစ်သူရည်းစားအကူအညီဖြင့် မိခင်ဖြစ်သူက ခုနစ်နှစ်အရွယ်သမီးငယ်ကို သတ်ဖြတ်ခဲ့

**နယူးဒေလီ မတ် ၂၆**

ခုနစ်နှစ်အရွယ်သမီးငယ်ကို သတ်မှုဖြင့် ယင်းအမျိုးသမီးနှင့် ၎င်း၏ချစ်သူကို ဖမ်းဆီးထားကြောင်း ပီတီအိုင်သတင်းတစ်ရပ်တွင် ဖော်ပြထားသည်။ ၎င်းတို့နှစ်ဦးအကြား အတားအဆီးသဖွယ်ဖြစ်နေ၍ သမီးငယ် အီကရာကို သတ်ရခြင်းဖြစ်သည်ဟု ထွက်ဆိုသည်။

၎င်းနှစ်ဦးကို ယမန်နေ့က ထွက်ပြေးရန်ကြိုးစားစဉ် လိုနီမီးရထားဘူတာရုံ၌ ဖမ်းဆီးရမိခဲ့ကြောင်း ရဲတပ်ဖွဲ့ထံမှ သိရသည်။ မိခင်ဖြစ်သူက မတ် ၁၂ ရက်က ကလေးပျောက်ဆုံးကြောင်း လိမ်လည်တိုင်တန်းထားသော အမှုဖြစ်ကြောင်း၊ မတ် ၁၃ ရက်တွင် မိန်းကလေးငယ်၏ အလောင်းကို ဂုံနီအိတ်အတွင်းထည့်လျက် လူသူမနီးသော ကန်ချန်ပန်းခြံဘက်၌ တွေ့ရှိရကြောင်း သိရသည်။

စုံစမ်းစစ်ဆေးမှုအတွင်း ရဲတပ်ဖွဲ့က အီကရာ၏မိခင် လှုပ်ရှားပြုမူပုံများကို စောင့်ကြည့်ခဲ့သည်။ အီကရာကို အိပ်ပျော်နေစဉ် အသက်ရှူမရအောင် ညှစ်သတ်ခဲ့ကြပြီးနောက် လူရှင်းသောနေရာတွင် စွန့်ပစ်ခဲ့ကြောင်း ၎င်းတို့နှစ်ဦးက ဝန်ခံခဲ့သည်။ **(ပီတီအိုင်)**

# ဗြိတိန်ရှိ ကလေးသူငယ်အများစုမှာ အကျဉ်းသားများထက် အခန်းအောင်းမှုကို ပိုမိုနှစ်သက်

**လန်ဒန် မတ် ၂၆**

ဗြိတိန်ရှိကလေးသူငယ်လေးဦးတွင် သုံးဦး၏ ပြင်ပတွင်ရှိနေချိန်မှာ အကျဉ်းသားများထက်နည်းနေပြီး နေ့စဉ်အိမ်ပြင်ပတွင် ကစားသည့်ကလေးများ ငါးဦးတွင် တစ်ဦးမျှသာရှိကြောင်း အသစ်ပြုလုပ်ထားသော စစ်တမ်းတစ်ခုကိုကိုးကား၍ ဗြိတိန်နေ့စဉ်သတင်းစာ တစ်စောင်က ဖော်ပြခဲ့သည်။

တစ်နိုင်ငံလုံးကိုယ်စား အိမ်ထောင်စု ၂၀၀၀ မှ အသက် ငါးနှစ်မှ ၁၂ အရွယ်ရှိကလေးများကို စစ်တမ်းကောက်ကြည့်ရာ ၇၄ ရာခိုင်နှုန်းသည် နေ့စဉ် မိနစ် ၆၀ ထက်နည်းပြီး အိမ်ပြင်ပ၌ ကစားလေ့ရှိကြောင်း The Guardian သတင်းစာကဖော်ပြခဲ့သည်။

အကျဉ်းသားများအတွက် နေ့စဉ်ပြင်ပလေရရှိသောနေရာ၌ သင့်တင့်သောလေ့ကျင့်ခန်းလုပ်ရန် အနည်းဆုံး တစ်နာရီ လိုအပ်ကြောင်း ယူအင်န်အဖွဲ့က လမ်းညွှန်ထားသည်။ ကလေးများသည် အိမ်ပြင်ပ၌ ကစားခြင်းထက် ကွန်ပျူတာနှင့်ကစားခြင်းမှာ နှစ်ဆခန့် ပိုကြာနေကြောင်း စစ်တမ်းများအရ သိရသည်။

၎င်းအပြင် အစိုးရ၏ထုတ်ပြန်ချက်အရ ပန်းခြံ၊ ကမ်းခြေစသည့် သဘာဝပတ်ဝန်းကျင်ရှုခင်းများရှိရာသို့ တစ်နှစ်လျှင်အနည်းဆုံးတစ်ကြိမ် သွားရောက်လည်ပတ်သော ကလေးငယ်မှာ ကိုးဦးတွင် တစ်ဦးထက်ပို၍ မရှိကြောင်း သိရသည်။

ထို့ကြောင့်ကလေးငယ်များ၏ ကျန်းမာရေးနှင့်ဖွံ့ဖြိုးမှုအတွက် အိမ်ပြင်ပလှုပ်ရှားမှုများဖြစ်သော သိပ္ပံနည်းပညာများ တီထွင်ရန် လိုအပ်နေပြီဖြစ်ကြောင်း ဆိုသည်။ **(ဆင်ဟွာ)**

# ယာယီစစ်ရှောင်စခန်းနေပြည်သူများအား ငွေပျော်စံပြကျေးရွာသို့ပြောင်းရွှေ့ပေး

**မြစ်ကြီးနား မတ် ၂၆**

ကချင်ပြည်နယ်အတွင်း လက်နက်ကိုင်ပဋိပက္ခများ ဖြစ်ပွားမှုကြောင့် နေရပ်စွန့်ခွာပြီး ယာယီစစ်ရှောင်စခန်းများသို့ ပြောင်းရွှေ့နေထိုင်ခဲ့ကြသော စစ်ရှောင်ပြည်သူများကို ပြည်နယ်အစိုးရအဖွဲ့ အစီအစဉ်ဖြင့် မတ် ၂၆ ရက် နံနက် ၇ နာရီက ၎င်းတို့နေထိုင်ရာ ယာယီစစ်ရှောင်စခန်းများမှ မြစ်ကြီးနားမြို့နယ် ငွေပျော်စံပြ ကျေးရွာသို့ ပြောင်းရွှေ့နေရာချထားပေးခဲ့သည်။

ယာယီစစ်ရှောင်စခန်းနေ ပြည်သူများအား ပြည်နယ်လူမှုရေးဝန်ကြီးဒေါ်ဘောက်ဂျာက သတ်မှတ်ပေးထားသည့် နေအိမ်များ၌သာ နေထိုင်ကြရန်လိုကြောင်း၊ ၎င်းတို့နေထိုင်မည့် နေအိမ်များတွင် ရေအမြဲရရှိရေးနှင့် ကျေးရွာအတွင်း စာသင်ကျောင်း၊ ဆေးပေးခန်း၊ ကြက်ခြေနီရုံးများ ဖွင့်လှစ်ပေးသွားမည့်အပြင် ဘာသာရေး ကျောင်းများဖြစ်သော ခရစ်ယာန်၊ ဗုဒ္ဓဘာသာကျောင်းများကိုလည်း ထပ်မံဆောက်လုပ်ပေးသွားမည် ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် မြစ်ကြီးနားမြို့နယ် ယာယီစစ်ရှောင်စခန်းများမှ အိမ်ထောင်စု ခုနစ်စု၊ လူဦးရေ ၃၄ ဦး၊ ဆွမ်ပရာဘွမ်မြို့နယ် မလိယန်စစ်ရှောင်စခန်းမှ အိမ်ထောင်စု ၁၇ စု၊ လူဦးရေ ၆၇ ဦး၊ ဝိုင်းမော်မြို့နယ် ယာယီစစ်ရှောင်စခန်းမှ အိမ်ထောင်စု ၅၄ စု၊ လူဦးရေ ၂၄၈ ဦး၊ အိမ်ထောင်စုတစ်စုလျှင် ပြည်နယ်အစိုးရအဖွဲ့မှ ဆန်တစ်အိတ်၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဦးစီးဌာနမှ ကယ်ဆယ်ရေးပစ္စည်း ကိုးမျိုး၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ လူတစ်ဦးလျှင် ထမင်းတစ်ထုပ်၊ မြန်မာနိုင်ငံ ကြက်ခြေနီအသင်းမှ ကာလတန်ဖိုး ကျပ်တစ်သိန်း ခုနစ်သောင်းရှိ ကယ်ဆယ်ရေးပစ္စည်းငါးမျိုးတို့ကို စစ်ဘေးရှောင်ပြည်သူများက ထောက်ပံ့ပေးအပ်သည်။ **(ယာပုံ)**



ယာယီစစ်ရှောင်ပြည်သူများ နေထိုင်နိုင်ရန်အတွက် ငွေပျော်စံပြကျေးရွာ၌ သွပ်မိုး၊ ထရံကာ လုံးချင်းအိမ်များ ဆောက်လုပ်ပေးကာ နေရာချထားပေးလျက်ရှိကြောင်း၊ ထို့အပြင်ရေ၊ မီးများ ရရှိအောင် ဆောက်လုပ်ပေးထားပြီးဖြစ်ကြောင်း၊ အဆိုပါ ငွေပျော်စံပြကျေးရွာကို ၂၀၁၄ ခုနှစ်၌ ပထမအကြိမ် အိမ်ထောင်စု ၁၁၃ စု၊ ဒုတိယအကြိမ် ၇၃ စု၊ တတိယအကြိမ် ၅၈ စု၊ ယခုအိမ်ထောင်စု ၇၈ စု စုစုပေါင်း ၃၂၂ စု လူဦးရေ ၁၆၀၀ ခန့်တို့က မိမိတို့သဘော ဆန္ဒအလျောက် ယင်းကျေးရွာသို့လာရောက်နေထိုင်လျက်ရှိကြောင်းသိရသည်။

အဆိုပါ ယာယီစစ်ရှောင်စခန်းများမှ အိမ်ထောင်စု ၇၈ စုအား ပြောင်းရွှေ့ပေးရာတွင် လူမှုရေးဝန်ကြီး ဒေါ်ဘောက်ဂျာ၊ ခရိုင်အုပ်ချုပ်ရေးမှူး ဦးခေါင်လန်ဒီး၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးလှိုင်းမောင်မောင်နှင့် တာဝန်ရှိသူများက ကြီးကြပ်၍ မော်တော်ယာဉ်များဖြင့်ပြောင်းရွှေ့ပေးခဲ့ကြကြောင်း သိရသည်။

**မင်းရာဇာ(မြစ်ကြီးနား)**

---

*✳ ရှေ့ဖုံးမှ*

ဈေးအပေါဆုံးလို့လည်း သိရတယ်။ လောလောဆယ် ရေချိုးအနားယူဖို့အတွက် အဆင်ပြေသွားတယ်။

ကမ်းခြေမှာ ရေဆင်းကူးကြပြီး လူငယ်တွေက ဆော့ကစားကြ၊ စားကြသောက်ကြနဲ့၊ အနယ်နယ်အရပ်ရပ်က လာရောက်လည်ပတ်သူတွေနဲ့ စည်ကားလှပါတယ်။ စာရေးသူတို့သွားခဲ့တဲ့အချိန်က စာမေးပွဲဖြေဆိုကြတဲ့ အချိန်ဖြစ်လို့ စည်ကားမှုသိပ်မရှိပေမယ့် အတော်စည်ကားနေတာကို တွေ့ရပါတယ်။ အဖွဲ့သားတွေပင်လယ်ရေတဝချိုးကြပြီး နေ့လယ်စာထမင်းစားချိန်ရောက်တဲ့အခါ ကြုံတဲ့ထမင်းဆိုင်မှာ မြန်မာထမင်းဟင်းကို အားရပါးရစားကြတယ်။ စားတဲ့အထဲမှာ တချို့ဟင်းတွေက သိုးနံ့နည်းနည်းထွက်နေတယ်။ ဆာဆာနဲ့စားကြပြီး ခဏအကြာမှာ ဗိုက်ထဲကရစ်လာလို့ မဟာဖြေဆေးဝယ်သောက်ခဲ့ကြရသေးတယ်။ ညစာကတော့ ကြုံတဲ့ဆိုင်မစားတော့ဘဲ ကောင်းတဲ့ဆိုင်ကိုရွေးပြီးစားကြမှပဲ အဆင်ပြေသွားတော့တယ်။



နေဝင်ဆည်းဆာချိန် ချောင်းသာကမ်းခြေ၏ မြင်ကွင်းအလှ

ချောင်းသာမှာ လူကစုံ၊ ဈေးသည်ကလည်းစုံ။ ရောင်းကြတဲ့ ပစ္စည်းတွေကလည်း အမျိုးမျိုးအဖုံဖုံ၊ စားသောက်စရာပင်လယ်စာလည်း ပေါပါတယ်။ ရောင်းတဲ့ပစ္စည်းတူပေမယ့်လည်း တစ်ယောက်နဲ့တစ်ယောက် ရောင်းတဲ့ဈေးချင်းကမတူကြဘူး။ လူကိုကြည့်ပြီး ရောင်းတယ်ထင်ပါတယ်။ ဈေးမဆစ်တတ်ရင်တော့ ဈေးကြီးသွားနိုင်ပါတယ်။

ဈေးသည်တွေအပြင် ဟိုတယ်၊ တည်းခိုခန်း၊ ဘန်ဂလိုကိုငှားရမ်းကြတဲ့သူတွေက ဈေးမတူကြဘူး။ အခြေအနေကြည့်ပြီးငှားကြတယ်။ လူစည်ကားရင် ဈေးတစ်မျိုး၊ ဧည့်သည်နည်းရင်ဈေးတစ်မျိုးယူကြတယ်။ အထူးသဖြင့် သင်္ကြန်ကာလမှာ တည်းခိုခန်းစရိတ်အဆမတန်ကြီးမြင့်တယ်လို့ သိရတယ်။ “ဒီရက်ပိုင်း(ဥတို)ချောင်းကူးတံတားကလည်း ပြင်နေတယ်။ စာမေးပွဲရက်လည်းဖြစ်နေတော့ လူသိပ်မစည်သေးဘူး။ ဒီအခန်းဆို လူစည်တဲ့ရက်ဆိုငါးသောင်းလောက်ထိယူတယ်။ သင်္ကြန်ရက်ဆို တစ်သိန်းလောက်ရတယ်။ ဟိုတယ်ဆိုရင် သုံးလေးသိန်းလောက်ဖြစ်သွားတယ်။ ဈေးကအမှန်တော့မရှိဘူး”ဟု ဘန်ဂလိုငှားရမ်းသူတစ်ဦးက ပြောသည်။

သွားလာသူတွေ အတော်များများ ပြောဖြစ်ခဲ့တာကတော့ တန်ခိုးကြီးဘုရားတို့၊ အပန်းဖြေတဲ့နေရာတွေမှာ ဟိုတယ်၊ တည်းခိုခန်းတွေဖွင့်ထားတဲ့ လုပ်ငန်းရှင်တွေ၊ စီးပွားရေးသမားတွေက ဘာကြောင့်ဈေးကို တစ်သမတ်တည်းမယူကြတာလဲ။ ပုံမှန်ဈေး ဘာကြောင့်မယူကြတာလဲ။ လူနည်းတာပဲဖြစ်ဖြစ်၊ လူစည်တဲ့အခါပဲဖြစ်ဖြစ်၊ လူမစည်တဲ့အခါပဲဖြစ်ဖြစ် ကိုယ့်အတွက်လည်း အကျိုးရှိ အောင်၊ အများပြည်သူအတွက်လည်းမနစ်နာအောင် သင့်တော်တဲ့နှုန်းထား သတ်မှတ်ရင် မကောင်းပေဘူးလား။ ချောင်းသာကို လာကြတဲ့အထဲမှာ လူမျိုးစုံ၊ ဘဝစုံရှိရာ ငွေကြေးသုံးဖြုန်းနိုင်သူရှိသလို ချင့်ချိန်သုံးကြသူတွေလည်း ပါပါတယ်။ ရပ်ဝေးကလာရောက် ဖူးခြင်းမရှိသူတွေအနေနဲ့ တည်းခိုခန်းစရိတ်ကို ခန့်မှန်းလို့မရနိုင်တော့ အခက်အခဲကြုံနိုင်ပါတယ်။

ဒါကြောင့် ချောင်းသာဆိုတာ သာယာလှပပါတယ်။ လေကောင်းလေသန့်ကိုရှူရင်း ကမ်းခြေရဲ့ အလှကိုငေးမောကြည့်ရင်း ကြည်နူးစရာကောင်းလှပါတယ်။ ချောင်းသာကမ်းခြေမှာအပန်းဖြေရင် အနွမ်းပြေသော်လည်း စိတ်တိုင်းမကျတာတွေ ဖြစ်ကြရပါတယ်။ ဘာပဲဝယ်ဝယ် ဈေးချင်းကမတူ၊ လူကိုကြည့်ရောင်းကြတယ်။ ဘာပဲစားစား တစ်နေရာနဲ့တစ်နေရာ၊ တစ်ဆိုင်နဲ့တစ်ဆိုင် ဈေးက တစ်မျိုးစီ ခရီးသွားအပန်းဖြေပြည်သူတွေက ဟိုတယ်နဲ့တည်းခိုခန်းအပါအဝင် ဘန်ဂလိုစတဲ့ တည်းခိုဆောင်တွေရဲ့ ကြေးယူတဲ့နှုန်းထား မတည်ငြိမ်တာ၊ အခြေအနေအချိန်အခါကိုကြည့်ပြီး နှုန်းထားကို သတ်မှတ်ကြတာကြောင့် စိတ်အနှောင့်အယှက် ဖြစ်ကြရတယ်။ လာရောက်အပန်းဖြေသူတွေ စိတ်ချမ်းမြေ့ဖို့အတွက် တည်ငြိမ်တဲ့ဈေးနှုန်းတစ်ခုကိုသတ်မှတ်၊ မှန်ကန်တဲ့စိတ်ရင်းစေတနာကို အရင်းခံပြီး အတ္တနဲ့ပရအကျိုးကို မျှမျှတတ အမြဲဆောင်ရွက်မယ်ဆိုရင် သယံဇာတပေါကြွယ်ဝတဲ့ နိုင်ငံ၊ ယဉ်ကျေးမှု အနုပညာထွန်းကားတဲ့ နိုင်ငံ၊ ရေမြေတောတောင် သဘာဝတွေနဲ့လှပနေတဲ့ နိုင်ငံ၊ တိုင်းရင်းသား ပေါင်းစုံ စုပေါင်းနေထိုင်ပြီး ယဉ်ကျေးပျူငှာစွာ ပြောဆိုဆက်ဆံတတ်ကြတဲ့ မြန်မာနိုင်ငံဟာ ကမ္ဘာ့အလယ်မှာ ဂုဏ်တင့်စေမှာဖြစ်သလို အလှတွင်အယဉ်ဆင့်၊ အသွင်တင့်ပြီး တိုင်းပြည်နဲ့ လူမျိုးရဲ့အကျိုးကို ဆောင်နိုင်မှာ ဖြစ်ပါတယ်လို့ အပြုသဘောနဲ့ အကြံပြုရေးသားတင်ပြလိုက်ရပါတယ်။

---

နိုင်ငံတကာသတင်း

# အသေးစားလေယာဉ်တစ်စင်း ဂျပန်၌ပျက်ကျ၊ လိုက်ပါလာသူ လေးဦးစလုံးသေဆုံး

**အိုဆာကာ မတ် ၂၆**

လူလေးဦးလိုက်ပါလာသည့် အသေးစားလေယာဉ်တစ်စင်းသည် မတ် ၂၆ ရက်က ဂျပန်နိုင်ငံ အိုဆာကာ စီရင်စုနယ်ရှိ ဒေသဆိုင်ရာလေဆိပ်တစ်ခုသို့ဆင်းသက်ရန်ပြင်ဆင်နေစဉ် ပျက်ကျခဲ့ပြီး**(အောက်ပုံ)** လေယာဉ်ပေါ်



လိုက်ပါလာသည့် လူလေးဦးစလုံး အသက်ဆုံးရှုံးခဲ့ကြောင်း ဒေသဆိုင်ရာမီးသတ်တပ်ဖွဲ့ဝင်များက ပြောကြားသည်။

အင်ဂျင်စက်တစ်လုံးတပ်ဆင်ထားပြီး Mooney M-20C ဟု အမည်ပေးထားသည့် အဆိုပါလေယာဉ်သည် ဟိုင်ယိုဂိုစီရင်စုနယ်ရှိ ကိုဘေးလေဆိပ်မှ ယာအိုလေဆိပ်သို့ဦးတည်ပြီး ပြန်လည်ထွက်ခွာလာကာ လေဆိပ်သို့ ဆင်းသက်ရန် ကြိုးစားနေစဉ် ဒေသစံတော်ချိန် ညနေ ၄ နာရီ မိနစ် ၂၀ ခန့်တွင် လေဆိပ်ရှိ လေယာဉ်ပြေးလမ်းတစ်ခုပေါ်သို့ ပျက်ကျခဲ့ခြင်းဖြစ်ကြောင်း ဂျပန်ပို့ဆောင်ရေးဝန်ကြီးဌာနက ပြောကြားသည်။

လေယာဉ်ပျက်ကျမှု၌ သေဆုံးသူအားလုံးသည် အမျိုးသားများဖြစ်ပြီး ၎င်းတို့၏ အချက်အလက်များကို အသေးစိတ်မသိရသေးပေ။ အဆိုပါလေယာဉ်သည် လေဆိပ်သို့ဆင်းသက်ရန် ကြိုးစားနေစဉ်မြေပြင်မှ မီတာ ၂၀ ခန့်အမြင့်မှ ပျက်ကျခဲ့ဖွယ်ရှိပြီး မြေပြင်သို့ပျက်ကျခဲ့ပြီးနောက် မီးလောင်ခဲ့ကြောင်း သိရသည်။

အဆိုပါ လေယာဉ်သည် ယနေ့ဒေသစံတော်ချိန် မွန်းလွဲ ၂ နာရီခွဲဝန်းကျင်က ယာအိုလေဆိပ်မှ ကိုဘေးလေဆိပ်သို့ ထွက်ခွာပြီး ၁၅ မိနစ်ခန့်အကြာတွင် ကိုဘေးလေဆိပ်သို့ ဆိုက်ရောက်ကာ ကိုဘေးလေဆိပ်မှ ညနေ ၄ နာရီ ၅ မိနစ်က ယာအိုလေဆိပ်သို့ပြန်လည်ထွက်ခွာခဲ့ရာ ယာအိုလေဆိပ်သို့ဆင်းသက်ရန်ကြိုးစားနေစဉ် ယခုကဲ့သို့ ပျက်ကျခဲ့ခြင်းဖြစ်ကြောင်း သိရသည်။ ယာအိုလေဆိပ်သည် အိုဆာကာအလယ်ပိုင်းမှ အရှေ့တောင်ဘက် ကီလိုမီတာ ၂၀ ခန့်အကွာ၌ တည်ရှိသည်။ အလားတူ ၂၀၀၈ ခုနှစ် ဩဂုတ်လက လေဆိပ်အနီးရှိ လမ်းမကြီးပေါ်သို့ အသေးစားလေယာဉ်တစ်စင်းပျက်ကျခဲ့ရာ လူနှစ်ဦးဒဏ်ရာရရှိခဲ့ကြောင်း သိရသည်။ **ကျိုဒိုနယူးစ်**

— ဘာသာပြန် - ဂျေတီ —

# စွန့်စားရဲရင့် အောင်ပွဲဆင့်၊ အလွမ်းပွင့်တို့ ဝေးပါစေ

*ဝန်းကျင်တစ်ခွင်လုံးကို အချက်အချာကျကျစိုးမိုးထားသည့် တောင်ကုန်းထိပ်တွင် လက်နက်ကြီးဖုံးသီးများ အဆက်မပြတ် ကျရောက်ပေါက်ကွဲနေသည်။ ယမ်းခိုးနှင့် မီးခိုးများ တလိပ်လိပ်တက်နေသည့်မှုန်ဝါးနေသော မြင်ကွင်းကြားမှ လက်နက်ငယ် တုံ့ပြန်သံများကလည်း တဒိုင်းဒိုင်းဖြင့် မြိုင်ဆိုင်စွာ ထွက်ပေါ်နေဆဲဖြစ်သည်။ ရန်သူ၏ပစ်ကွင်းမြင်ကွင်းအောက်မှ ပွတ်ကာသီကာဖြင့် ဝပ်တွားချဉ်းကပ်နေကြသော တပ်မတော်သားတို့၏ ဝဲယာတွင် ကျည်ဆန်ထိမှန်ပေါက်ကွဲမှုများက လက်ခနဲ၊ လက်ခနဲ ဖြာထွက်သွားသည်။*

**ဆောင်းပါး-သပြေ**
**ဓာတ်ပုံ-မြဝတီ**



၂၀၁၅ ခုနှစ် မေ ၁၄ ရက်က ရှမ်းပြည်နယ်မြောက်ပိုင်း လောက်ကိုင်မြို့ မြောက်ဘက် စီကော်လုံဒေသရှိ ပွိုင့်-၂၂၀၂ တောင်ကုန်းအား တပ်မတော်က သိမ်းပိုက်ပြီးနောက် နိုင်ငံတော်အလံလွှင့်ထူ၍ အောင်ပွဲခံစဉ်။

ရန်သူ၏အပေါ်စီးမှဖိ၍ ပစ်ခတ်မှုကို ခံနေရသည့်အပြင် ရန်သူ့မိုင်းကွင်းကို ရှင်းလင်းချိန်မရဘဲ ဖြတ်သန်းချဉ်းကပ်နေကြသော်လည်း အန္တရာယ်ကို သတိပြုမိကြဟန်မတူ။ **“ပစ်ခတ်မှု”**နှင့် **“ရွှေ့လျားမှု”**ကို ဟန်ချက်ညီပေါင်းစပ်ပြီး “ပစ်ကူရယူသော ရန်သူစခန်းသိမ်းတိုက်ပွဲ” ကို တပ်မတော်သားများက ရဲဝံ့စွန့်စားစွာဆင်နွှဲနေခြင်းပင်။

“ပစ်ကူရပ်တာနဲ့ ပစ်တက်တက်ပြီး ကျားထိုးနိုင်အောင် ကပ်ထားကြ”ဟု ပစ်ခတ်သံများကြားမှ ဦးဆောင်ချဉ်းကပ်နေသည့် တပ်ကြပ်ကြီးထန်းဟာက ထပ်ဆင့်အမိန့်ပေးလိုက်သည်။ ရှမ်းပြည်နယ်မြောက်ပိုင်း နမ့်ဆန်နှင့် ကျောက်မဲမြို့နယ်အတွင်းရှိ တစ်နေရာတွင် ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်ကို ထိခိုက်နေခြင်းမှ ကာကွယ်နိုင်ရန် တပ်မတော်က နယ်မြေရှင်းလင်းနေခြင်းဖြစ်သည်။

ရှမ်းပြည်နယ်မြောက်ပိုင်းနယ်မြေအတွင်း ၂၀၁၅ ခုနှစ် စက်တင်ဘာလ ၂၅ ရက်မှ ၂၀၁၆ ခုနှစ် ဖေဖော်ဝါရီလ ၁၉ ရက်နေ့အထိ တိုင်းရင်းသားလက်နက်ကိုင်နှစ်ဖွဲ့တို့ တိုက်ပွဲပေါင်းအကြိမ်(၂၀)ခန့် ဖြစ်ပွားခဲ့သည်။ ယင်းလက်နက်ကိုင်အဖွဲ့များက ကျေးရွာများကို မီးရှို့သည့်အပြင် ရွာသူရွာသားများကို ဖမ်းဆီးသတ်ဖြတ်မှုမှစပြီး ရဟန်းသံဃာများကို ဖမ်းဆီးမှုများအထိ ပြုလုပ်လာခဲ့သည်။

“၂၀၁၆ ဖေဖော်ဝါရီ ၁၀ ရက်မှ ၁၅ ရက်အထိ ကျောက်မဲခရိုင်အတွင်းမှ ဒေသခံပြည်သူ အမျိုးသား ၁၄၆၇ ဦးနဲ့ အမျိုးသမီး ၂၁၉၀ ပေါင်း ၃၆၅၇ ဦးဟာ ကျောက်မဲမြို့ပေါ်နဲ့ မိုးမိတ်၊ နမ့်ခမ်းမြို့နယ်တွေထဲက ကျေးရွာတွေကို တိမ်းရှောင်နေကြရပါတယ်”ဟု စစ်ဆင်ရေးထွက်ခွာခဲ့စဉ် ကျောက်မဲမြို့ရောက်ရှိချိန်၌ တာဝန်ရှိသူတစ်ဦး၏ ရှင်းပြမှုကို ပြန်လည်သတိရပြီး စစ်ဘေးဒုက္ခသည်များအတွက် ကိုယ်ချင်းစာမိသည်။

အဆိုပါတိုက်ပွဲများနှင့်ပတ်သက်ပြီး တပ်မတော်အနေဖြင့် တိုင်းရင်းသားလက်နက်ကိုင် နှစ်ဖက်အဖွဲ့အစည်းအချင်းချင်း ညှိနှိုင်းဖြေရှင်းနေ မှုများကို မြေပြင်သတင်းများ ရယူစုဆောင်းခဲ့သည်။ နှစ်ဖက်အဖွဲ့အစည်းများ၏ ထုတ်ပြန်ကြေညာချက်များကိုလည်း စောင့်ကြည့်ခဲ့ပြီး နယ်မြေကျော်လွန်ဝင်ရောက်ခဲ့သော တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့ကို သတ်မှတ်ထားရှိသည့်နေရာသို့ ပြန်လည်ထွက်ခွာပေးရန် ကန့်ကွက်စာပို့ခဲ့သည်။

တပ်မတော်သည် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် လက်မှတ်ရေးထိုးမှုတွင် စေတနာမှန်ဖြင့် တက်ကြွစွာပါဝင်ဆောင်ရွက်ခဲ့သည်။ တစ်နိုင်ငံလုံးတွင် ပစ်ခတ်တိုက်ခိုက်မှုများရပ်စဲပြီး ရေရှည်တည်တံ့သည့် စစ်မှန်သော ထာဝရငြိမ်းချမ်းရေးရရှိနိုင်ရန်အတွက်လည်း ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။ ထို့အတူ ရှမ်းပြည်နယ်မြောက်ပိုင်းနယ်မြေအတွင်း တိုက်ပွဲဖြစ်ပွားမှုများနှင့်ပတ်သက်ပြီး တိုင်းရင်းသားညီအစ်ကိုအချင်းချင်း ဖြေရှင်းနေမှုကို စောင့်ကြည့်ခဲ့သည်။

“ပလောင်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသနှင့် ကျောက်မဲမြို့နယ်ဒေသအတွင်း ဖြစ်ပွားနေသော တိုက်ပွဲများကြောင့် ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများ၊ မိဘပြည်သူများ ဒုက္ခများစွာကြုံတွေ့နေရသဖြင့် တိုက်ပွဲများအမြန်ရပ်ဆိုင်းနိုင်ရေးနှင့် စစ်ဘေးရှောင်ပြည်သူများ၏ လူမှုဒုက္ခများအား အမြန်ဆုံးဖြေရှင်းရေး ဆောင်ရွက်ပေးနိုင်ပါရန် နိုင်ငံတော်အစိုးရ၊ ရှမ်းပြည်နယ်အစိုးရနှင့် သက်ဆိုင်ရာအဖွဲ့အစည်းအားလုံးကို တိုက်တွန်းပါကြောင်း” ကျောက်မဲမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းထွန်းအောင်က ၂၀၁၆ ခုနှစ် ဖေဖော်ဝါရီလ ၁၆ ရက်နေ့တွင် ပြုလုပ်သည့် ဒုတိယအကြိမ်ပြည်သူ့လွှတ်တော် ပထမအစည်းအဝေးတွင် အရေးကြီးအဆို တင်သွင်းခဲ့ရာ ဖေဖော်ဝါရီလ ၁၇ ရက်နေ့က ပြုလုပ်ခဲ့သည့် ပြည်သူ့လွှတ်တော်အစည်းအဝေးတွင် ဆွေးနွေးဆုံးဖြတ်ပြီး အတည်ပြုခဲ့ကြသည်။

ထို့ကြောင့်လည်း တပ်မတော်က ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ ဒို့တာဝန် အရေးသုံးပါးနှင့် ပြည်သူလူထု၏ အသက်အိုးအိမ်ထိခိုက်နေခြင်းမှ ကာကွယ်နိုင်ရန် နမ့်ဆန်နှင့် ကျောက်မဲမြို့နယ်များအတွင်း ရောက်ရှိလှုပ်ရှားနေကြသော လက်နက်ကိုင်အဖွဲ့အစည်းအားလုံးကို မလွှဲရှောင်သာသည့် အခြေအနေတွင် ဝင်ရောက်ရှင်းလင်းရသည်။

“ဝဲစားတွေပစ်အားကျသွားပြီဟေ့။ ပစ်ကူရနေတုန်းမှာညှိပြီး ကပ်ထားကြ”ဟု တပ်စုမှူး ဗိုလ်စောလာထော်ဝါးက တိုက်စစ်အဟုန်ကို ထိန်းညှိအမိန့်ပေးရင်းချဉ်းကပ်မှုကို အရှိန်မြှင့်နေသည်။

ဒို့တာဝန်အရေးသုံးပါးကို ခြိမ်းခြောက်လာသောရန်သူကို တပ်မတော်သားများက “ဝဲစား”ဟု ကင်ပွန်းတပ်ခေါ်ဝေါ်နေကြသည်။ ရန်သူ၏ တုံ့ပြန်ပစ်ခတ်မှုက ရုတ်တရက်လျော့နည်းသွားသည်။ ထိုသို့ ပစ်ခတ်သံများ ရုတ်ခြည်းလျော့ကျသွားခြင်းမှာ ၎င်းတို့တပ်စွဲထားသော ခြေကုပ်စခန်းမှ စွန့်ခွာသွားကြပြီလား။ ဒါမှမဟုတ် လက်နက်ကြီးပစ်ကူပေးနေချိန်မှာ အပစ်ဆိုင်းပြီး အကာအကွယ်ယူနေကြတာလား။ ပစ်ကူရပ်ချိန်ကို စောင့်ပြီး ပစ်ကူရပ်သည်နှင့် ခေါင်းထောင်ပြီးပစ်ခတ်ဖို့ ဗျူဟာပြောင်းခြင်းလားစသည့် ဖြစ်နိုင်ခြေနည်းလမ်းမျိုးစုံကို သုံးသပ်တွက်ဆနေရသည်။

ရည်မှန်းချက် ရန်သူ့တောင်ကုန်း၏ မြေအနေအထားသည် ခံစစ်ဆင်နေသည့် ရန်သူဘက်ကို အခြေအနေပေးလွန်းနေသည်။ ရန်သူက အင်အားအနည်းငယ်စီဖြန့်ခွဲပြီး အဆင့်ဆင့်ခံစစ်ဆင်ထားသည်။ ခံစစ်မျက်နှာစာ ကျဉ်းကျဉ်းထားပြီး သဘာဝအတားအဆီးများကို နင်းမိုင်း၊ တိုက်မိုင်းစသည့် လူလုပ်အတားအဆီးများဖြင့် ပေါင်းစပ်ပြီးလည်း ထောင်ချောက်ဆင်ထားသေးသည်။

ထိုကဲ့သို့ အနေအထားမျိုးကို ငယ်စဉ်က ထိုင်းနိုင်ငံနှင့် နယ်စပ်တစ်လျှောက်တွင်ရှိသည့် ရန်သူစခန်းသိမ်းတိုက်ပွဲကြီးများ ဆင်နွှဲခဲ့ချိန်က တွေ့ကြုံခဲ့ဖူးသည်။ ယမန်နှစ် ပွင့်လင်းရာသီကလည်း တရုတ်နိုင်ငံနယ်စပ်နှင့် ထိစပ်နေသော ရန်သူ့ကျောက်တောင်ကုန်းစခန်းများကို တိုက်ခိုက်သိမ်းပိုက်ခဲ့စဉ်က အလားတူ ထပ်မံကြုံတွေ့ခဲ့ရပြန်သေးသည်။

ထိုသို့ ရင်ဆိုင်ရချိန်တွင် အနီးကပ်ချဉ်းကပ်တိုက်ခိုက်ရသည့် မြေပြင်တိုက်ပွဲဝင် တပ်ဖွဲ့ဝင်များအတွက် အခက်အခဲနှင့် အန္တရာယ်မျိုးစုံကို ကြုံတွေ့ရသကဲ့သို့ ပစ်ကူပေးရသည့်တပ်ဖွဲ့မှာလည်း တစ်ဖက်နိုင်ငံအတွင်းသို့ ဗုံးကျည်များ ကျော်လွန်ကျရောက် ပေါက်ကွဲမှုမရှိစေရေး ထိန်းသိမ်းပစ်ခတ်ရသည်။

ထိုကဲ့သို့ ဖြစ်နိုင်ခြေကို စစ်ဆင်ရေးတာဝန်ထမ်းဆောင်ရမည့် ညွှန်ကြားချက်ရရှိချိန်ကတည်းက ကြိုတင်မျှော်တွေးတွက်ဆပြီး စစ်ဆင်ရေးဝင်ရောက်ရမည့် နယ်မြေဒေသအကြောင်း (အထူးသဖြင့်) “ရန်သူ၊ ရာသီဥတု၊ မြေအခြေအနေ” တို့ကိုလေ့လာပြီး အသေးစိတ်ပြင်ဆင်ထားပြီးလည်း ဖြစ်သည်။

ရာသီဥတုမှာလည်း “နေ့ပူညချမ်း တပေါင်းလသရမ်း”ဟု ခေါ်ဆိုကြရသည့် ဆောင်းအကုန် နွေအကူးကာလဖြစ်သည်။ ပူလွန်းအေးလွန်းခြင်းမရှိသော သင့်တင့်သည့် ရာသီဥတုဖြစ်ပြီး နေ့တာအနည်းငယ်တိုကာ ညတာရှည်သည်။ ဆီးနှင်းကျရောက်မှု စဲသွားပြီး မြောက်လေတိုက်ခိုက်မှုလည်း လျော့နည်းနေပြီ။ “တပေါင်းလည်းကူး မိုးသားကျူး” ဆိုသကဲ့သို့ မိုးလေမိုးတိမ်များက တရိပ်ရိပ်ဖြင့် ဟိုသည်ပြေးလွှားနေကြသည်။

*စာမျက်နှာ ၇ သို့*

**■ တပ်မတော်သည် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် လက်မှတ်ရေးထိုးမှုတွင် စေတနာမှန်ဖြင့် တက်ကြွစွာပါဝင်ဆောင်ရွက်ခဲ့**

**■ တစ်နိုင်ငံလုံးတွင် ပစ်ခတ်တိုက်ခိုက်မှုများ ရပ်စဲပြီး ရေရှည်တည်တံ့သည့် စစ်မှန်သော ထာဝရငြိမ်းချမ်းရေး ရရှိနိုင်ရန်အတွက်လည်း ကြိုးပမ်းဆောင်ရွက်လျက်ရှိ**



၂၀၁၅ ခုနှစ် မေလဆန်းက ရှမ်းပြည်နယ်မြောက်ပိုင်း လောက်ကိုင်မြို့ မြောက်ဘက် စီကော်လုံဒေသရှိ ပွိုင့်-၂၂၀၂ တောင်ကုန်းအား သိမ်းပိုက်ရန် တပ်မတော်သားများ ချဉ်းကပ်တိုက်ပွဲဝင်နေစဉ်။

# တပ်မတော်နေ့ဂုဏ်ပြု စုပေါင်းသန့်ရှင်းရေးနှင့် သွေးလှူဒါန်းဆောင်ရွက်

**ဘားအံ မတ် ၂၆**

(၇၁)နှစ်မြောက်တပ်မတော်နေ့ကို ဂုဏ်ပြုသောအားဖြင့် ကရင်ပြည်နယ် ဘားအံခရိုင် လှာကာကျေးရွာအုပ်စု လှာကာအခြေခံပညာ အထက်တန်းကျောင်းနှင့် ကျောင်းပတ်ဝန်းကျင်သန့်ရှင်းသာယာလှပရေး စုပေါင်းသန့်ရှင်းရေးဆောင်ရွက်ခြင်းနှင့် ဘားအံမြို့ပြည်သူ့ဆေးရုံကြီး သွေးလှူဘဏ်၌ အရေးပေါ်သွေးလိုအပ်သော လူနာများအဆင်ပြေစေရန် အတွက်ရည်ရွယ်၍ (၁၀)ကြိမ်မြောက် စုပေါင်းသွေးလှူဒါန်းခြင်းကို အမှတ်(၂၂) လုံခြုံရေး ရဲတပ်ဖွဲ့ခွဲမှ တပ်ဖွဲ့ဝင်များသည် မတ် ၁၄ ရက်က စုပေါင်းဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ထိုသို့ ဆောင်ရွက်ရာတွင် အမှတ်(၂၂)လုံခြုံရေး ရဲတပ်ဖွဲ့ခွဲမှ တပ်ဖွဲ့ခွဲမှူး ယာယီဒုတိယရဲမှူးကြီး ထွန်းမြင့်ထွန်း ဦးစီး၍ တပ်ဖွဲ့ဝင်အရာရှိ၊ တပ်ဖွဲ့ဝင် ၁၃၃ ဦး၊ လှာကာကျေးရွာအုပ်စု အရန်မီးသတ်တပ်ဖွဲ့ဝင် ၁၀ ဦး၊ ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများနှင့် ကျေးရွာရပ်မိရပ်ဖများ ပူးပေါင်းကာ ကျောင်းနှင့် ကျောင်းပတ်ဝန်းကျင် သန့်ရှင်းသာယာ လှပရေးအတွက် ကျောင်းဝင်းအတွင်းနှင့် ကျောင်းပတ်ဝန်းကျင်ရှိ ချုံနွယ်များနှင့် အမှိုက်များကို စုပေါင်းရှင်းလင်းခဲ့ကြသည်။

ဆက်လက်၍ ဘားအံပြည်သူ့ဆေးရုံကြီး သွေးလှူဘဏ်၌ အမှတ်(၂၂) လုံခြုံရေးရဲတပ်ဖွဲ့ခွဲရှိ အမှတ်(၂) ရဲတပ်ခွဲမှရဲတပ်ဖွဲ့ဝင် ၃၅ ဦးသည် ဘားအံပြည်သူ့ဆေးရုံကြီးမှ လက်ထောက် ဆေးရုံအုပ် ဒေါက်တာ ဒေါ်နှင်းမြိုင် ဦးဆောင်၍ ဓာတ်ခွဲ ကျွမ်းကျင်အဆင့်(၂) ဒေါ်ချောဆုလပ်နှင့် အဖွဲ့သည်လိုအပ်သော ဆေးစစ်မှုများ ပြုလုပ်ကြပြီးနောက် စုပေါင်း သွေးလှူဒါန်းကြရာ ယခု (၁၀)ကြိမ်မြောက်တွင် ၃၃ ပုလင်းလှူဒါန်းနိုင်ခဲ့ပြီး၊ ယခင်(၉)ကြိမ်မြောက်အထိ သွေးပုလင်း ၄၅၀ လှူနိုင်ခဲ့ကာ စုစုပေါင်းသွေးလှူဒါန်းနိုင်မှု ၄၈၃ ပုလင်းကို ဘားအံမြို့ ပြည်သူ့ဆေးရုံကြီး သွေးလှူဘဏ်၌ ပြည်သူအကျိုးပြု ဆောင်ရွက်ပေးခြင်းဖြစ်ကြောင်း သိရသည်။ **နေမျိုးလွင်(ပြန်/ဆက်)**



# အမှတ်(၂) လုံခြုံရေးကွပ်ကဲမှုအဖွဲ့မှူးရုံးနှင့် လုံခြုံရေးရဲတပ်ဖွဲ့ခွဲများ စုပေါင်းသွေးလှူ

**ရန်ကုန် မတ် ၂၆**

အမှတ်(၂) လုံခြုံရေးကွပ်ကဲမှုအဖွဲ့မှူး ရဲမှူးချုပ် မြဝင်း ဦးဆောင်သော လုံခြုံရေးရဲတပ်ဖွဲ့ဝင်များသည် မတ် ၂၄ ရက် နံနက်ပိုင်းက မြောက်ဥက္ကလာပပြည်သူ့ဆေးရုံကြီး၌ အမှတ်(၇) လုံခြုံရေးရဲတပ်ဖွဲ့ခွဲမှ ရဲတပ်ဖွဲ့ဝင် ၄၈ ဦး၊ အမှတ် (၈) လုံခြုံရေးရဲတပ်ဖွဲ့ခွဲမှ ရဲတပ်ဖွဲ့ဝင် ၅၈ ဦး၊ အမျိုးသားသွေးဌာန၌ အမှတ်(၂) လုံခြုံရေး ရဲကွပ်ကဲမှုအဖွဲ့မှူးရုံးမှ တပ်ဖွဲ့ဝင်ခုနစ်ဦး၊ အမှတ် (၅) လုံခြုံရေးရဲတပ်ဖွဲ့ခွဲမှ ရဲတပ်ဖွဲ့ဝင် ၂၅ ဦး၊ အမှတ် (၆) လုံခြုံရေး ရဲတပ်ဖွဲ့ခွဲမှ ရဲတပ်ဖွဲ့ဝင် ၃၆ ဦး၊ သဃ်န်းကျွန်းစံပြဆေးရုံကြီး၌ အမှတ်(၃) လုံခြုံရေး ရဲတပ်ဖွဲ့ခွဲမှ ရဲတပ်ဖွဲ့ဝင် ၃၅ ဦး၊ အမှတ်(၉) လုံခြုံရေးရဲတပ်ဖွဲ့ခွဲမှ ရဲတပ်ဖွဲ့ဝင် ၁၂ ဦးတို့ စုပေါင်းသွေးလှူဒါန်းခဲ့ကြသည်။

အလားတူ မော်လမြိုင်ပြည်သူ့ဆေးရုံကြီး၌ အမှတ်(၁၅) လုံခြုံရေးရဲတပ်ဖွဲ့ခွဲမှ ရဲတပ်ဖွဲ့ဝင် ၅၅ ဦး၊ ဘားအံပြည်သူ့ဆေးရုံကြီး၌ အမှတ်(၂၂) လုံခြုံရေးရဲတပ်ဖွဲ့ခွဲမှ ရဲတပ်ဖွဲ့ဝင် ၃၅ ဦးတို့အပါအဝင် အမှတ်(၂) လုံခြုံရေး ရဲကွပ်ကဲမှု အဖွဲ့မှူးရုံးကွပ်ကဲမှုအောက်ရှိ ရဲတပ်ဖွဲ့ဝင် စုစုပေါင်း ၃၁၁ ဦးတို့ စုပေါင်းသွေးလှူဒါန်းခဲ့ကြသည်။

၂၀၁၅ ခုနှစ်မှ ၂၀၁၆ ခုနှစ် မတ် ၂၄ ရက်အထိ သွေးလှူဒါန်းမှုမှာ ရဲတပ်ဖွဲ့ဝင် စုစုပေါင်း ၄၂၄၅ ဦးရှိပြီဖြစ်ကြောင်းနှင့် အရေးပေါ် သွေးလိုအပ်ပါက နီးစပ်ရာလုံခြုံရေး ရဲတပ်ဖွဲ့ခွဲများသို့ ဆက်သွယ်ရယူနိုင်ကြောင်း သိရသည်။ **(သတင်းစဉ်)**



❐ ကျော်ဖုံးမှ

သံပြားလျှာထိုးရိုက်ခြင်းလုပ်ငန်းများကို မတ် ၂၃ ရက်မှစတင် ဆောင်ရွက်လျက်ရှိသည်။ ယင်းလုပ်ငန်းကို ဆည်မြောင်းဦးစီးဌာနတည်ဆောက်ရေး (၉) မှ လက်ထောက်အင်ဂျင်နီယာ ဦးမျိုးခင်(ဦးစီးအရာရှိ)နှင့်အဖွဲ့က ကြီးကြပ်ကာ Ji Piling ကုမ္ပဏီက ဟိုက်ဒရောလစ်ပါဝါ(ဖိအား)သုံး ပိုင်ရိုက်စက်ဖြင့် ဆောင်ရွက်နေခြင်းဖြစ်ကြောင်း သိရသည်။

ရေထိန်းနံရံ ရိုက်ခြင်းလုပ်ငန်းဆောင်ရွက်ရာတွင် မြေအောက်ပေ ၄၀ နှင့် မြေပေါ် ပေ ၂၀ သံပြားများဖြင့် အခိုင်အမာကာကွယ်တည်ဆောက်နေခြင်းဖြစ်ကြောင်း သိရသည်။ ရေထိန်းနံရံတည်ဆောက်ခြင်းနှင့် မြို့ပတ်ရေကာတာ အဆင့်မြှင့်တင်ခြင်းလုပ်ငန်းများကို အချိန်နှင့် တစ်ပြေးညီ အချိန်မီတည်ဆောက်ပြီးစီးစေရေး ကြိုးပမ်းတည်ဆောက်လျက်ရှိသည်။

ညောင်တုန်းမြို့ ၉ လမ်း၊ ၁၀ လမ်းနှင့် ၁၁ လမ်းနေရာများတွင် မြစ်ကမ်းပါးကာကွယ်ထိန်းသိမ်းရေးအတွက် အခိုင်အမာတည်ဆောက်ရေးလုပ်ငန်းများကို မြို့လူထုမှ အားရဝမ်းသာလျက်ရှိသော်လည်း ညောင်တုန်းမြို့ ၁၉ လမ်းမှ ၃၁ လမ်းအထိမြစ်ကမ်းမှာလည်း အောက်ခြေကမ်းပြိုမှုများဖြစ်နိုင်သဖြင့် မြို့လူထုမှာစိုးရိမ်ပူပန်မှုများရှိနေကြကြောင်း သိရသည်။ ယင်းနေရာများကို ပါကာကွယ်ထိန်းသိမ်းပေးရန်နှင့်စိတ်ချရသော ရေကာတာဖြစ်စေရေးအတွက် ဆောင်ရွက်ပေးရန်လိုလားနေကြကြောင်းသိရသည်။

**နေလင်း(ညောင်တုန်း)**

# တပ်မတော်နေ့ ဂုဏ်ပြုစုပေါင်းလုပ်အားပေး

**တနင်္သာရီ မတ် ၂၆**

(၇၁)နှစ်မြောက်တပ်မတော်နေ့ကို ဂုဏ်ပြုသောအားဖြင့် တနင်္သာရီတိုင်းဒေသကြီး တနင်္သာရီမြို့၏ ကျက်သရေဆောင် ရှေးဟောင်းသမိုင်းဝင် မြတ်ဝတ်ဆင်စေတီတော်ရင်ပြင်နှင့် ပရိဝုဏ်အတွင်း/အပြင် နံဘေးပတ်ပတ်လည် အတွင်းရှိ အမှိုက်သရိုက်များ၊ ချုံနွယ်များကို မတ် ၂၆ ရက် နံနက် ၇ နာရီက စတင်ကာ အမှတ်(၅၅၆)၊ (၅၅၇) (၅၅၈)၊ (၅၆၁) ခြေမြန်တပ်ရင်းများမှ တပ်ရင်းမှူးများ ဦးဆောင်၍ အရာရှိ စစ်သည်နှင့်ရဲမေ စုစုပေါင်းအင်အား ၄၀၀ ခန့်က စုပေါင်း၍ လုပ်အားဒါနကုသိုလ်ပြု ခုတ်ထွင်ရှင်းလင်းပေးခဲ့သည်။

ထိုသို့ တပ်မတော်သားများ စုပေါင်းလုပ်အားပေးဆောင်ရွက်နေမှုကို မြို့နယ်အုပ်ချုပ်ရေးမှူး ဦးထွန်းမင်းနိုင်နှင့် ဌာနဆိုင်ရာဦးစီးမှူးများက ကြည့်ရှုအားပေးကြပြီး မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနက ကောက်ညှင်းပေါင်းနှင့် လက်ဖက်ရည်ဖြင့် ကျွေးမွေးဧည့်ခံခဲ့ကြောင်း သိရသည်။

**နန်းသာရီ-ထိန်ဝင်း(ပြန်/ဆက်)**

# တီဘီရောဂါကာကွယ်တားဆီးရေး ဟောပြောမည်

**ရန်ကုန် မတ် ၂၆**

မြန်မာနိုင်ငံဆရာဝန်အသင်း (ရန်ကုန်တိုင်းဒေသကြီး)က ကြီးမှူး၍ ကမ္ဘာ့တီဘီရောဂါတိုက်ဖျက်ရေးနေ့အထိမ်းအမှတ်အဖြစ် မတ် ၂၉ ရက် နံနက် ၉ နာရီမှ ၁၁ နာရီအထိ ရန်ကုန်မြို့ မင်္ဂလာတောင်ညွန့်မြို့နယ် သိမ်ဖြူလမ်းရှိ မြန်မာနိုင်ငံ ဆရာဝန်အသင်းခန်းမဆောင်(အေ)၌ ဆေးတက္ကသိုလ်(၁) (ရန်ကုန်) ရင်ခေါင်းနှင့် အဆုတ်ရောဂါကုဌာန ပါမောက္ခ ဌာနမှူး ပါမောက္ခ ဦးဝင်းနိုင်နှင့် ရန်ကုန်တိုင်းဒေသကြီး တီဘီဆရာဝန်ကြီး ဒေါက်တာ ဒေါ်တင်မိမိခိုင်တို့က တီဘီရောဂါကာကွယ်တားဆီးရေးအကြောင်း သိကောင်းစရာများကို ဟောပြောကြမည်ဖြစ်ရာ မည်သူမဆို တက်ရောက်လေ့လာနိုင်ကြောင်း သိရသည်။ **ကိုချစ်**

*စာမျက်နှာ ၆ မှ*

ဝန်းကျင်တစ်ခွင်ရှိ သစ်ပင်များတွင် ရွက်ဟောင်းတို့ကြွေ၍ ရွက်သစ်တို့ဝေနေကြပြီ။ ရာသီပန်းများလည်း အစွမ်းကုန်ဖူးပွင့်နေကြသည်။ စင်စစ်အားဖြင့် သာယာလှပသောရာသီဖြစ်ပါသည်။

“နွေအလှက တို့နဲ့မဆိုင်ဘူး၊ ငိုင်မနေနဲ့” ဟု ရေတံခွန်ငယ်များနှင့် စိမ်းမြသော ချောင်းရေကိုဖြတ်ကူးစဉ် ပတ်ဝန်းကျင်အလှကို ငေးမောမိသည့်တပ်သားမိုးကျော်အား ၎င်း၏တပ်စိတ်မှူးဖြစ်သူ တပ်ကြပ်အမ်ဖော်ရိန်က စစ်ရေးသတိရှိဖို့ တီးတိုးပြောဆိုသံကို ကြားရသည်။ ထိုကဲ့သို့ သတိပေးသံက ပွင့်လင်းရာသီ သွားလမ်းလာလမ်းသာချိန်များတွင် စစ်ဆင်ရေးတာဝန်အများဆုံးပြုလုပ်ရလေ့ရှိသည့် တပ်မတော်သားဘဝကို အခံရခက်စေသည်။ သို့သော်လည်း တပ်မတော်သားတို့၏ ရင်ဖွင့်သံက ရိုးသားပွင့်လင်းသည်ဟု နားလည်လိုက်သည်။ ရက်ကြီးအခါကြီးများ၌ အများပြည်သူတို့ ပျော်ပွဲရွှင်ပွဲများဆင်ယင်ကျင်းပနေချိန်မျိုးတွင်ပင် မလွဲမရှောင်သာဘဲ စစ်ခင်းနေကြရသည်။

ယမန်နှစ် သင်္ကြန်ကာလကလည်း နိုင်ငံတစ်ဝန်းရှိပြည်သူများ ပျော်ရွှင်စွာ ရေကစားမှုနှင့် ကောင်းမှုကုသိုလ်ပြုလုပ်နေချိန်တွင် တရုတ်နိုင်ငံနှင့် ထိစပ်လျက်ရှိသည့် နယ်စပ်ဒေသ၌ နိုင်ငံတော်၏အချုပ်အခြာအာဏာကို ထိပါးနှောင့်ယှက်လာသည့် အန္တရာယ်ပေါ်ပေါက်ခဲ့သည်။

ထိုကဲ့သို့ နိုင်ငံ့အရေးကြုံတိုင်း တပ်မတော်သည် အချိန်၊ နေရာ၊ ရာသီဥတုမရွေး၊ တွန့်ဆုတ်နှောင့်နှေးမှုမရှိဘဲ ရင်ဆိုင်ခဲ့သည်။ တပ်မတော်သားတို့သည် သားစွန့်၊ မယားစွန့်ပြီး စစ်ဆင်ရေးတာဝန်ကို ကာလကြာရှည်ထွက်ခွာထမ်းဆောင်ကြရသည်။ ခြေ၊ လက်၊ ကိုယ်အင်္ဂါမှစ၍ အသက်ခန္ဓာကိုပင် စွန့်လွှတ်ပေးဆပ်ဝံ့သူများဖြစ်ကြပါသည်။

“ဂျိမ်း” ဆိုသည့် မိုင်းကွဲသံက လက်နက်ကြီးပစ်ခတ်သံနှင့် ဗုံးသီးကျရောက်ပေါက်ကွဲသံများကို ဖုံးလွှမ်းသွားသည်။ ရှေ့တန်းတပ်စိတ်မှ ရဲဘော်တစ်ဦးမိုင်းထိကြောင်းသိရပြီးနောက် လက်ဆင့်ကမ်းပွေ့ထုတ်လာသော တပ်သားမိုးကျော်ကို ယာဘက်ခြေထောက်၌ ဒူးအောက်မှ ပြတ်တောက်ဒဏ်ရာဖြင့် တွေ့မြင်လိုက်ရသည်။ မြင်ကွင်းက မလှပ။ နွေဥသြသံချိုနှောမှုကိုလည်းမကြားရ၊ ခါနွေဆန်းတပေါင်းလ၏ နွေဦးသရုပ်သဏ္ဍာန်တို့ ညစ်နွမ်းရပြီ။ စစ်၏အနိဋ္ဌာရုံများပင်။

“ပစ်ကူရပ်ပြီ၊ ပစ်တက်တက် ကျားထိုး” ဟူသော စစ်မိန့်သံနှင့်အတူ တပ်မတော်သားတို့၏ “ကျား” “ကျား” ဟူသည့် ကြုံးဝါးသံများက ရန်သူစခန်းတစ်ခုလုံးကိုလွှမ်းမိုးသွားသည်။ ကြိုတင်ပေါင်းစပ်ညှိနှိုင်းထားသော ရက်စွဲနှင့်အချိန်များဖြစ်သည့် (ယ)ရက်နှင့် (န)နာရီတွင် လက်နက်ကြီး ပစ်ကူရပ်သည်နှင့် ရန်သူ့စခန်းတောင်ကုန်းထိပ်အနီးတွင် ချဉ်းကပ်ထားသည့် တပ်မတော်သားများက ရန်သူကိုအနီးကပ်တိုက်ခိုက်မှုဖြင့် စခန်းသိမ်းတိုက်ပွဲဆင်နွှဲလိုက်ခြင်းဖြစ်သည်။

“အောင်ပြီ၊ အောင်ပြီ၊ အောင်ပြီ . . . ဟေ့” ဆိုသည့် ကြွေးကြော်သံများက ယမ်းငွေ့များကြားမှ ထွက်ပေါ်လာပြီး ရှမ်းမြောက်တစ်ခွင်မှသည် မိုးယံသို့လွင့်ပျံ့သွားသည်။ “(၇၁)နှစ်မြောက် တပ်မတော်နေ့အတွက် ကျွန်တော်တို့တပ်ရဲ့ ဂုဏ်ပြုလက်ဆောင်ကို ပေးလိုက်နိုင်ပါပြီ”ဟု ဗိုလ်စောလာထော်ဝါးက ဆက်သွယ်ရေးစက်ဖြင့် သတင်းပို့လာသည်။

ရန်သူခြေကုပ်ယူ တပ်စွဲထားသောတောင်ကုန်းကို တပ်မတော်က သိမ်းပိုက်လိုက်ပြီး စခန်းကုန်းထိပ်ရှိ ရန်သူ၏ ပစ်ကတုတ်ဘန်ကာပေါ်၌ နိုင်ငံတော်အလံလွှင့်ထူလိုက်သည်ကို လှမ်းမြင်ရပြီ။ နိုင်ငံတော်အလံကို ချွေးသွေးတို့ပေစွန်းနေသော လက်အစုံဖြင့် ကျစ်လျစ်စွာ ကိုင်တွယ်ထိန်းသိမ်းစိုက်ထူထားသော တပ်ကြပ်ကြီး ထန်းဟာ၏ လက်အစုံမှာလည်း ပြေလျော့လာရာမှ တဖြည်းဖြည်းနှင့် ငြိမ်သက်သွားသည်။

**“ငါ့နိုင်ငံတော်၊ ငါ့နိုင်ငံသား၊ ငါ့တပ်မတော်အတွက် ငါ၏အသက်ကို စွန့်လွှတ်ရန် အဓိဋ္ဌာန်ပြုပါ၏”** ဆိုသည့် တပ်မတော်သားတို့၏ နေ့စဉ်နံနက်နှင့် ညနေတိုင်း ရွတ်ဆိုလျက်ရှိသော သစ္စာအဓိဋ္ဌာန်(၄)ချက်မှ နောက်ဆုံးအချက်က စိတ်အစဉ်ကို လွှမ်းမိုးသွားသည်။ ဒို့တာဝန်အရေးသုံးပါးနှင့် ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ရန်အတွက် တပ်မတော်သားများသည် ခြေလက်ကိုယ်အင်္ဂါအစိတ်အပိုင်းမှစ၍ အသက်ခန္ဓာအထိ ပေးဆပ်စွန့်လွှတ် စတေးခံဝံ့ကြသော တုနိုင်းဖွယ်ရာမရှိသည့် မြင့်မြတ်သော ဂုဏ်ဒြပ်ပင်ဖြစ်သည်။

“တို့နိုင်ငံရဲ့ ပကတိလိုအပ်ချက်က တည်ငြိမ်အေးချမ်းရေး၊ စည်းလုံးညီညွတ်ရေးနဲ့ ဖွံ့ဖြိုးတိုးတက်ရေးရရှိဖို့ပဲ။ အဲဒါတွေရရှိဖို့ တို့တပ်မတော်ဟာ နိုင်ငံတော်အစိုးရ၊ လွှတ်တော်များ၊ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနဲ့ ပူးပေါင်းဆောင်ရွက်နေတယ်”ဟု တပ်မတော်အကြီးအကဲ၏ မှာကြားချက်ကို ထပ်ဆင့်ရှင်းပြခဲ့သည့် တပ်ရင်းမှူး၏ စစ်ထွက်မိန့်ခွန်းကို ပြန်လည်အမှတ်ရလာသည်။

ယမ်းငွေ့များက လွင့်ပြယ်သွားပြီး မြင်ကွင်းလည်းရှင်းလာသည်။ ပန်းသဇင်ရနံ့နှင့်အတူ သရဖီ၊ အင်ကြင်းပန်းရနံ့တို့ အပြိုင်ရောနှောပျံ့လွင့်လာသည်။ ဆောင်း၏ပန်းရနံ့များ မပျက်ပြယ်သေးဘဲ နွေပန်းရနံ့များက သင်းပျံ့လာခြင်းဖြစ်သည်။ ဆောင်းပြောင်းနွေဦးကာလ သဘာဝအလှ၏ အဓိပ္ပာယ်သည် ပိုမိုပြည့်စုံနေတော့သည်။ ။

# နိုင်ငံတကာစံချိန်စံညွှန်းမီ နှလုံးနှင့်သွေးကြောပိုက်သွင်းစမ်းသပ်၊ ကုသစက်နှင့် မွေးကင်းစကလေး အထူးကြပ်မတ်ကုသဆောင်ဖွင့်

ရန်ကုန် မတ် ၂၆

**နိုင်ငံတကာ စံချိန်စံညွှန်းများနှင့်အညီ နှလုံးနှင့်သွေးကြောပိုက်သွင်းစမ်းသပ်၊ ကုသစက်နှင့် မွေးကင်းစကလေး အထူးကြပ်မတ်ကုသဆောင်တို့ကို ယနေ့ နံနက် ၈ နာရီက ခုတင် ၅၅၀ ဆံ့ ရန်ကုန်မြို့ကလေးဆေးရုံကြီး(ရန်ကင်း)၌ ဖွင့်လှစ်ခဲ့သည်။ ကျန်းမာရေးဝန်ကြီးဌာနသည် နိုင်ငံတော် ဘဏ္ဍာငွေဖြင့် ရန်ကင်းကလေးဆေးရုံကြီးတွင် Infection Control အတွက် အဆင့်အတန်းမြင့်သည့် ခေတ်မီစက်ကိရိယာများ တပ်ဆင်ထားသော (Neonata IICU) တစ်ခုကို တည်ဆောက်ပေးခဲ့ကာ မွေးကင်းစကလေးလူနာများကို ခေတ်မီနည်းစနစ်၊ ကိရိယာများဖြင့် ကုသမှုပေးနိုင်အောင်ဆောင်ရွက်ပေးခဲ့ခြင်းဖြစ်ကြောင်း သိရသည်။**

**သတင်း - ဝင်းဝင်းမော်၊ မြတ်စန္ဒီ**
**ဓာတ်ပုံ - ရဲထွဋ်**

ထို့အပြင် နှလုံးနှင့် သွေးကြောပိုက်သွင်း စမ်းသပ်၊ ကုသစက်ကို အသုံးပြု၍နှလုံးရောဂါဝေဒနာရှင် ကလေးငယ်များကို သွေးကြောမှတစ်ဆင့် နှလုံးထိရောက်အောင် Catheter ထည့်ပြီး နှလုံး၏ကျဉ်းနေသော အပေါက်များကို ဘောလုံးထည့်၍ ချဲ့ပေးခြင်း၊ Septal Defect များကို ဖာထေးပေးခြင်းတို့ကို ဆောင်ရွက်ကုသပေးနိုင်ပြီဖြစ်ကြောင်း သိရသည်။


ဒေါက်တာ ခင်မောင်ဦး


ပါမောက္ခ
ဒေါက်တာ ဖြူဖြူဦး


မဇင်ပွင့်အောင်

**ဒေါက်တာ ခင်မောင်ဦး**
**ကလေးနှလုံးရောဂါအထူးကုဆရာဝန်ကြီး**
**ရန်ကင်းကလေးဆေးရုံကြီး**

"ကလေးနှလုံးရောဂါလို့ဆိုရာမှာ အများအားဖြင့် မွေးရာပါနှလုံးရောဂါတွေ၊ နှလုံးအခန်း ချို့ယွင်းနေတာ၊ နှလုံးမှာသွေးကြော အပိုဖြစ်နေတာ၊ အဆို့ရှင်မကောင်းတာ အစရှိတဲ့ Septal Defect တွေကို ဆေးပေးပြီးတော့ ပျောက်ကင်းအောင်ကုသပေးလို့မရပါဘူး။ Septal Defect ပြင်ပြီး ကုမှသာ ရေရှည်မှာ ကလေးတွေအတွက် ရောဂါကင်းပြီး အသက်အန္တရာယ်ကင်းမှာ ဖြစ်ပါတယ်။ အရင်တုန်းကတော့ နှလုံးကိုခွဲစိတ်ပြီး ကုသခဲ့ရတယ်။ နှလုံးမှာ အပေါက်ဖြစ်နေတယ်ဆိုရင် ဖာရတယ်။ ဒါပေမယ့် မွေးရာပါ နှလုံးရောဂါလူနာတွေက ခွဲပေးနိုင်တာထက် လူနာဦးရေပိုမိုများပြားပြီး ဒီဆေးရုံမှာ တန်းစီဇယားနဲ့ စောင့်ရတာကြောင့် လူနာတွေဘက်က အဆင်မပြေတာတွေ ဖြစ်လာတယ်။ သွေးကြောအပိုဖြစ်နေတယ်ဆိုလည်း သွေးကြောကိုဖြတ်ရတယ်။ အခုဆိုရင် နိုင်ငံတကာမှာ မခွဲစိတ်တော့ဘူး။ အခုနှလုံးပိုက်သွင်းစမ်းသပ်စက်နဲ့ ပေါင်ကနေ သွေးလွှတ်သွေးပြန်ကြောကတစ်ဆင့် ပိုက်ထည့်ပြီး နှလုံးနဲ့အဆုတ်ထဲမှာရှိတဲ့ သွေးဖိအားကို တိုင်းပြီးခွဲဖို့ လိုမလိုအဖြေထုတ်ပေးနိုင်ပြီ။ အရင်ကဆိုရင် တစ်ခါတစ်ရံကုသမှုနှောင့်နှေးတာကြောင့် အသက်အန္တရာယ်ဖြစ်လာတယ်။ မွေးရာပါ နှလုံးရောဂါဝေဒနာရှင်တွေက နောက်ကျမှ ဆေးရုံရောက်လာတာကြောင့် စမ်းသပ်ရခက်ခဲပြီး နှလုံးခွဲစိတ်ဆရာဝန်တွေက မခွဲစိတ်နိုင်တော့ဘဲ ဒီအတိုင်းထားလိုက်ရတဲ့ အဖြစ်အပျက်မျိုးတွေရှိခဲ့တာကြောင့် အခုလိုနိုင်ငံတကာအဆင့်မီ ထိရောက်စွာကုသမှုပေးနိုင်အောင် နိုင်ငံတော်နဲ့ ကျန်းမာရေးဝန်ကြီးဌာနရဲ့ကူညီပေးမှုကြောင့် ၂၀၁၅ ခုနှစ် မေလမှာ နှလုံးပိုက်သွင်းစမ်းသပ်၊ ကုသစက်ကို စတင်တပ်ဆင်ခဲ့ပြီး ဩဂုတ် ၂၄ ရက်မှာ စတင်အသုံးပြုရာမှ ၂၀၁၆ ခုနှစ် မတ်လအထိ လူနာဦးရေ ၁၅၈ ဦးကို ကုသပေးနိုင်ခဲ့တယ်။ ဒါကြောင့် မိဘတွေကို အသိပေးလိုတာကမွေးရာပါ ကလေးနှလုံးရောဂါဝေဒနာရှင်တွေကို ကုသတဲ့အခါ ဒီဆေးရုံက တတ်စွမ်းသရွေ့ နိုင်ငံတကာအဆင့်မီ ဆောင်ရွက်ပေးနေပါတယ်။ ကျန်းမာရေးစောင့်ရှောက်မှုတွေကို ပိုမိုတိုးမြှင့်သွားဖို့အတွက် အစီအစဉ်တွေရှိပါတယ်"ဟု ဆိုသည်။

**ပါမောက္ခ ဒေါက်တာ ဖြူဖြူဦး၊ တာဝန်ခံဆရာဝန်ကြီး**
**မွေးကင်းစကလေး အထူးကြပ်မတ်ကုသဆောင်**
**ရန်ကင်းကလေးဆေးရုံကြီး**

"မွေးကင်းစကလေးဆောင်ဆိုတာ နဂိုကတည်းက ရှိပြီးသားပါ။ အခုကမွေးကင်းစကလေး အထူးကြပ်မတ်ကုသဆောင်ဆိုပြီး တိုးချဲ့ဖွင့်လှစ်တာပါ။ မြန်မာပြည် အနယ်အနယ်အရပ်ရပ်ကကလေးတွေ ဒီဆေးရုံကို လွှဲပြောင်းကုသပေးဖို့ရောက်လာတဲ့ ကလေးတွေကို လက်ခံကုသပေးတာဖြစ်ပါတယ်။ အဖြစ်များတာက မွေးကင်းစကလေး အသားဝါခြင်း၊ သေးငယ်သောကလေး၊ သန္ဓေလမစေ့ဘဲမွေးဖွားတာကြောင့် ကလေးကိုယ်အလေးချိန် မပြည့်ခြင်း၊ အထူးသဖြင့် အသက်ရှူလမ်းကြောင်း ပြဿနာ၊ မိခင်ဝမ်းကထွက်ထွက်ချင်း ရေမွန်းတဲ့ကလေး၊ ရေမြွှာပေါက်ပြီးအသက်မရှူနိုင်တဲ့ကလေး အစရှိတဲ့ရောဂါတွေပါ။

နိုင်ငံတော် ထောက်ပံ့မှုနဲ့ စက်ပစ္စည်းကိရိယာတွေ၊ နည်းပညာထောက်ပံ့မှုတွေကြောင့် ကလေးလူနာတွေကို တိုးတက်အောင်ကုသပေးနိုင်ပါတယ်။ ဒီလိုဖြစ်တဲ့လူနာဦးရေများပြားလာတယ်။ အရေးအကြီးဆုံးက ရောဂါပိုးဝင်တာပဲ။ မိခင်ဝမ်းကထွက်ခါစဆိုတော့ ရောဂါပိုးဒဏ်၊ ပတ်ဝန်းကျင်ရဲ့အပူအအေးဒဏ်ကို မခံနိုင်ဘူး။ အနယ်နယ်အရပ်ရပ်ကဆိုတော့လည်း ရောဂါပိုးပါလာတဲ့ ကလေးတွေလည်းရှိတော့ ကူးစက်မှုမရှိအောင်၊ ဒါ့အပြင်မွေးဖွားတဲ့ ရာဇဝင်အနေအထားပေါ်မူတည်ပြီး သတ်မှတ်ထားတဲ့ အခန်းတွေမှာ ခွဲထုတ်ပြီးထားတယ်။ ကလေးအများစုကတော့ ကျန်းမာတဲ့ကလေးတွေများပေမယ့် အနည်းစုကတော့ အခုလို ကုသမှုပေးနေရတယ်။ လူနာရှင်တွေကို ကလေးသူငယ်ကျန်းမာရေးစောင့်ရှောက်မှုနဲ့ ပတ်သက်တဲ့ အသိပညာတွေပေးရတယ်။ ဒါကြောင့် သူတို့ကို ဘယ်လိုထိန်းသိမ်းစောင့်ရှောက်ရမယ်။ အိမ်မှာမွေးတာတွေလည်း ရှိတော့ သန့်ရှင်းအောင်ဘယ်လိုမွေးရမယ်။ မွေးလာပြီး ရောဂါပိုးမရအောင် ဘယ်လိုထားရမယ်။ ကလေးတစ်ယောက် ကျန်းမာလား မကျန်းမာလားဆိုတာ ကြည့်တတ်ရမယ်။ ဒါဆိုရင်ကလေးတွေအသက်ရှင်သန်ဖို့ အခွင့်အလမ်းတွေ ပိုပြီးတော့ ထောက်ပံ့ပေးနိုင်မယ်လို့ ယူဆတယ်။ နောက်ပြီးတော့ တစ်ပြည်လုံးအတိုင်းအတာနဲ့ ဆရာဝန်တွေ၊ သူနာပြုတွေကို သင်တန်းတွေပေးခြင်းဖြင့် သက်ဆိုင်ရာဒေသကို ရောက်ရှိရင်ပိုမိုနားလည်ပြီး အဆင်ပြေမှာပါ။ ကျန်းမာရေး ပညာပေးတာတွေ ပြည်သူလူထုကို များများဖြန့်စေချင်တယ်။ အခုဆေးရုံတက်လာတဲ့ အမေတစ်ယောက်ကို မေးကြည့်ရင်သိပ်မသိဘူး။ ဒါမျိုးတွေ တွေ့နေရတယ် ကျန်းမာရေးနဲ့ပတ်သက်ပြီး သိစေချင်တယ်။ တစ်ကိုယ်ရေသန့်ရှင်းမှု ဘယ်လိုနေရမယ်၊ မွေးဖွားလာရင်သန့်ရှင်းအောင် နေထိုင်ပုံ၊ ကလေးတွေ ဘယ်လိုအခြေအနေဆိုရင် ဆေးရုံကိုလာရမယ် အစရှိတဲ့ ကျန်းမာရေးအသိ မိခင်တွေ၊ မိသားစုဝင်တွေကိုသိရှိဖို့ လိုအပ်နေပါတယ်" ဟု ပြော သည်။

**မဇင်ပွင့်အောင်၊ အသက်(၂၀ နှစ်)**
**ဒဂုံအရှေ့ပိုင်းမြို့နယ် ရွာသာကြီး ကလေးလူနာ၏မိခင်**

"ကျွန်မက ကလေးမီးဖွားပြီးတာ လေးရက်ရှိပါပြီ။ သဘာဝအတိုင်း အိမ်မှာပဲ မွေးခဲ့ပါတယ်။ ကျွန်မရဲ့ခန္ဓာကိုယ်ကို နနွင်းလိမ်းထားတာကြောင့် ကလေးအသားဝါတယ်ထင်တာပါ။ မနေ့ကစပြီး ကလေးက နို့မစို့နိုင်တာကြောင့် ဆေးရုံလာခဲ့တော့ ဆေးရုံတက်ရမယ်လို ပြောပါတယ်။ ဒီဆေးရုံက ကလေးအတွက် ကျန်းမာရေးစောင့်ရှောက်မှု ပိုမိုပေးနိုင်တယ်လိုသိရတာကြောင့် ရောက်လာခဲ့တာပါ"ဟု ဆိုသည်။

မြန်မာနိုင်ငံအနေဖြင့် ကုလသမဂ္ဂ၏ ထောင်စုနှစ်ရည်မှန်းချက်တွင်ပါဝင်သည့် မိခင်နှင့်ကလေးများသေဆုံးမှုလျှော့ချရေးကို စီမံချက်များချမှတ်ဆောင်ရွက်လျက်ရှိရာ အဆိုပါရန်ကင်းကလေးဆေးရုံကြီးတွင် မွေးကင်းစကလေးလူနာများနှင့် မွေးရာပါနှလုံးရောဂါဝေဒနာရှင် ကလေးလူနာများကို ခေတ်မီနည်းစနစ်များဖြင့် ထိထိရောက်ရောက် ကုသမှုများ ဆောင်ရွက်နိုင်ပြီဖြစ်ကြောင်း သိရသည်။

ကျန်းမာရေးဝန်ထမ်းများအနေဖြင့် လူနာများကို နွေးထွေးစွာဆက်ဆံပြီး ထိရောက်စွာ ကုသမှုပေးရန်နှင့် ဝေဒနာရှင်ကလေးငယ်များ၏ အသက်ကိုကယ်တင်ပေးရန်၊ ရောဂါသက်သာပျောက်ကင်းအောင် စေတနာထားကုသပေးရန် အဆိုပါအခမ်းအနားတွင် ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက တိုက်တွန်းပြောကြားခဲ့သည်။


မန္တလေး မင်္ဂလာဈေး မီးဘေးသင့်ဆိုင်ခန်းပိုင်ရှင်များအား မဲစနစ်ဖြင့်နေရာချထားပေးရန် ဆောင်ရွက်နေစဉ်။

❖ *ကျော်ဖုံးမှ*

"ပျံကျဈေးသည်တွေ အတွက် နေ့စဉ်ဝင်ငွေရဖို့ လိုအပ်တဲ့အတွက် အခုနေရာကို ယာယီဈေးအဖြစ် ရောင်းချနိုင်အောင် စီစဉ်ပေးခဲ့တာပါ။ ကျန်တဲ့အတည်တကျဆိုင်တွေ အတွက်ကိုလည်း မကြာခင်မှာပဲ ဆိုင်ခန်းနေရာတွေကို ဆက်လက်ချထားပေးဖို့ စီစဉ်နေပါတယ်" ဟု မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီဝင်(၂) ဦးရွှေဝင်းက ပြောသည်။

ယခုဖွင့်လှစ်ပေးသည့် ယာယီဈေးနေရာတွင် ပျံကျဆိုင်ခန်းပေါင်း ၂၅၅ ခန်းကို တစ်ဆိုင်လျှင် ခြောက်ပေပတ်လည် အကျယ်အဝန်းဖြင့် ရောင်းချသည့် ပစ္စည်းအမျိုးအစားလိုက် A အုပ်စုမှ G အုပ်စုအထိ ခွဲခြား၍နေရာချထားပေးခဲ့သည်။

"အခုလိုယာယီဈေးဆိုင်ခန်းတွေ အမြန်ချထားပေးတဲ့အတွက် ကျွန်မတို့ဈေးသည်တွေအနေနဲ့ ဝမ်းသာကျေနပ်ပါတယ်။ တစ်နေ့ကုန်ရောင်းချခွင့်ပေးဖို့ တောင်းဆိုပါတယ်။ နောက်ပြီး ယာယီဈေးကနေ ဈေးသစ်ဖွင့်နိုင်အောင်လည်း အမြန်ဆုံး ဆောင်ရွက်ပေးစေလိုပါတယ်"ဟု ကုန်စိမ်းဈေးသည် ဒေါ်မြလေးက ပြောသည်။

အဆိုပါယာယီဈေးတွင် ပျံကျဈေးသည်များဖြစ်သည့် ကုန်စိမ်း၊ သစ်သီး၊ ကုန်ခြောက်၊ သား/ငါး၊ လေလံ(ဝက်၊ ဆိတ်၊ အမဲနှင့် စားသောက်ဆိုင်)တို့ဖြစ်ပြီး ကုန်စိမ်းနှင့်သစ်သီးရောင်းချဆိုင် ၁၁၅ ဆိုင်၊ ကုန်ခြောက်ရောင်းချဆိုင် ၇၆ ဆိုင်၊ သား/ငါးရောင်းချဆိုင် ၄၁ ဆိုင်၊ လေလံ(ဝက်၊ ဆိတ်၊ အမဲ) ရောင်းချဆိုင် ငါးဆိုင်နှင့် စားသောက်ဆိုင် ၁၈ ဆိုင်ဖြစ်ကြောင်း သိရသည်။

# ကချင်ပြည်နယ်၌ သန်းခေါင်စာရင်းဆိုင်ရာ အချက်အလက်များ အသုံးပြုရေး အလုပ်ရုံဆွေးနွေးပွဲများကျင်းပ

**မြစ်ကြီးနား မတ် ၂၆**

ကချင်ပြည်နယ် ပူတာအိုခရိုင်နှင့် မိုးညှင်းခရိုင်တို့တွင် ၂၀၁၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းမှ ကောက်ယူရရှိသည့် သန်းခေါင်စာရင်းဆိုင်ရာ အချက်အလက်များအသုံးပြုရေး အလုပ်ရုံဆွေးနွေးပွဲကို ပူတာအိုခရိုင် ပူတာအိုမြို့ ကျန်းမာရေးဦးစီးဌာနခန်းမ၌ မတ် ၁၄ နှင့် ၁၆ ရက်၊ မိုးညှင်းခရိုင် မိုးညှင်းမြို့ စိမ်းလဲ့ရတနာခန်းမ၌ မတ် ၂၁ ရက်နှင့် ၂၃ ရက်တို့က ကျင်းပခဲ့ကြောင်း သိရသည်။

အဆိုပါ အလုပ်ရုံဆွေးနွေးပွဲသို့ ဌာနဆိုင်ရာများ၊ သန်းခေါင်စာရင်း ကော်မတီဝင်များ၊ လူမှုရေးအသင်းအဖွဲ့များနှင့် ပူတာအိုခရိုင်အတွင်း မြို့နယ်များမှ သင်တန်းသား ၅၂ ဦး၊ မိုးညှင်းခရိုင်အတွင်းရှိ မြို့နယ်များမှ သင်တန်းသား ၆၀ တို့ တက်ရောက်ခဲ့ကြပြီး လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန နေပြည်တော်ရုံးချုပ်မှ ဒုတိယညွှန်ကြားရေးမှူး ဦးရဲနောင်၊ ပြည်သူ့အင်အားဦးစီးဌာန ဦးစီးအရာရှိ ဒေါ်မွေးကြည်ကြည်ခင်၊ လူဝင်မှုကြီးကြပ်ရေးမှူး ဒေါ်အေးကျော့ခိုင်နှင့် CSO မှ ဦးစိုင်းဝင်းအောင်တို့က ခရိုင်နှစ်ခုအတွင်း ဆွေးနွေးပို့ချခဲ့ကြောင်း သိရသည်။

**(မြန်မာ့အလင်း)**



# အညာသီဟတောမြတ်စွာဘုရား ရွှေဆင်းတုတော် ဒေသစာရီကြွချီရာမှ ပြန်လည်ပင့်ဆောင် ပူဇော်ခံရောက်ရှိ

**စစ်ကိုင်း မတ် ၂၆**

သမိုင်းဝင် အညာသီဟတောမြတ်စွာဘုရား ရွှေဆင်းတုတော် ဒေသစာရီကြွချီရာမှ ပြန်လည်ပင့်ဆောင်ရာ မတ် ၂၅ ရက် မွန်းလွဲ ၁ နာရီက စစ်ကိုင်းမြို့ ပန်းဘဲတန်းရပ် ရတနာစေတီဆင်များရှင်ဘုရားအရှေ့ဘက်မုခ် ဂန္ဓကုဋိတိုက်၌ ယာယီပူဇော်ခံ ရောက်ရှိတော်မူသည်။



ထိုသို့ ရောက်ရှိစဉ် စစ်ကိုင်းခရိုင် စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးကျော်မင်းညို ဦးဆောင်သော ခရိုင်/မြို့နယ်အဆင့် တာဝန်ရှိသူများနှင့် ကြည်ညိုဖူးမြော်သူအပေါင်းက ပန်း၊ ရေချမ်း၊ ဆီမီးနှင့် အလှူငွေများ ကပ်လှူပူဇော်ပြီး မွန်းလွဲ ၂ နာရီခွဲတွင် တာဝန်ယူပင့်ဆောင်လာသည့် ရွှေဘိုမြို့နယ် စီမံခန့်ခွဲမှုကော်မတီ၊ မြို့နယ်ရဲတပ်ဖွဲ့မှူးတို့နှင့် စစ်ကိုင်းခရိုင်မှ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မြို့နယ် စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက ဆက်လက်ပင့်ဆောင်သွားသည်။

အညာသီဟတောမြတ်စွာဘုရား ရွှေဆင်းတုတော်အား မန္တလေးတိုင်းဒေသကြီး ရွှေကျီးမြင်ဘုရားမှ စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုခရိုင် ခင်ဦးမြို့နယ်အတွင်းရှိသော သမိုင်းဝင် အညာသီဟတောဘုရားပွဲကျင်းပစဉ် အညာဒေသရှိ ပြည်သူအများ ဖူးမြော်ကြည်ညိုနိုင်ရန်အတွက် တပေါင်းလဆန်း ၆ ရက်မှ စတင်ပင့်ဆောင်လာပြီး လပြည့်နေ့အထိထားရှိကာ တပေါင်းလပြည့်ကျော် ၁ ရက်တွင် ခင်ဦးမြို့မှ ရွှေဘိုမြို့သို့ ပင့်ဆောင်ကာ ချမ်းသာကြီး ချမ်းသာရဘုရား၌ တစ်ရက်တာ ပူဇော်ခံထားရှိပြီး ထိုမှတစ်ဆင့် စစ်ကိုင်းမြို့သို့ ပူဇော်ခံရောက်ရှိ၍ မူလကိန်းဝပ်ပူဇော်ခံသည့် မန္တလေးမြို့ ရွှေကျီးမြင်ဘုရားသို့ ဆက်လက်ပင့်ဆောင် ပူဇော်ခံထားရှိသွားမည်ဖြစ်ကြောင်း ဂေါပကအဖွဲ့ဝင်တစ်ဦးထံမှ သိရသည်။

**မျိုးဝင်း(စစ်ကိုင်း)**

# သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်ရ မွန်ဆရာတော် လေးပါးတို့အား ထပ်ဆင့်ဂုဏ်ပြုပူဇော်

**ရန်ကုန် မတ် ၂၆**

၂၀၁၆ ခုနှစ် သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်များ ဆက်ကပ်ပူဇော်ခံရရှိတော်မူသည့် မွန်ဆရာတော် လေးပါးတို့အား မွန်သာသနာတော်ထောက်ပံ့ရေးကော်မတီ(ရန်ကုန်)က ကြီးမှူး၍ ထပ်ဆင့်ဂုဏ်ပြုပူဇော်ပွဲကို မတ် ၂၄ ရက် မွန်းလွဲ ၁ နာရီတွင် ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့နယ် ရွှေတိဂုံဘုရားလမ်းရှိ မွန်ဓမ္မာရုံ၌ ကျင်းပသည်။

အခမ်းအနားတွင် မွန်သာသနာတော်ထောက်ပံ့ရေးကော်မတီ(ရန်ကုန်) ဥက္ကဋ္ဌ နိုင်ချစ်ဖေက ထပ်ဆင့်ပူဇော်ပွဲကျင်းပရခြင်းကို လျှောက်ထားပြီး မွန်လူငယ်မောင်မယ်များက ဆရာတော်ကြီးများ၏ ထေရုပ္ပတ္တိကို ဖတ်ကြားပူဇော်ကြသည်။

ယင်းနောက် အဂ္ဂမဟာပဏ္ဍိတ ဘွဲ့တံဆိပ်တော်ရ ဘဒ္ဒန္တဝေပုလ္လ(ကျိုက်သီမွန်စာသင်တိုက် ဗဟန်းမြို့နယ် ရန်ကုန်မြို့)၊ မဟာဂန္ထဝါစက ပဏ္ဍိတ ဘွဲ့တံဆိပ်တော်ရ ဘဒ္ဒန္တစန္ဒာသိရီ(ဘုရားကျောင်းစာသင်တိုက် နိုင်းပြိုင်ရွာ မုဒုံမြို့)၊ အဂ္ဂမဟာသဒ္ဓမ္မ ဇောတိကဓဇ ဘွဲ့တံဆိပ်တော်ရ ဘဒ္ဒန္တဝါရိန္ဒ(ဘုရားကြီးကျောင်းတိုက် ရှင်စောပုရပ်ကွက် ကျိုက်မရောမြို့)နှင့် မဟာသဒ္ဓမ္မဇောတိကဓဇ ဘွဲ့တံဆိပ်တော်ရ ဘဒ္ဒန္တယသ (ရွှေကျင် သရက်ကုန်းတောရကျောင်းတိုက် ကျုံဖဲကျေးရွာ ဘားအံမြို့နယ်)တို့အား အလှူရှင်များက လှူဖွယ်ဝတ္ထုပစ္စည်းများဖြင့် ဆက်ကပ်လှူဒါန်းကြသည်။

**ကိုချစ်**

# ဓမ္မာစရိယစာမေးပွဲ တတိယနေ့ကျင်းပ

**နေပြည်တော် မတ် ၂၆**

သာသနာရေးဝန်ကြီးဌာနက ကြီးမှူးကျင်းပသည့် ၂၀၁၆ ခုနှစ် ဓမ္မာစရိယ စာမေးပွဲကို မတ် ၂၆ ရက် (တတိယနေ့)၌ နိုင်ငံတစ်ဝန်းလုံးရှိ စာဖြေဌာန ၅၁ ဌာနတွင် စာဖြေသံဃာတော်များနှင့် သီလရှင်များ စာရင်းသွင်း ၁၅၈၃၂ ပါးအနက် ၁၁၉၈၇ ပါး ဖြေဆိုကြသဖြင့် ၇၅ ဒသမ ၇၁ ရာခိုင်နှုန်း ဖြေဆိုကြကြောင်း သာသနာရေးဦးစီးဌာနမှ သိရသည်။ **(သတင်းစဉ်)**



**ရန်ကုန်မြို့ စမ်းချောင်းမြို့နယ်လုံးဆိုင်ရာ စုဋ္ဌဘွဲ့နှင်းသဘင်အခမ်းအနားကို မတ်လတတိယပတ်က စမ်းချောင်းမြို့နယ် ဗားကရာကျောင်းတိုက် ရွှေတောင်တိုက်သစ်စာသင်တိုက်၌ ကျင်းပရာ မြို့နယ်သံဃနာယကအဖွဲ့ ဥက္ကဋ္ဌ ရွှေတောင်တိုက်သစ်စာသင်တိုက် ပဓာနနာယက ဆရာတော် ဘဒ္ဒန္တထေရဝံသာဘိဝံသက အဖွင့်ဩဝါဒကထာ မိန့်ကြားစဉ်။**

ဘော်ဂါသွေး

# ဘွဲ့တံဆိပ်တော်ရ ဆရာတော်ကြီးနှစ်ပါးအား ဂုဏ်ပြုကြိုဆို

**တောင်ငူ မတ် ၂၆**

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အစိုးရက သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်မြတ်ကို ဆက်ကပ်ပူဇော်ခံ ရရှိတော်မူသော တောင်ငူမြို့မှ ဆရာတော်ကြီးနှစ်ပါးကို တောင်ငူမြို့ဒေသခံများ၊ ဒါယကာဒါယိကာမများ၊ ဘာသာရေးအသင်းအဖွဲ့များ စုပေါင်းကာ မတ် ၂၄ ရက်က အုတ်တွင်းမြို့နယ်အထွက်မှ စတင်၍ တောင်ငူမြို့အတွင်း လှည့်လည်ကြိုဆို ပူဇော်ခံသည်။ **(အောက်ပုံ)**

အဂ္ဂမဟာပဏ္ဍိတ ဘွဲ့တံဆိပ်တော်ရ ပဲခူးတိုင်းဒေသကြီး တောင်ငူမြို့ (၁၈)ရပ်ကွက် ကြာနီကန်စာသင်တိုက်ဆရာတော် ဘဒ္ဒန္တသူရိယ(ဂန္ထဝါစကပဏ္ဍိတ အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ)သည် သက်တော်(၆၇)နှစ် သိက္ခာတော် (၄၇)ဝါရှိပြီဖြစ်သည်။ ယခုအခါတွင် ဆရာတော်သည် နိုင်ငံတော် ဗဟိုသံဃာ့ဝန်ဆောင်၊ ပထမပြန်၊ ဓမ္မာစရိယ၊ နိကာယ် စာမေးပွဲ အထူးကြီးကြပ်ရေးဆရာတော်အဖြစ် သာသနာ့တာဝန်များကို ထမ်းဆောင်လျက်ရှိသည်။

ထိုသို့ သာသနာ့အကျိုးကို သယ်ပိုးဆောင်ရွက်တော် မူခဲ့သော ဆရာတော်အား ၂၀၁၆ ခုနှစ် ဇန်နဝါရီ ၄ ရက်တွင် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အစိုးရက ဆက်ကပ်လှူဒါန်းသော "အဂ္ဂမဟာပဏ္ဍိတ" ဘွဲ့တံဆိပ်တော်ကို ရရှိတော်မူခဲ့သည်။



ထို့အတူ အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတဘွဲ့တံဆိပ်တော်ရ ပဲခူးတိုင်းဒေသကြီး တောင်ငူမြို့ (၁၄)ရပ်ကွက် မြစည်းခုံစာသင်တိုက် ဆရာတော် ဘဒ္ဒန္တဝိမလသာရသည် သက်တော် (၆၄)နှစ် သိက္ခာတော် (၄၄)ဝါရှိပြီဖြစ်သည်။ ယခုအခါတွင် ဆရာတော်သည် တိုင်းဒေသကြီး ဝိနည်းဓိုရ်ဆရာတော်အဖြစ် သာသနာ့တာဝန်များကို ထမ်းဆောင်လျက်ရှိသည်။

ထိုသို့ သာသနာ့အကျိုးကို သယ်ပိုး ဆောင်ရွက်တော်မူခဲ့သော ဆရာတော်အား ၂၀၁၆ ခုနှစ် ဇန်နဝါရီ ၄ ရက်တွင် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အစိုးရက ဆက်ကပ်လှူဒါန်းသော "အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ" ဘွဲ့တံဆိပ်တော်ကို ရရှိတော်မူခဲ့ကြောင်း သိရသည်။

**သူရ(တောင်ငူ)**

**လှိုင်း အသင့် အတင့် ရှိမည်**

**နေပြည်တော် မတ် ၂၆** မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာန ထုတ်ပြန်ချက်အရ မြန်မာ့ပင်လယ်ပြင် အခြေအနေမှာ လှိုင်းအသင့်အတင့်ရှိမည်။ **(မြန်မာ့အလင်း)**

# ပိုက်ကျော်ခြင်းပြိုင်ပွဲနှင့် ရိုးရာခြင်းလုံးခတ်ပြိုင်ပွဲ ကျင်းပ

**မန္တလေး မတ် ၂၆**

အာရှအိုလံပစ်ခြင်းလုံးအဖွဲ့ချုပ်ဥက္ကဋ္ဌ၊ မြန်မာနိုင်ငံ ပိုက်ကျော်ခြင်းအဖွဲ့ချုပ်ဥက္ကဋ္ဌနှင့် ဝေရောစန ကျောက်စိမ်းစေတီတော် ဂေါပကအဖွဲ့တို့ ကြီးမှူး၍ ကျောက်စိမ်းစေတီတော် ဗုဒ္ဓပူဇနိယပွဲတော်အထိမ်းအမှတ် ပိုက်ကျော်ခြင်းပြိုင်ပွဲနှင့် ရိုးရာခြင်းလုံးခတ်ပြိုင်ပွဲ၊ ခြင်းကြီးအတော့ပြိုင်ပွဲကို မတ် ၁၈ ရက်မှ ၂၃ ရက်အထိ ကျောက်စိမ်းစေတီတော်အနီးရှိ ခြင်းလုံးအားကစားရုံ၌ ကျင်းပရာ ပိုက်ကျော်ခြင်းပြိုင်ပွဲတွင် ပြိုင်ပွဲဝင် ၂၇ သင်း၊ လေးပေါက်တန်းခြင်းလုံးခတ်ပြိုင်ပွဲတွင် ပြိုင်ပွဲဝင် ကိုးသင်း၊ ခြင်းကြီးအတော့ မဟာဒူး၊ တည့်ဖဝါးနှင့် စလွယ်ကြီးအတော့ ပြိုင်ပွဲတို့တွင် ပြိုင်ပွဲဝင် ၆၀ နီးပါး ပါဝင်ယှဉ်ပြိုင်ကြကြောင်း သိရသည်။

ပြိုင်ပွဲအပြီး ဆုချီးမြှင့်ပွဲကို မတ် ၂၄ ရက်က ကျင်းပရာ ခြင်းကြီး အတော့ပြိုင်ပွဲမှ မဟာဒူးမောင်ဆုရ ပိုးကိုကို(မန္တလေးတိုင်းဒေသကြီးအသင်း)၊ တည့်ဖဝါးအတော့ပြိုင်ပွဲတွင် တည့်ဖဝါးမောင်ဆုရ ကျန်းမာသုခကလပ်(ရန်ကုန်)အသင်းမှ ဇော်လင်းမောင်၊ စလွယ်ကြီးအတော့ပြိုင်ပွဲတွင် စလွယ်ကြီးမောင်ဆုနှင့် အကောင်းဆုံးဆုရ မန္တလေးတိုင်းဒေသကြီးအသင်းမှ ငြိမ်းချမ်းဦးတို့နှင့် အသက် ၂၅ နှစ်နှင့်အောက် လေးပေါက်တန်း အမျိုးသားခြင်းလုံးခတ်ပြိုင်ပွဲတွင် တတိယဆုရ တော်ဝင် ဝမ်းတွင်းအသင်း၊ ဒုတိယဆုရ မန္တလေးတိုင်းဒေသကြီးအသင်းနှင့် ပထမဆုရ ကျန်းမာသုခအသင်း(ရန်ကုန်)တို့ကို ဥက္ကဋ္ဌ ဦးစိုးနိုင်ကိုယ်စား ကျောက်စိမ်းစေတီတော် ဂေါပကအတွင်းရေးမှူး ဦးမောင်မောင်ဦးက ဆုတံဆိပ်နှင့်ဆုငွေများ ပေးအပ်ချီးမြှင့်သည်။ **(ယာပုံ)**



ထို့နောက် အမျိုးသားပိုက်ကျော်ခြင်းပြိုင်ပွဲတွင် နှစ်သိမ့်ဆုရ ပြည်ထဲရေး(ဂ)အသင်း၊ တတိယဆုရ ကြယ်တံခွန်အသင်း၊ ဒုတိယဆုရ ပြည်ထဲရေး(ခ)အသင်းနှင့် ပထမဆုရ ဆန်းညွှန့်(က)အသင်းတို့ကို အဖွဲ့ချုပ်ဥက္ကဋ္ဌကိုယ်စား တွဲဖက်အတွင်းရေးမှူး ဦးဇော်ဇော်က ဆုငွေများ၊ ဆုတံဆိပ်များနှင့် ဂုဏ်ပြုဆုများ ချီးမြှင့်ပြီး ရိုးရာခြင်းလုံးထူးချွန် အကောင်းဆုံး အတော့ဆုရရှိသူများနှင့် ပိုက်ကျော်ခြင်းပြိုင်ပွဲမှ ပထမ၊ ဒုတိယဆုရ အသင်းမှ ထူးချွန်သူနှစ်ဦးတို့ကို ကမ်ဘိုဆိုင်ကယ်တစ်စီးစီ ချီးမြှင့်ပေးအပ်ခဲ့ကြောင်း သိရသည်။

**တင်မောင်(မန်းကိုယ်ပွား)**



# အပြောအရေးကွာဟမှုများ (၄)

မောင်ခင်မင်(ဓနုဖြူ)

"မတြာဝက်သရ လို့ခေါ်တဲ့ အသံတစ်ဝက်ပဲ ထွက်ရတဲ့ သရသံအကြောင်း အရင်အပတ်က ပြောလက်စထင်တယ်"

"ဟုတ်ကဲ့ဆရာ။ 'အလုပ်' တို့၊ 'အက' တို့မှာပါတဲ့ 'အ' သရသံမျိုးမဟုတ်လားဆရာ။ အဲဒီ 'အ' သရနဲ့တွဲတဲ့ စကားလုံးတွေ မြန်မာစကားမှာ တော်တော်များတယ်နော်"

"ဟုတ်တယ်။ဒါကြောင့် အဲဒီလို 'အ' သရတွဲတဲ့ စကားလုံးတွေအကြောင်း ခြုံမိအောင်လေ့လာကြည့်ဖို့လိုလိမ့်မယ်"

"ဟုတ်ပါတယ် ဆရာ"

"အဲဒီအသံတစ်ဝက်ထွက်ရတဲ့ 'အ' သရကို တခြားစကားလုံးရဲ့ရှေ့မှာ ဆက်ရလို့ ရှေ့ဆက်လို့ခေါ်တယ်။ ခုဆရာတို့ ပြောနေတဲ့စကားလုံးမျိုးက 'အ' ရှေ့ဆက်တွဲတဲ့ နှစ်သံတွဲစကားလုံးတွေနော်"

"ဟုတ်ပါတယ် ဆရာ"

"အဲဒီနှစ်သံတွဲတွေမှာကိုပဲ တွဲတဲ့ပုံစံအမျိုးမျိုး ရှိတာပေါ့။ ခုပြောတဲ့ 'အက' တို့၊ 'အလုပ်' တို့ဆိုရင် 'အ' နောက်ကလိုက်တဲ့စကားလုံးတွေက ဘယ်လိုစကားလုံးတွေလဲကွယ်"

" 'အ' နောက်ကလိုက်တဲ့ 'လုပ်' တို့၊ 'က' တို့၊ 'ပြော' တို့ဟာ ကြိယာတွေပါ ဆရာ"

"မြန်မာစကားမှာ ကြိယာရှေ့က 'အ' ရှေ့ဆက်တွဲရင် နာမ်စကားလုံးဖြစ်သွားရောလေ။ 'အ-+ကြိယာ= နာမ်' လို့ ပုံသေနည်းနဲ့ပြလို့ရတယ်။ ရေးတဲ့အခါ 'အ' ကို ရှေ့ဆက်မှန်းသိအောင် နောက်က-ကလေး ထည့်ပြရတယ်။ အဲဒီ-နေရာမှာ ကြိယာတစ်ခုခု လိုက်နိုင်တယ်ပေါ့။ မြန်မာစကားမှာ အသံတစ်သံပဲ ထွက်တဲ့ကြိယာတွေ အများကြီးပဲလေ။ ဧကဝဏ္ဏကြိယာ လို့ ခေါ်တာပေါ့။ အဲဒီ ဧကဝဏ္ဏကြိယာရှေ့က 'အ' ရှေ့ဆက်တွဲပြီး နာမ်စကားလုံးတွေအများကြီး လုပ်လို့ရတယ်"

"အပြော၊ အရေး၊ အနေ၊ အစား၊ အဝတ်ဆိုတဲ့ စကားလုံးမျိုးတွေပေါ့နော်ဆရာ"

"ဟုတ်တယ်။ နောက်တစ်မျိုးက 'အသံ' ကို နှစ်လုံးတွဲမျိုးပဲ။ 'အ' ရှေ့ဆက်ရဲ့နောက်က 'သံ' က ကြိယာ မဟုတ်ဘူး။ ဒါကြောင့် 'အက' တို့၊ 'အတီး' တို့နဲ့ ပုံစံမတူဘူး"

" 'အသံ' မှာ 'သံ' က ဘာပါလဲဆရာ"

" 'သံ' က နာမ်ပဲပေါ့။ ဒါပေမယ့် 'သံ' လို့ တစ်လုံးတည်းမရပ်တည်နိုင်ဘူးမဟုတ်လား။ 'အသံ' ကို 'သံ' လို့တစ်လုံးတည်းသုံးရင် 'အသံ' အဓိပ္ပာယ်မဟုတ်တော့ဘဲ သံချောင်းတို့၊ သံတုံးတို့ ဖြစ်နေမှာပေါ့။ ရှေ့က 'အ' ရှေ့ဆက်တွဲပြီး 'အသံ' လို့ သုံးချင်သုံး။ ဒါမှမဟုတ် ရှေ့က တခြားစကားလုံးတွဲပြီး 'တေးသံ' တို့၊ 'လေသံ' တို့ ဆိုတာမျိုး သုံးချင်သုံးပေါ့။ 'သံ' တစ်လုံးတည်းတော့ သီးခြားမရပ်တည်နိုင်ဘူးလေ။ တခြားစကားလုံးနဲ့ တွဲမှ ရပ်တည်နိုင်တဲ့နာမ်မျိုးပဲ"

"ဟုတ်ကဲ့ပါ။ 'အသံ' လို တခြားစကားလုံးတွေလည်း ရှိမှာပေါ့နော် ဆရာ"

"ရှိတာပေါ့။ 'အနံ့၊ အပင်၊ အရွက်၊ အရိုး၊ အခန်း၊ အမြစ်၊ အသား'ဆိုတဲ့ စကားလုံးမျိုးတွေပေါ့။ ပုံသေနည်းထုတ်ရင်တော့ 'အ-+ သီးခြားမရပ်တည်နိုင်သောနာမ် = နာမ်' လို့ ထုတ်နိုင်ပါတယ်"

"ဟုတ်ကဲ့ပါ"

"အဓိကကတော့ အဲဒီပုံစံနှစ်မျိုးပဲ။ 'အ'ရှေ့ဆက်တွဲတဲ့ နှစ်သံတွဲသာဓကတွေ သားတို့သမီးတို့ လေ့လာကြည့်ကြပေါ့"

"ဟုတ်ကဲ့ပါ"

" 'အ'ရှေ့ဆက်နောက်က စကားတစ်လုံးကို နှစ်ကြိမ်ထပ်ပြီးစကားလုံးဖွဲ့တဲ့ပုံစံလည်းရှိတယ်။ 'အမြို့မြို့၊ အရွာရွာ' ဆိုတဲ့ ပုံစံမျိုးပေါ့"

" 'အနယ်နယ်၊ အရပ်ရပ်၊ အပြည်ပြည်' ဆိုရင်လည်းဒီပုံစံပေါ့နော်"

"ဟုတ်ပ။ အဲဒီလိုပဲ 'အသီးသီး၊ အဖန်ဖန်၊ အထပ်ထပ်၊ အကြိမ်ကြိမ်' ဆိုတဲ့စကားလုံးတွေလည်း အကျုံးဝင်တာပေါ့"

" 'အထူးထူး၊ အဆန်းဆန်း' ဆိုတာတွေလည်းပါနိုင်တာပေါ့နော်"

"ဟုတ်တယ်။'အ' ရှေ့ဆက်ရဲ့နောက်က စကားလုံးဟာ နာမ်လည်းဖြစ်နိုင်တယ်။ ကြိယာလည်း ဖြစ်နိုင်တယ်။ 'အမြို့မြို့'ဆိုရင် 'မြို့' က နာမ်ပဲ။ 'အထပ်ထပ်' ကျတော့ 'ထပ်'က ကြိယာလေ"

"ဒီပုံစံနဲ့ ဖွဲ့ထားတဲ့စကားလုံးတွေ တစ်စုစုကြည့်ပါမယ် ဆရာ"

"ဟုတ်ပါပြီ။ နောက်တစ်မျိုးက နှစ်သံတွဲ ကြိယာကိုတစ်သံစီရဲ့ ရှေ့က 'အ' ရှေ့ဆက်နှစ်ခု တစ်ပြိုင်တည်း တွဲတဲ့ပုံစံပေါ့။ ဆိုပါတော့ကွယ်။ 'ကူညီ' ဆိုတဲ့ နှစ်သံတွဲကြိယာကို ရှေ့က 'အ' တွဲရင်ဘယ်လိုတွဲမလဲ"

" 'အကူအညီ' လို့တွဲရမှာပါ ဆရာ"

"ဟုတ်တယ် 'ကူ'ရှေ့က 'အ' တစ်လုံး၊ 'ညီ' ရှေ့က 'အ' တစ်လုံး၊ ရှေ့ဆက်နှစ်လုံးကို တစ်ပြိုင်တည်းတွဲရတယ်။ အဲဒီပုံစံနဲ့ ဖွဲ့စည်းထားတဲ့ စကားလုံးတွေလည်း တော်တော်များများရှိတာပေါ့။ သားတို့သမီးတို့ စဉ်းစားပြီး ပြောကြည့်ပါ"

"ဟုတ်ကဲ့ပါ။ 'အကူအညီ'နဲ့ ပုံစံတူတဲ့ စကားလုံးဖွဲ့ပုံတွေက 'အစည်းအဝေး'၊ 'အခက်အခဲ'၊ 'အကျပ်အတည်း' ဆိုတဲ့စကားလုံးမျိုးတွေပါ ဆရာ"

" 'အကြံအစည်၊ အတွေးအခေါ်၊ အလေ့အထ' ဆိုတာတွေလည်း ပါမယ်ထင်ပါတယ် ဆရာ"

"ဟုတ်ပါပြီ။ အဲဒီလို 'အ' ရှေ့ဆက်နှစ်လုံး တစ်ပြိုင်တည်းတွဲတဲ့ စကားလုံးတွေကိုလည်း သီးသန့်စုထားဖို့ လိုမယ်ထင်တယ်နော်"

"ဟုတ်ကဲ့ပါ ဆရာ"

"တစ်ခုတော့ရှိတယ်။ 'အ' ရှေ့ဆက်နှစ်လုံးတွဲတဲ့ စကားလုံးတွေက ပုံစံတူပေမယ့် သဘောချင်းမတူတာတွေ ရှိတယ်ကွဲ့"

"ဘယ်လိုမတူတာပါလဲ ဆရာ"

"အသေးစိတ်လွန်းရင် သားတို့သမီးတို့ ရှုပ်ကုန်မှာစိုးလို့ သဘောလောက်ပဲပြောပါ့မယ်။ ကိုယ့်ဟာကိုယ်ဆက်ပြီး စူးစမ်းကြပေါ့။ 'အစည်းအဝေး' လို စကားလုံးမျိုးကို 'အစည်း' နဲ့ 'အဝေး' ခွဲပြီးသုံးလို့မရဘူး မဟုတ်လား။ တစ်ဆက်တည်းသုံးရတယ်လေ"

"ဟုတ်ကဲ့ပါ"

" 'အကြံအစည်' လို စကားလုံးမျိုးကျတော့ 'အကြံ' လို့ ခွဲသုံးလို့ရတယ်။ 'အကြံပေးတယ်'၊ 'သူ့အကြံက' ဆိုတာမျိုးလေ။ 'အစည်' ကိုတော့ အဲဒီလို ခွဲသုံးလို့မရဘူးလေ"

"ဟုတ်ပါတယ် ဆရာ"

"အဲ. . . 'အနီးအဝေး' ဆိုတာမျိုးကျတော့ 'အနီး' ရော၊ 'အဝေး' ရော သီးသန့်ခွဲသုံးလို့ရတယ် မဟုတ်လား။ အဲဒီလိုအသေးစိတ်လေ့လာပြီးတော့ မျိုးတူတာချင်း တစ်ခုစီစုထားရင် ကောင်းတာပေါ့"

"ဟုတ်ကဲ့ပါ"

"ပြီးတော့ ဆရာတို့ စဆွေးနွေးတဲ့အကြောင်းအရာကိုမျက်ခြည်ပြတ် မသွားနဲ့ဦး။ 'အ' လို့ ရေးထားပေမယ့် အသံအပြည့်မထွက်ရဘဲ အသံတစ်ဝက်ပဲ ထွက်ရတဲ့ ကွာဟချက်အရ အသံတစ်ဝက်ပဲ ထွက်တဲ့ စကားလုံးတွေကို သီးသန့်ခွဲကြည့်နေတာ မဟုတ်လား"

"ဟုတ်ပါတယ် ဆရာ"

"တစ်ဆက်တည်းပြောချင်တာက အ-ရှေ့ဆက် နှစ်လုံးလိုပဲ တစ်ပြိုင်တည်းဆက်ရတဲ့ အသံတစ်ဝက်ပဲ ထွက်တဲ့ တခြားရှေ့ဆက်တွေ အများကြီးရှိသေးတယ် ဆိုတာပဲ"

"ဟင် . . . ဘယ်လိုစကားလုံးတွေပါလဲ ဆရာ"

"ကဲ. . . အစဉ်အတိုင်း စဉ်းစားကြည့်ရအောင်။ 'က' နှစ်လုံးတစ်ပြိုင်တည်းဆက်တဲ့ စကားလုံးတွေက စမယ်။ အသံအပြည့်မထွက်ဘဲ တစ်ဝက်သာထွက်တဲ့ 'က. . . က. . . ' နှစ်လုံးတွဲတာတွေပေါ့"

"သမီးတို့ သတိမထားမိပါဘူး ဆရာ"

" 'ကချော်ကချွတ်' ဆိုတဲ့ စကားကို ကြားဖူးမှာပေါ့"

"ကြားဖူးပါတယ် ဆရာ"

"အဲဒီစကားလုံးမှာ 'ချော်' နဲ့ 'ချွတ်' က အရင်းခံပဲ။ 'တိမ်းချော်တယ်'၊ 'ချွတ်ယွင်းတယ်' ဆိုတဲ့အဓိပ္ပာယ်ပေါ့။ အဲဒီစကားနှစ်လုံးရှေ့က 'က' နှစ်လုံးတွဲလိုက်တော့ 'ကချော်ကချွတ်' ဖြစ်လာတာပေါ့"

"သြော်. . . ဟုတ်ကဲ့ပါ ဆရာ"

"အဲဒီလိုပဲ 'ကတုန်ကယင်' တို့၊ 'ကတိမ်းကပါး' တို့၊ 'ကန္တဲ့ကလျ' တို့လိုစကားလုံးတွေ အများကြီးပေါ့။ ဒီစကားလုံးတွေကို ခွဲကြည့်ရင် 'တုန်ယင်၊ တိမ်းပါး၊ နွဲ့လျ' ဆိုပြီးအရင်းခံစကားလုံးတွေပေါ်လာတယ်။"

"ဟုတ်ကဲ့ပါ"

"တချို့စကားလုံးတွေကျတော့ အရင်းခံစကားလုံးရဲ့ အဓိပ္ပာယ်တွေက ငုပ်နေတတ်တယ်။ အဓိပ္ပာယ်ကောက်ရတာမလွယ်ဘူး။ 'ကစဉ့်ကလျား၊ ကပိုကရို၊ ကမန်းကတန်း၊ ကလေကချေ' ဆိုတာမျိုးတွေပေါ့။ ဒါပေမယ့် စကားလုံးပုံစံကို ကြည့်ရုံနဲ့ 'က' ရှေ့ဆက်နှစ်လုံးတစ်ပြိုင်တည်း ဆက်ထားတယ်ဆိုတာ သိနိုင်တယ်လေ။ တခြားစကားလုံးတွေလည်း ရှိပါတယ်။ သားတို့ သမီးတို့ ရှာကြည့်ကြစမ်းပါ"

"ဟုတ်ကဲ့ပါ ဆရာ"

**▲" 'သံ' က နာမ်ပဲပေါ့။ ဒါပေမယ့် 'သံ' လို့ တစ်လုံးတည်းမရပ်တည်နိုင်ဘူးမဟုတ်လား။ 'အသံ' ကို 'သံ' လို့ တစ်လုံးတည်းသုံးရင် 'အသံ' အဓိပ္ပာယ် မဟုတ်တော့ဘဲ သံချောင်းတို့၊ သံတုံးတို့ ဖြစ်နေမှာပေါ့။ ရှေ့က 'အ' ရှေ့ဆက်တွဲပြီး 'အသံ' လို့ သုံးချင်သုံး။ ဒါမှမဟုတ် ရှေ့က တခြားစကားလုံးတွဲပြီး 'တေးသံ' တို့၊ 'လေသံ' တို့ ဆိုတာမျိုး သုံးချင်သုံးပေါ့။ 'သံ' တစ်လုံးတည်းတော့ သီးခြားမရပ်တည်နိုင်ဘူးလေ။ တခြားစကားလုံးနဲ့တွဲမှ ရပ်တည်နိုင်တဲ့နာမ်မျိုးပဲ'**

# ၂၀၁၅ ခုနှစ် မိုးစပါး၊ နွေစပါးရာသီတွင် ထူးချွန်စွာဆောင်ရွက်ခဲ့သူများအား ဆုချီးမြှင့်

**ပဲခူး မတ် ၂၆**

ပဲခူးတိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာနရုံး အစည်းအဝေးခန်းမ၌ မတ် ၂၆ ရက်က ပဲခူးတိုင်းဒေသကြီးအတွင်း ၂၀၁၅ ခုနှစ် မိုးစပါး၊ နွေစပါး ရာသီတွင် ထူးချွန်စွာဆောင်ရွက်ခဲ့သူများအား ဆုချီးမြှင့်ခြင်း အခမ်းအနားကျင်းပသည်။

ရှေးဦးစွာ တိုင်းဒေသကြီး စိုက်ပျိုးရေးနှင့်မွေးမြူရေးဝန်ကြီး ဦးတင်စိုးက အမှာစကားပြောကြားသည်။ ထို့နောက် တိုင်းဒေသကြီးဝန်ကြီး၊ တိုင်းဒေသကြီးဦးစီးမှူးနှင့် တာဝန်ရှိသူများက တောင်သူဆု၊ မိုးစပါး GAP စနစ်ဖြင့် စိုက်ပျိုးထုတ်လုပ်မှုအကောင်းဆုံးမြို့နယ်ဆု၊ မိုးစပါးပုလဲသွယ် စိုက်ပျိုးထုတ်လုပ်မှုနှင့် မျိုးစေ့ဖိုးငွေကျပ်သိန်း ၄၅၀ အထက်ကောက်ခံပေးသွင်းမှု အကောင်းဆုံးမြို့နယ်ဆုနှင့် ငွေကျပ်သိန်း ၂၅၀ အထက် ကောက်ခံပေးသွင်းမှု အကောင်းဆုံးမြို့နယ်ဆု၊ မိုးစပါး၊ နွေစပါး ပုလဲသွယ်စိုက်ပျိုးထုတ်လုပ်မှုလျာထားချက် ကျော်လွန်စွာစိုက်ပျိုးမှု အကောင်းဆုံးမြို့နယ်ဆု၊ မိုးစပါးစံပြကွက်စိုက်ပျိုးထုတ်လုပ်မှု အကောင်းဆုံးဝန်ထမ်းဆု၊ မိုးစပါးစမ်းသပ်ကွက် စိုက်ပျိုးထုတ်လုပ်မှုအကောင်းဆုံး ဝန်ထမ်းဆု၊ မိုးစပါးပုလဲသွယ်မျိုးစေ့ဖြန့်ဖြူးမှုနှင့် စိုက်ပျိုးထုတ်လုပ်မှု အကောင်းဆုံး ဝန်ထမ်းဆု၊ နွေစပါးပုလဲသွယ် မြို့နယ်လုံးကျွတ် စိုက်ပျိုးထုတ်လုပ်မှုအကောင်းဆုံး ဝန်ထမ်းဆု၊ သင်တန်းထူးချွန်ဝန်ထမ်းနှင့် ဘက်စုံဝန်ထမ်းထူးချွန်ဆုရရှိသူများအား ဆုများပေးအပ်ချီးမြှင့်သည်။

ပဲခူးတိုင်းဒေသကြီးတွင် ၂၀၁၅-၂၀၁၆ ခုနှစ်၌ မိုးစပါးဧက ၂၇ သိန်း ၆ သောင်းကျော်၊ နွေစပါးဧက ၂၇၀၀၀၀ စုစုပေါင်းငွေကျပ်သိန်း ၃၀ နှင့် သုံးသောင်းခန့်စိုက်ပျိုးထုတ်လုပ်ပြီး အထွက်နှုန်းအားဖြင့် ၇၈ ဒသမ ၁၄ တင်းနှုန်း ထွက်ရှိကြောင်း သိရသည်။

**တင်စိုး(ပဲခူး)**



**ပဲခူးတိုင်းဒေသကြီး သာယာဝတီခရိုင် နတ်တလင်းမြို့နယ် လဲတောကျေးရွာသို့ မတ် ၂၅ ရက်က ဒေသနေပြည်သူများ သောက်သုံးရေအခက်အခဲမရှိစေရန် မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဒုတိယဦးစီးမှူး ဦးဝင်းမြင့်ထွန်းနှင့် ဝန်ထမ်းများ၊ ပြည်သူများအား သောက်သုံးရေပေးဝေကြစဉ်။**

တင်မြင့်(နတ်တလင်း)

# အရန်သားဖွားသင်တန်းဆင်းပွဲ ကောလင်း၌ ကျင်းပ

**ကောလင်း မတ် ၂၆**

ကျေးလက်နေ ကိုယ်ဝန်ဆောင်မိခင်များနှင့် ဒေသခံပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုပေးနိုင်စေရန်ရည်ရွယ်၍ စစ်ကိုင်းတိုင်းဒေသကြီးအစိုးရနှင့် UNOPS ရန်ပုံငွေဖြင့်ဖွင့်လှစ်သော စေတနာ့ဝန်ထမ်း အရန်သားဖွားသင်တန်းဆင်းပွဲကို မတ် ၂၆ ရက် နံနက် ၁၀ နာရီက ကောလင်းမြို့နယ် ကျန်းမာရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ထို့နောက် ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးမောင်မောင်ချိုက အမှာစကားပြောကြားသည်။ အဆိုပါ သင်တန်းကို စာတွေ့သုံးလ၊ လက်တွေ့ သုံးလ စုစုပေါင်းခြောက်လကြာ ပို့ချခဲ့ပြီး သင်တန်း သူ ၁၀ ဦး တက်ရောက်ခဲ့ကြောင်း သိရသည်။

**အောင်ကျော်စိုး(ကောလင်း)**

# လိုင်စင်မဲ့အရက်ရောင်းချသော ဆိုင်များကို ကော့သောင်းမြို့တွင် စစ်ဆေးအရေးယူ

**ကော့သောင်း မတ် ၂၆**

မကြာမီရောက်ရှိတော့မည့် မြန်မာ့ရိုးရာ သင်္ကြန်ပွဲတော်ကာလအတွင်း အရက်သေစာ သောက်စားမူးယစ်မှုကြောင့် ခိုက်ရန်ဖြစ်ပွားခြင်းကဲ့သို့သော ရာဇဝတ်မှုများနှင့် ယာဉ်တိုက်မှုကဲ့သို့ မတော်တဆမှုများ၊ မလိုလားအပ်သည့် မှုခင်းနှင့် ပြဿနာများဖြစ်ပွားမှု လျော့နည်းကျဆင်းရေးအတွက် တနင်္သာရီတိုင်းဒေသကြီး ကော့သောင်းမြို့နယ်အတွင်းရှိ အရက်ဆိုင်များကို မတ် ၂၅ ရက်က စစ်ဆေးခဲ့ကြောင်း သိရသည်။

မြို့နယ်အတွင်း လိုင်စင်မဲ့ရောင်းချနေသော အရက်ဆိုင်များနှင့် လိုင်စင်ရှိသော အရောင်းဆိုင်များတွင် လိုင်စင်ပါ စည်းကမ်းချက်များနှင့် ညီညွတ်မှုရှိ မရှိတို့ကို ကော့သောင်းမြို့နယ်ရဲတပ်ဖွဲ့မှ တာဝန်ရှိသူများက လိုက်လံစစ်ဆေးခဲ့ခြင်းဖြစ်ရာ ရွှေပြည်သာရပ်ကွက်အတွင်း၌ တရားမဝင်လိုင်စင်မဲ့ အရက်များ ရောင်းချနေသည့် အရက်ဆိုင်နှစ်ဆိုင်မှ ပြည်တွင်းဖြစ် လိုင်စင်မဲ့ အရက်မျိုးစုံ ၂၇၈ ပုလင်းကို ဖော်ထုတ်ရရှိကြောင်းနှင့် ရောင်းချသည့်ဆိုင်ပိုင်ရှင်များအား ယစ်မျိုးဥပဒေဖြင့် ဆက်လက်အရေးယူဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**ကျော်စိုး(ကော့သောင်း)**

# မြို့မဈေး၌ မီးဘေးကာကွယ်ရေး သရုပ်ပြလေ့ကျင့်

**အင်းတော် မတ် ၂၆**

စစ်ကိုင်းတိုင်းဒေသကြီး အင်းတော်မြို့ မြို့မဈေးကြီး၌ မီးဘေးကာကွယ်ရေး ဇာတ်တိုက်လေ့ကျင့်မှုများကို မြို့နယ်မီးသတ်ဦးစီးဌာနက ဦးဆောင်၍ မတ် ၂၅ ရက်က ပြုလုပ်ခဲ့ကြသည်။

"ကျွန်တော်တို့ အင်းတော်မြို့အနေနဲ့ မီးဘေးကြိုတင်ကာကွယ်ရေးလုပ်ငန်းတွေကို နှစ်စဉ်ဆောင်ရွက်လျက်ရှိပါတယ်။ အင်းတော်မြို့အနေနဲ့ မီးဘေးအန္တရာယ်ကြုံတွေ့ခဲ့ရတာ ၁၉၇၂ ခုနှစ်မှာ တစ်ကြိမ်၊ ၂၀၀၅ ခုနှစ်မှာ တစ်ကြိမ် အဆိုးရွားဆုံးအနေနဲ့ ကြုံတွေ့ခဲ့ရပါတယ်။ ဒီလိုမီးဘေးမျိုး မကြုံတွေ့နိုင်ဖို့ ဇာတ်တိုက်လေ့ကျင့်ပေးတာ ဒီနှစ်ထဲမှာ ဒီတစ်ကြိမ်နဲ့ပါဆို သုံးကြိမ်ရှိပါပြီ" ဟု မြို့နယ်မီးသတ်ဦးစီးမှူး ဦးလှမျိုးသွင်က ပြောသည်။

မီးငြိမ်းသတ်မှု သရုပ်ပြလေ့ကျင့်ရာတွင် အင်းတော်မြို့နယ် စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးတင်မြင့်၊ မြို့နယ်ရဲတပ်ဖွဲ့မှူးနှင့် ရဲတပ်ဖွဲ့ဝင်များ၊ ဈေးသူဈေးသားများကလည်း မီးသတ်ဦးစီးဌာနနှင့်ပူးပေါင်း၍ လေ့ကျင့်ခဲ့ကြကြောင်း သိရသည်။

**(မြို့နယ် ပြန်/ဆက်)**

# ကွမ်းခြံကုန်းမြို့နယ် ပြည်သူ့ဆေးရုံ၌ နှစ်ထပ်လူနာဆောင်ဆောက်လုပ်ရန် ပန္နက်တင်

**ကွမ်းခြံကုန်း မတ် ၂၆**

ရန်ကုန်တိုင်းဒေသကြီး ကွမ်းခြံကုန်းမြို့နယ် ပြည်သူ့ဆေးရုံ၌ နှစ်ထပ်လူနာဆောင်သစ် တိုးချဲ့ဆောက်လုပ်ရန် ပန္နက်တင်အခမ်းအနားကို မတ် ၂၅ ရက်က ကျင်းပခဲ့သည်။

နှစ်ထပ်လူနာဆောင်သစ်ကို အလှူရှင် ဦးကျော်ခိုင်မိသားစု(မြန်မာ့အလှူဆောက်လုပ်ရေး)၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမင်းခိုင်ဝင်း၊ မြို့နယ် အထောက်အကူပြုအဖွဲ့ဥက္ကဋ္ဌ ဦးသန်းထွန်းနှင့် မြို့နယ်ဆရာဝန်ကြီး ဒေါက်တာ ဒေါ်ခင်ဝင်းရီတို့က ပန္နက်များရိုက်ပေးခဲ့သည်။ အဆိုပါ နှစ်ထပ်ဆေးရုံသစ်သည် အလျားပေ ၅၀၊ အနံပေ ၆၀ ရှိမည်ဖြစ်ပြီး ငွေကျပ် သိန်း ၁၅၀၀ အကုန်အကျခံ၍ တည်ဆောက်မည်ဖြစ်ကြောင်း၊ အမျိုးသားလူနာဆောင်၊ အမျိုးသမီးလူနာဆောင်၊ ဆရာဝန်နားနေခန်း၊ ခွဲစိတ်ခန်း၊ ဆေးကောင်တာ၊ ရေသိုလှောင်ကန်၊ ရေစင်၊ ရေမော်တာနှင့် စက်ရေတွင်းတို့ ပါဝင်မည်ဖြစ်ပြီး တည်ဆောက်ချိန် ခြောက်လကြာမြင့်မည်ဖြစ်ကြောင်း သိရသည်။

အဆိုပါ နှစ်ထပ်လူနာဆောင်သစ် တည်ဆောက်ပြီးစီးပါက ကွမ်းခြံကုန်းမြို့နယ်အတွင်းရှိ ဒေသခံပြည်သူများအပြင် နယ်မြေချင်းဆက်စပ်လျက်ရှိသော ဧရာဝတီတိုင်းဒေသကြီး ဒေးဒရဲမြို့နယ်တွင်းရှိ ကျေးရွာများမှ ပြည်သူများပါ ကျန်းမာရေးစောင့်ရှောက်မှုများ ပိုမိုရရှိလာနိုင်မည်ဖြစ်ကြောင်း သိရသည်။

**စိန်တိုး(ကွမ်းခြံကုန်း)**

# လယ်ယာမြေဖော်ထုတ်မှု ကွင်းဆင်းစစ်ဆေး

**မိုးနဲ မတ် ၂၆**

ရှမ်းပြည်နယ်တောင်ပိုင်း လင်းခေးခရိုင် မိုးနဲမြို့နယ် ဟိုဖိုင်ကျေးရွာ၌ ဒေသခံပြည်သူများ လယ်ယာမြေပိုင်ဆိုင်မှု ရရှိစေရန်နှင့် ဒေသဝမ်းစာဖူလုံပြီး လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် လယ်ယာမြေ ၄၄ ဧက ဖော်ထုတ်ပေးနေမှုကို မိုးနဲမြို့နယ် ဒုတိယအုပ်ချုပ်ရေးမှူး ဦးအောင်သူရ၊ မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေး အထောက်အကူပြုကော်မတီဥက္ကဋ္ဌ ဦးစိုင်းမျိုးသန့်နှင့် အဖွဲ့ဝင်များ မတ် ၂၅ ရက်က ကွင်းဆင်းစစ်ဆေးခဲ့ပြီး လုပ်ငန်းများ သတ်မှတ်စံနှုန်းပြည့်မီရေးနှင့် အချိန်မီလုပ်ငန်းပြီးစီးရေးအတွက် မှာကြားခဲ့သည်။

အဆိုပါ လယ်ယာမြေများကို ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ် နိုင်ငံတော်ခွင့်ပြုငွေကျပ် သိန်း ၆၆၀ အသုံးပြု၍ ဖော်ထုတ်ပေးနေခြင်းဖြစ်ပြီး ဖော်ထုတ်ပြီးစီးပါက မြို့နယ်အတွင်းရှိ လယ်ယာမဲ့ပြည်သူများအား အိမ်ထောင်စုအလိုက် အခမဲ့ခွဲဝေပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**(မြို့နယ် ပြန်/ဆက်)**

# ဆံတော်ရှင် ကျိုက်ထီးရိုးစေတီတော်မြတ်ကြီး ရောင်တော်ဖွင့်ပွဲနှင့် ကျောက်လုံးတော်ကြီးရွှေသင်္ကန်းကပ်လှူပွဲကျင်းပ

**ကျိုက်ထို မတ် ၂၆**

မွန်ပြည်နယ် ကျိုက်ထိုမြို့နယ်ရှိ ဆံတော်ရှင် ကျိုက်ထီးရိုးစေတီတော်မြတ်ကြီး ရောင်တော်ဖွင့်ပွဲနှင့် ကျောက်လုံးတော်ကြီးအား လုံးတော်ပြည့်ရွှေသင်္ကန်းကပ်လှူပူဇော်ပွဲကို မတ် ၂၃ ရက်(တပေါင်းလပြည့်နေ့)နံနက်ပိုင်းက ကျင်းပခဲ့သည်။

ကျိုက်ထီးရိုးစေတီတော်မြတ်ကြီး ရောင်တော်ဖွင့်ပွဲတွင် ဆရာတော်သံဃာတော်များအား မွန်ပြည်နယ်ဝန်ကြီးချုပ် ဦးအုန်းမြင့်နှင့် ဝန်ကြီးများ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ကျိုက်ထီးရိုးစေတီတော်ဘဏ္ဍာတော်ထိန်းဂေါပကဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ ဘုရားဖူးပြည်သူများက အရုဏ်ဆွမ်းဆက်ကပ်လှူဒါန်းကြကာ ကျိုက်ထီးရိုးစေတီတော်မြတ်ကြီးအား ဗုဒ္ဓါဘိသေက အနေကဇာတင်လှူ ပူဇော်ကြသည်။

ထို့နောက် ကျိုက်ထီးရိုးစေတီတော် ကျောက်လုံးတော်ကြီး လုံးတော်ပြည့်ရွှေသင်္ကန်းကပ်လှူရန် အလှူငွေ ကျပ်သိန်းပေါင်း ၁၉၀၀၀ ကို လှူဒါန်းသည့် ပထမရိုးရိုးလေးကုမ္ပဏီပိုင်ရှင် ဦးနေထက်သိန်းနိုင် မိသားစုနှင့် အလှူငွေကျပ်သိန်း ၂၀၀ လှူဒါန်းသော ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာဒုံမြို့နယ် မသိုးသင်္ကန်းရက်လုပ်ရေးအဖွဲ့အား ကျိုက်ထီးရိုးစေတီတော် ဂေါပကအဖွဲ့ဥက္ကဋ္ဌက ဂုဏ်ပြုမှတ်တမ်းလွှာများပေးအပ်ခဲ့သည်။

**ဝင်းမောင် (ပြန်/ဆက်)**



# ရေလိုအပ်သောရပ်ကွက်သို့ သောက်သုံးရေများ အခမဲ့ဖြန့်ဝေပေး

**ခမောက်ကြီး မတ် ၂၆**

တနင်္သာရီတိုင်းဒေသကြီး ခမောက်ကြီးမြို့ အမှတ်(၃)ရပ်ကွက်၌ ရေရှားပါးပြတ်လပ်ခြင်းကြုံတွေ့ပြီး ဒေသခံပြည်သူများအတွက် သောက်သုံးရေလုံလောက်မှုမရှိသောကြောင့် ရပ်ကွက်အုပ်ချုပ်ရေးမှူးနှင့် မီးသတ်တပ်ဖွဲ့တို့ကဦးဆောင်၍ သောက်သုံးရေများကို မြို့နယ်မီးသတ်တပ်ဖွဲ့ပိုင် မီးသတ်ကားဖြင့် မတ် ၂၅ ရက်က တစ်အိမ်တက်ဆင်း အခမဲ့ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

ရေဖြန့်ဝေပေးရာတွင် ရပ်ကွက်အတွင်းမှ ရေအခက်အခဲကြုံတွေ့နေရသည့် အိမ်ခြေ ၁၀၀ ကျော်ခန့်ကို အိမ်တိုင်ရာရောက်သောက်သုံးရေ အခမဲ့ဖြန့်ဝေပေးခဲ့ခြင်းဖြစ်ကြောင်း၊ နေအိမ်များတွင် ရှိသမျှသောရေပုံးများကိုစုစည်းကာ သောက်သုံးရေစုဆောင်းနိုင်ရန် ဆောင်ရွက်ပေးခဲ့ကြောင်း အမှတ်(၃)ရပ်ကွက်အုပ်ချုပ်ရေးမှူး ဦးဇော်လတ်က ပြောသည်။

ယခုအချိန်သည် အယ်နီညိုရာသီဥတုအခြေအနေကြောင့် သောက်သုံးရေပြတ်လပ်မှုမဖြစ်စေရန် ရေများကို အလေအလွင့်မဖြစ်အောင်၊ ဖြုန်းတီးမှုများမဖြစ်အောင် ချွေတာသုံးစွဲကြရန်နှင့် အပူချိန်ပြင်းထန်သော နံနက် ၁၀ နောက်ပိုင်းတွင် ညနေ ၅ နာရီအတွင်း ရေချိုးခြင်းကိုရှောင်ကြဉ်ရန်စသည့် ကျန်းမာရေးဆိုင်ရာများကိုလည်း ဒေသခံပြည်သူများအား ရေဖြန့်ဝေစဉ်အတွင်း အသိပေးမှာကြားခဲ့ကြကြောင်း သိရသည်။

ခမောက်ကြီးမြို့ အမှတ်(၃) ရပ်ကွက်သည် အထက်ပိုင်းနှင့်အောက်ပိုင်းဟူ၍ နှစ်ပိုင်းခွဲခြားထားရာ အထက်ပိုင်းတွင် ဒေသခံပြည်သူများ၏ နေအိမ်ရေတွင်းမှထွက်သောရေများဖြင့် သောက်သုံးရေ လုံလောက်သော်လည်း အောက်ပိုင်းတွင်မူ ရေငန်နေရာနှင့် နီးစပ်သောကြောင့် ရေတွင်းနက်များတူးလျှင် ရေငန်များဝင်ရောက်သဖြင့် သောက်သုံးရေ မလုံလောက်သည့် အခက်အခဲနှင့် ကြုံတွေ့ရခြင်းဖြစ်ကြောင်း သိရသည်။ **မောင်မောင်(ပြန်/ဆက်)**



# အပူဒဏ်ကာကွယ်ရေးအတွက် ပညာပေးဟောပြော

**ငါန်းဇွန် မတ် ၂၆**

မန္တလေးတိုင်းဒေသကြီး ငါန်းဇွန်မြို့နယ် ကျန်းမာရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ဇီကာဗိုင်းရပ်စ်ရောဂါ၊ ဦးနှောက်အမြှေးရောင်ရောဂါနှင့် အပူဒဏ်ကာကွယ်ရေးစသည့် ကျန်းမာရေးဆိုင်ရာများ အသိပေးဟောပြောပွဲကို မတ် ၂၄ ရက်က ကျင်းပခဲ့သည်။

ဟောပြောပွဲတွင် မြို့နယ်ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာအောင်ဆန်းက ဇီကာဗိုင်းရပ်စ်ရောဂါ၊ ကူးစက်မြန်ပြင်းထန် ဦးနှောက်အမြှေးရောင်ရောဂါများ ဖြစ်ပွားရခြင်းအကြောင်းနှင့် အပူချိန်ပြင်းထန်သော အယ်နီညိုရာသီဥတုတွင် အပူဒဏ်ကာကွယ်ရေးအတွက် ဆောင်ရန်ရှောင်ရန် အချက်များကို ရှင်းလင်းဟောပြောကာ အပူဒဏ်ကြောင့် ပင်ပန်းနွမ်းနယ်ခြင်း၊ ကိုယ်အပူချိန်တက်ခြင်း၊ သတိလစ်ခြင်းနှင့် အတက်ရောဂါစသည့် ရောဂါများဖြစ်လျှင် ဆေးရုံအရောက်နောက်ကျပါက အသက်ဆုံးရှုံးနိုင်သဖြင့် ဆေးရုံသို့ အမြန်ဆုံးပို့ဆောင်ကုသကြရန်လည်း သတိပေး ပြောကြားခဲ့သည်။ ဟောပြောပွဲသို့ မြို့နယ်အဆင့်ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြို့နယ်အတွင်းရှိ ရပ်ကွက်၊ ကျေးရွာများမှ ကျန်းမာရေးဝန်ထမ်းများနှင့် NGO အဖွဲ့အစည်းများမှ အဖွဲ့ဝင်များ တက်ရောက်ခဲ့ကြသည်။

**သက်နောင်ဦး(ငါန်းဇွန်)**

# မြို့နယ်စာရေးဆရာအသင်း အမှုဆောင်များ ရွေးချယ်

**မြင်းခြံ မတ် ၂၆**

မန္တလေးတိုင်းဒေသကြီး မြင်းခြံမြို့နယ် စာရေးဆရာအသင်း အစည်းအဝေးနှင့် အမှုဆောင်အဖွဲ့သစ် ရွေးကောက်တင်မြှောက်ပွဲကို ခရိုင်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံး၌ မတ် ၂၅ ရက်က ပြုလုပ်ခဲ့သည်။

အစည်းအဝေးတွင် မြို့နယ်စာရေးဆရာအသင်းဥက္ကဋ္ဌက မြို့နယ်စာရေးဆရာအသင်း ပြန်လည်ဖွဲ့စည်းခြင်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားပြီး မြို့နယ်စာရေးဆရာအသင်းဝင်များက အလုပ်အမှုဆောင်အဖွဲ့ဝင် သုံးဦးနှင့် ညီလာခံကိုယ်စားလှယ်တစ်ဦးအား ရွေးချယ်တင်မြှောက်ခဲ့ကြသည်။

**ဇော်မင်းနိုင်(မြင်းခြံ)**

# MISS UNIVERSE MYANMAR 2017 စာနယ်ဇင်းရှင်းလင်း

**ရန်ကုန် မတ် ၂၆**

MISS UNIVERSE MYANMAR 2017 စာနယ်ဇင်းရှင်းလင်းပွဲကို ရန်ကုန်မြို့ရှိ JASMINE PALACE HOTEL တွင် မတ် ၂၅ ရက်က ကျင်းပခဲ့သည်။

အဆိုပါ စာနယ်ဇင်းရှင်းလင်းပွဲတွင် MISS UNIVERSE MYANMAR ORGANIZATION မှ National Director ဒေါ်စိုးယုဝေက ၂၀၁၇ ခုနှစ်အတွင်း ပြုလုပ်မည့် အစီအစဉ်များအား ရှင်းလင်းတင်ပြခဲ့သည်။




အဆိုပါပြိုင်ပွဲကို အောက်တိုဘာလဆန်းတွင် ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။ အောင်လံ၊ ပဲခူး၊ ထားဝယ်၊ ဘားအံ၊ ဖားကန့်၊ ကျိုင်းတုံ၊ လားရှိုး၊ လှိုင်ကော်၊ မကွေး၊ မန္တလေး၊ မော်လမြိုင်၊ မိုးကုတ်၊ မုံရွာ၊ မြဝတီ၊ မြိတ်၊ မြစ်ကြီးနား၊ နေပြည်တော်၊ ပုသိမ်၊ ပြည်၊ ပြင်ဦးလွင်၊ စစ်တွေ၊ တာချီလိတ်၊ တောင်ငူနှင့် တောင်ကြီး စသည့် မြို့ကြီး ၂၄ မြို့တွင် အကြိုပြိုင်ပွဲများပြုလုပ်ရန် စီစဉ်ထားပြီး ပြိုင်ပွဲဝင်လျှောက်လွှာများမှ လူတွေ့စစ်ဆေးပြီး ဆန်ခါတင်ခြောက်ဦးမှ ရှစ်ဦးအထိရွေးချယ်သွားမည်ဖြစ်ကြောင်း သိရသည်။

မြို့ကြီးများတွင် ပြိုင်ပွဲများ ပြုလုပ်ခြင်းကို ဖေဖော်ဝါရီ ၂၈ ရက်မှ ဇူလိုင် ၃၀ ရက်အထိ လည်းကောင်း၊ ပြိုင်ပွဲဝင် လျှောက်လွှာလက်ခံခြင်းကို မတ် ၁ ရက်မှ ဩဂုတ် ၆ ရက်အထိလည်းကောင်း၊ လူတွေ့စစ်ဆေးခြင်းနှင့် ဆန်ခါတင်ရွေးချယ်ခြင်းကို ဩဂုတ် ၁၇ ရက်တွင် လည်းကောင်း၊ National Costume Competition နှင့် National Gift ရောင်းချခြင်းကို စက်တင်ဘာ ၂၄ ရက်တွင် ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

မြို့ကြီးများမှကိုယ်စားလှယ်အလှမယ် ရွေးချယ်ကျင်းပပုံများကို Hello! Miss Universe TV-Program အဖြစ် ဇွန် ၄ ရက် မှ စက်တင်ဘာ ၂၅ ရက်အထိ (စနေ၊ တနင်္ဂနွေ)နေ့ ည ၇ နာရီမှ ၈ နာရီအထိ Channel 9 တွင် ထုတ်လွှင့်ပြသသွားမည်ဖြစ်ကြောင်း သိရသည်။

**(၁၆၃)**

# မင်းဘူးမြို့ တိုးချဲ့မြို့ရေပေးရေး ဖွင့်ပွဲကျင်းပ

**မင်းဘူး မတ် ၂၆**

(၇၁)နှစ်မြောက် တပ်မတော်နေ့ကို ဂုဏ်ပြုသောအားဖြင့် မင်းဘူးမြို့ ဗိုလ်ချုပ်လမ်း အမှတ် (၁)ရပ်ကွက် တိုးချဲ့မြို့ရေပေးရေး ဖွင့်ပွဲအခမ်းအနားကို မတ် ၂၆ ရက် နံနက်၇ နာရီက အမှတ်(၁) ရပ်ကွက် ရေသန့်စင် စက်ရုံရှေ့၌ ကျင်းပခဲ့သည်။

အခမ်းအနားတွင် မကွေးတိုင်းဒေသကြီး စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးစိုးသန်းက တိုးချဲ့ မြို့ရေပေးရေးလုပ်ငန်းနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြခဲ့သည်။

ထို့နောက် တိုင်းဒေသကြီး စည်ပင်သာယာရေးဝန်ကြီး ဦးနေရှင်းနှင့် တာဝန်ရှိသူများက ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး တိုးချဲ့ ရေပေးရေးဆိုင်းဘုတ်ကို တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဘုန်းမော်ရွှေက စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးခဲ့သည်။

နိုင်ငံတော်၏ ခွင့်ပြုငွေကျပ် ၁၆၃ ဒသမ ၅၃ သန်းဖြင့် ဧရာဝတီမြစ်ရေတင်ပို့ပြီး ရေသန့်စင်စနစ် တည်ဆောက်ခြင်းလုပ်ငန်း၊ ရေတင်ပိုက်လိုင်း (၈ လက်မ/ ၆ လက်မ) ပိုက်လိုင်း အလျား ပေ ၂၆၅၀၀၊ (၆လက်မ /၄လက်မ) ရေဖြန့်ပိုက်လိုင်းအလျား ၆၉၉၄၅ ပေ သွယ်တန်းဆောင်ရွက်ခြင်း၊ မြင်းကောင်ရေ ၁၂ ဒသမ ၅ ရှိ ရေမြှုပ်ပန့် သုံးလုံးနှင့် မြင်းကောင်ရေ ၅၀ ရှိ ရေတင်စက်ကိုးလုံး တပ်ဆင်ဆောင်ရွက်ခြင်းများ ပြုလုပ်ခဲ့သည်။ မင်းဘူးမြို့ပေါ် (၄)ရပ်ကွက်တွင် အိမ်ခြေ ၅၂၀၅ အိမ်၊ လူဦးရေ ၂၉၈၈၆ ဦးရှိပြီး အိမ်သွယ်ရေတိုင် ပေါင်း ၁၉၄၃ တိုင်ကို စည်ပင်သာယာရေးအဖွဲ့နှင့် မြန်မာ့ရေနံမှ ဖြန့်ဝေပေးခဲ့ရာ တစ်မြို့လုံး ရေလွှမ်းခြုံမှုသည် ၈၂ ဒသမ ၄ ရာခိုင်နှုန်း ရှိခဲ့ရာမှ တိုးချဲ့မြို့ရေပေးရေးလုပ်ငန်း ဆောင်ရွက်နိုင်ခဲ့သဖြင့် မြို့လူဦးရေ၏ တစ်ရက် ရေလိုအပ်ချက် ဂါလန်ခုနစ်သိန်းတိုးချဲ့ ဖြန့်ဝေပေးနိုင်တော့မည်ဖြစ်သည်။

ယင်းလုပ်ငန်းမှ အိမ်သွယ်ရေတိုင်များတပ်ဆင်ပေးထားပြီး တစ်ယူနစ် (ရေဂါလန် ၂၂၀) ကို ငွေကျပ် ၅၀၀ ကောက်ခံသွား မည်ဖြစ်၍ ရေတစ်ဂါလန်လျှင် ၂ ဒသမ ၂၇ ကျပ်သာ ကျသင့်မည် ဖြစ်ကြောင်းနှင့် ရေရှားပါးပြီး မြေအောက်ရေ တူးဖော်ရန်ခက်ခဲသော မင်းဘူးမြို့ပေါ် နေပြည်သူများ သန့်ရှင်းသော သောက်သုံးရေကို ရာသီမရွေး ဖူလုံစွာရရှိနိုင်မည်ဖြစ်ကြောင်း သိရသည်။ **တင်ထွန်းဦး(မင်းဘူး)**



# ကိုယ့်အားကိုယ်ကိုး မြေအောက်စက်ရေတွင်းတူးဖော်

**မြိုင် မတ် ၂၆**

မကွေးတိုင်းဒေသကြီး ပခုက္ကူခရိုင် မြိုင်မြို့နယ် အရှေ့ဖျား လက်ဆည်ကန်ကျေးရွာအုပ်စု ကန်ကြီးတောကျေးရွာ၌ နွေရာသီသောက်သုံးရေပြတ်လပ်မှုမရှိစေရေးအတွက် ကိုယ့်အားကိုယ်ကိုး မြေအောက်စက်ရေတွင်းကို မတ်၂၅ ရက်က အောင်မြင်စွာ တူးဖော်ခဲ့ကြောင်း ကျေး/လက်ဦးစီးရုံးမှ သိရသည်။

အဆိုပါကျေးရွာသည် အိမ်ထောင်စု ၃၀၀ ကျော်ရှိပြီး ယခင်မြေအောက်စက်ရေတွင်းနှစ်တွင်းရှိခဲ့ရာ ရေမရရှိတော့၍ ထပ်မံအသစ်တူးဖော်ခဲ့ရာ မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနနှင့် Umtcef တို့မှ ထောက်ပံ့သည့် ၆ လက်မ မိုနိုပန့်စက်ရေတွင်းသစ်ကို ကျေးရွာရန်ပုံငွေဖြင့် အောင်မြင် စွာတူးဖော်ခဲ့သည်။

ထပ်မံတူးဖော်ခဲ့သော မြေအောက်စက်ရေတွင်းမှာ အနက် ၅၁၇ ပေရှိပြီး တစ်နာရီလျှင် ရေဂါလန် ၂၀၀၀ ထွက်ရှိကြောင်း သိရသည်။

**စိန်မြိုင်(မြိုင်)**



**(၇၁) နှစ်မြောက် တပ်မတော်နေ့ကို ဂုဏ်ပြုသောအားဖြင့် လှိုင်ကော်မြို့ အမှတ်(၇/၁၀၀) စစ်ဆေးရုံ၌ မတ် ၂၅ ရက်က စစ်မှုထမ်းဟောင်း မိသားစုဝင် စုစုပေါင်း ၅၁ ဦးတို့အား အထူးကုဆရာဝန်ကြီးများက ခေတ်မီစက်ကြီးများဖြင့် ကျန်းမာရေး စစ်ဆေးကုသမှုများ ပြုလုပ်ပေးစဉ်။**

(ပြန်/ဆက်)

# ဩစတြေးလျနိုင်ငံ ဆွေးနွေးပွဲသို့ တက်ရောက်ရန် မြန်မာလှေလှော်အဖွဲ့ချုပ်ဥက္ကဋ္ဌ ထွက်ခွာ

**ရန်ကုန် မတ် ၂၆**

မတ် ၂၇ ရက်မှ ဧပြီ ၁ ရက်ထိ ဩစတြေးလျနိုင်ငံ ADELAIDE မြို့၌ကျင်းပမည့် 12th ASIAN DRAGON BOAT CHAMPIONSHIP နှင့်အတူ ASIAN DRAGON BOAT FEDERATION CONGRESS ကိုကျင်းပမည်ဖြစ်ရာ အဆိုပါကွန်ဂရက်သို့တက်ရောက်ရန် မြန်မာနိုင်ငံလှေလှော် အဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးသောင်းထိုက်မင်း၊ ဒုတိယဥက္ကဋ္ဌ ဒေါက်တာသန်းတိုးတို့သည် မတ် ၂၅ ရက် ညနေက ရန်ကုန်အပြည်ပြည် ဆိုင်ရာလေဆိပ်မှ ထွက်ခွာသွားကြောင်း သိရသည်။ **တင်စိုး(မြန်မာ့အလင်း)**

# ဖုန်းငွေဖြည့်ကတ်မှကုန်သွယ်ခွန် ဧပြီ ၁ ရက်မှစ၍ ၅ ရာခိုင်နှုန်းပေးဆောင်ရမည်

**သရက် မတ် ၂၆**

၂၀၁၆ ခုနှစ် ဧပြီ ၁ ရက်မှစတင်ပြီး ဖုန်းငွေဖြည့်ကတ်မှ ကုန်သွယ်ခွန် ၅ ရာခိုင်နှုန်းဖြတ်မည်ဖြစ်ကြောင်း သိရသည်။

ဖုန်းအခွန်ပေးဆောင်ရမည်ကို ၂၀၁၅ ခုနှစ် မေ ၂၇ ရက်က ကျင်းပခဲ့သည့် ပြည်ထောင်စုလွှတ်တော်အစည်းအဝေးတွင် ဆွေးနွေးခဲ့ပြီး ပြည်ထောင်စု လွှတ်တော်၏ သဘောထားဆန္ဒအရ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်မှာ ဆိုင်းငံ့ထားရန် အဆိုကို လွှတ်တော်ကအတည်ပြုခဲ့၍ ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်အစ၌ ကောက်ခံခြင်း ဖြစ်သည်။

၂၀၁၆ ခုနှစ် ဧပြီ ၁ ရက်မှ စတင်ပြီး ဖုန်းငွေဖြည့်ကတ်ငွေကျပ် ၁၀၀၀ ဖြည့်လျှင် အခွန် ၄၈ ကျပ်ကျသင့်မည်ဖြစ်ပြီး ၉၅၂ ကျပ် သုံးစွဲခွင့်ရမည်ဖြစ်သည်။ ငွေကျပ် ၃၀၀၀ ဖြည့်လျှင် အခွန် ၁၄၃ ကျပ် ကျသင့်မည်ဖြစ်ပြီး ၂၈၅၇ ကျပ် သုံးစွဲခွင့်ရမည်ဖြစ်သည်။ ငွေကျပ် ၅၀၀၀ ဖြည့်လျှင် အခွန် ၂၃၈ ကျပ်ကျသင့်မည်ဖြစ်ပြီး ၄၇၆၂ ကျပ် သုံးစွဲခွင့်ရမည်ဖြစ်သည်။ ငွေကျပ် ၁၀၀၀၀ ဖြည့်ပါက အခွန် ၄၇၆ ကျပ်ကျသင့်မည်ဖြစ်ပြီး ၉၅၄၂ ကျပ် သုံးစွဲခွင့်ရမည်ဖြစ်သည်။

"လာမည့် ဧပြီလဆန်းမှစပြီး ဖုန်းငွေဖြည့်ရင် ကုန်သွယ်ခွန် ၅ ရာခိုင်နှုန်း ဖြတ်တောက်မှာဖြစ်တယ်။ ဥပဒေအရဆိုတော့ ပေးဆောင်ရမှာပေါ့။ ပြည်သူတွေအတွက် အသုံးတည့်ဖို့လိုတယ်။ အခွန်ကိုပေးဆောင်ပြီးရင် အခွန်ပေးရကျိုးနပ်အောင် ဖုန်းလိုင်းတွေ၊ အင်တာနက်လိုင်းတွေကောင်းဖို့လိုတယ်" ဟု ဖုန်း အင်တာနက်အသုံးပြုသူတစ်ဦးက ပြောသည်။ **ပေါက်ကလေး(သရက်)**

# ဗီပင်ရင်း၊ နန်းတက်၊ ပါးတော် ကျောက်ချောလမ်းဖွင့်

**မြောက်ဦး မတ် ၂၆**

ရခိုင်ပြည်နယ် မြောက်ဦးခရိုင် မြောက်ဦးမြို့နယ်တွင် (၇၁)နှစ်မြောက် တပ်မတော်နေ့ကို ဂုဏ်ပြုသောအားဖြင့် ဗီပင်ရင်း၊ နန်းတက်၊ ပါးတော် ကျောက်ချောလမ်းဖွင့်ပွဲအခမ်းအနားကို မတ် ၂၆ ရက် နံနက် ၈ နာရီ ၄၅ မိနစ်က မုခ်ဦးရှေ့၌ ကျင်းပသည်။

အဆိုပါလမ်းဖွင့်ပွဲအခမ်းအနားတွင် မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမြို့နယ်ဦးစီးမှူး ဦးထွန်းခင်က ဗီပင်ရင်း၊ နန်းတက်၊ ပါးတော်လမ်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားပြီး ခရိုင်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး မြို့နယ် ဒုတိယအုပ်ချုပ်ရေးမှူးနှင့် မြို့နယ်အထောက်အကူပြုကော်မတီဥက္ကဋ္ဌတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြကြောင်း သိရသည်။

**(ခရိုင် ပြန်/ဆက်)**

## သုမေတ္တာကွန်ကရစ်တံတားသစ်ဖွင့်

**ရန်ကုန် မတ် ၂၆** ရန်ကုန် မြောက်ပိုင်းခရိုင် လှည်းကူးမြို့နယ် ဆင်ဖုံကျေးရွာနှင့် ရွှေပေါက်ကံမြို့သစ်တို့ ဆက်သွယ်ထားသည့် ခရိုင်ချင်းဆက် သုမေတ္တာကွန်ကရစ် တံတားသစ်ဖွင့်ပွဲကို မတ်လ တတိယပတ် နံနက် ၈ နာရီက အဆိုပါတံတားထိပ်ဆင်ဖုံရွာထိပ်တွင် ကျင်းပခဲ့သည်။ အဆိုပါတံတားကို လှည်းကူးမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အုပ်ချုပ်ရေးမှူး ဦးစန်းအောင်နှင့် တံတားအလှူရှင် ဇေကမ္ဘာကုမ္ပဏီလီမိတက်ဥက္ကဋ္ဌ ဒေါက်တာခင်ရွှေတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးခဲ့သည်။ ယင်းတံတားသစ်ကို ဒေါက်တာခင်ရွှေက ငွေကျပ်သိန်းပေါင်း ၁၂၀၀ ကုန်ကျခံကာ လှူဒါန်းခဲ့ခြင်းဖြစ်သည်။ ယခင်က ဝါးတံတားဖြစ်၍ သွားလာရေးခက်ခဲသည့်အတွက် ဒေသခံပြည်သူများ၏ တောင်းဆိုမှုကို လှူဒါန်းခဲ့ခြင်းဖြစ်ကြောင်း သိရသည်။ **ရွှေတိုင်လွင်**

# မန္တလေးမြို့ မောရဂီဝါရပ်ကွက်တွင် မီးလောင်

**မန္တလေး မတ် ၂၆**

မန္တလေးမြို့ ချမ်းအေးသာစံမြို့နယ် မောရဂီဝါရပ် ၃၄ လမ်းနှင့် ၃၅လမ်းကြား၊ ၇၃လမ်းနှင့် ၇၄ လမ်းကြားတွင် မတ် ၂၆ရက် နံနက် ၃ နာရီခွဲခန့်က မီးဖိုရှိ မီးကြွင်းမီးကျန်မှတစ်ဆင့် မီးလောင်မှုဖြစ်ပွားခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ချမ်းအေးသာစံမြို့နယ် မောရဂီဝါရပ်ကွက် အကွက်အမှတ်(၆၈၂)အိမ်ရှင် ဦးထွန်းလှိုင်၏ သွပ်မိုးထရံကာနေအိမ် မီးဖိုရှိ မီးကြွင်းမီးကျန်မှတစ်ဆင့် မီးလောင်မှုစတင်ဖြစ်ပွားခဲ့ပြီး အာစီနှစ်ထပ်အိမ်တစ်လုံး၊ နံကပ်အိမ်တစ်လုံး၊ သွပ်မိုးထရံကာ နေအိမ်များအပါအဝင် နေအိမ်ရှစ်လုံး ကူးစက်လောင်ကျွမ်းခဲ့သည်။

မီးလောင်ရာသို့ မီးသတ်ယာဉ် အစီး ၅၀၊ သန္နေမီးသတ် ၄၅၀၊ အရန်မီးသတ် ၁၂၀ တို့က လာရောက်ငြိမ်းသတ်ခဲ့ရာ နံနက် ၄ နာရီ ၁၅ မိနစ်ခန့်တွင် မီးလုံးဝငြိမ်းသတ်နိုင်ခဲ့ကြောင်း၊ မီးလောင်မှုကြောင့် မီးဘေးသင့် အိမ်ထောင်စုကိုးစုမှ အမျိုးသား ၁၉ ဦး၊ အမျိုးသမီး ၃၅ ဦးနှင့် ကလေးငယ် ၂၀ စုစုပေါင်း လူဦးရေ ၇၄ ဦးတို့မှာ အိုးမဲ့အိမ်မဲ့ဖြစ်ပွားခဲ့သဖြင့် သီရိစန်တိုစီမားမယ်တော်ဘုရားကျောင်းတွင် ယာယီကယ်ဆယ်ရေးစခန်းအဖြစ် နေရာချထားပေးခဲ့ကြောင်း သိရသည်။

အဆိုပါဖြစ်စဉ်နှင့် ပတ်သက်၍ အမှတ်(၈) နယ်မြေရဲစခန်းက အိမ်ရှင်ဦးထွန်းလှိုင်အား အမှုဖွင့်အရေးယူဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**တင်မောင်၊ မင်းထက်အောင်(မန်းကိုယ်ပွား)**



# ပြွန်တန်ဆာမြို့၌ ကားနှင့် ဆိုင်ကယ်တိုက် ဆိုင်ကယ်မောင်းသူသေဆုံး

**ပြွန်တန်ဆာ မတ် ၂၆**

ပဲခူးတိုင်းဒေသကြီး ညောင်လေးပင်မြို့နယ် ပြွန်တန်ဆာမြို့၌ မတ် ၂၅ ရက် ညနေ ၃ နာရီခွဲခန့်က ကားနှင့်ဆိုင်ကယ် တိုက်မိပြီး ဆိုင်ကယ်မောင်းသူသေဆုံးသွားကြောင်း သိရသည်။

ဖြစ်စဉ်မှာ ညောင်လေးပင်မြို့နယ် ပြွန်တန်ဆာမြို့ နယ်မြေရဲစခန်းက ယာဉ်တိုက်မှုဖြစ်ပွားကြောင်း သတင်းအရ သွားရောက်စစ်ဆေးရာ ရန်ကုန်-မန္တလေး ကားလမ်း မိုင်တိုင်အမှတ် (၉၀/၂)နှင့် (၉၀/၃)အကြား ခြောက်တန်တံတားတောင်ဘက်ထိပ်တွင် ရန်ကုန်ဘက်မှ မန္တလေးဘက်သို့ သန်းကိုထူး (၃၇ နှစ်) မအူတန်းရွာချောင်းရင်းအုပ်စု ပြွန်တန်ဆာမြို့နေသူ မောင်းနှင်လာသော KENBO အနက်ရောင်ဆိုင်ကယ်နှင့် မန္တလေးဘက်မှ ရန်ကုန်ဘက်သို့ ကျော်ဦး (၄၅ နှစ်) လှည်းကူးမြို့နေသူ မောင်းနှင်လာသော 4G/----ခရီးသည်တင်ယာဉ်တို့ မျက်နှာချင်းဆိုင်တိုက်မိရာ ဆိုင်ကယ်မောင်းသူ သန်းကိုထူးတွင် ဒဏ်ရာများရရှိပြီး ဆေးရုံသို့ပို့ဆောင်စဉ် သေဆုံးခဲ့သည်။ ထွက်ပြေးတိမ်းရှောင်သူ ကျော်ဦးအား ပြွန်တန်ဆာနယ်မြေရဲစခန်းက အမှုဖွင့်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**နေလင်း(ညောင်လေးပင်)**

# မီးခံသေတ္တာအတွင်းမှ ထည့်ထားသော ငွေကျပ် ၄၀၁ သိန်း ပျောက်ဆုံး

**ရန်ကုန် မတ် ၂၆**

ရန်ကုန်အရှေ့ပိုင်းခရိုင် ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ် (၉၈)ရပ်ကွက် မဂ္ဂရာမင်းသားကြီးလမ်း စက်မှုဇုန် (၂)TROPICAL WOODS CO.,Ltd. သစ်အခြေခံစက်ရုံမှ မန်နေဂျင်းဒါရိုက်တာ ဒေါ်တင်တင်ဝင်း (၃၂ နှစ်)သည် မတ် ၁၄ ရက် နံနက် ၉နာရီခွဲက ကုမ္ပဏီသို့ရောက်ရှိပြီး စက်ရုံရုံးခန်း အတွင်း၌ထားရှိသော မီးခံသေတ္တာအတွင်းမှ လူမှုဖူလုံရေးအဖွဲ့သို့ ငွေသွင်းရန် ငွေကျပ် ၄၀၁ သိန်း ပျောက်ဆုံးလျော့နည်းနေသဖြင့် စက်ရုံအတွင်းရှိ ဝန်ထမ်းအဆင့်ဆင့်ကို ခေါ်ယူမေးမြန်းခဲ့သည်။

ထိုသို့မေးမြန်းရာတွင် စက်ရုံမန်နေဂျာ (စီမံဌာန) သဃ်န်းကျွန်းမြို့နယ်နေသူ ဒေါ်အေးသန္တာစိုး (၃၀ နှစ်)သည် စစ်ဆေးမေးမြန်းမှုမခံယူဘဲ ထွက်ပြေးတိမ်းရှောင်နေသဖြင့် ဒေါ်တင်တင်ဝင်းက ဖုန်းဖြင့်ဆက်သွယ်ရာ ဒေါ်အေးသန္တာစိုးက လာရောက်ရှင်းပေးပါမည်ဟု အကြိမ်ကြိမ် ကတိပေးပြောဆိုခဲ့ပြီး ယနေ့အထိ လာရောက်မရှင်းပေးသဖြင့် ဒဂုံမြို့မရဲစခန်း သို့ မတ် ၂၆ ရက်က အမှုဖွင့်တိုင်တန်းသဖြင့် မြို့နယ်မြို့မရဲတပ်ဖွဲ့စခန်းက အမှုဖွင့်အရေးယူဆောင်ရွက်လျက်ရှိကြောင်းသိရသည်။

**ကျင်မောင်**

# တာချီလိတ် ဝိန်းကျောက်ရပ်ကွက်၌ မီးလောင်

**တာချီလိတ် မတ် ၂၆**

တာချီလိတ်မြို့ ဝိန်းကျောက်ရပ်ကွက် အာခါဈေးလမ်း အိမ်အမှတ်၊ ၀က/ခ (၁၃၇)၊ ဒေါ်မီရှဲ နေအိမ်၌ မတ် ၂၆ ရက် နံနက် ၁၂ နာရီ ၅ မိနစ်က ဧည့်ခန်းအတွင်း တီဗီကြည့်နေစဉ် အဲကွန်းအပူကာကွယ်ပေးသည့် မီးအားထိန်းစက်အပူလွန်ကဲပြီး မီးလောင်မှုတစ်ခုဖြစ်ပွားခဲ့သည်။

မီးလောင်မှုဖြစ်ပွားရာသို့ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးထွန်းဝင်းအောင်၊ တာချီလိတ်မြို့မရဲစခန်းမှ တာဝန်ရှိသူများနှင့် မြို့နယ်မီးသတ်တပ်ဖွဲ့မှ ဦးစီးအရာရှိ ဦးဆောင်သည့် သန္နေတပ်ဖွဲ့ဝင် ၁၅ ဦး၊ အရန်မီးသတ်တပ်ဖွဲ့ဝင် ၂၀ တို့နှင့်အတူ ဝိုင်းဝန်းမီးငြိမ်းသတ်ခဲ့ရာ နံနက် ၁၂ နာရီ ၂၈ မိနစ် တွင် မီးလုံးဝငြိမ်းသွားသည်။

မီးလောင်မှုကြောင့် နေအိမ်ဧည့်ခန်းအတွင်း တီဗီတစ်လုံးနှင့် အဲကွန်းတစ်လုံး ပျက်စီးဆုံးရှုံးခဲ့ပြီး လူနှင့်တိရစ္ဆာန် ထိခိုက်ဒဏ်ရာရမှုမရှိကြောင်း သိရသည်။

အဆိုပါ မီးလောင်မှုဖြစ်စဉ်နှင့် ပတ်သက်၍ မီးပေါ့ဆစွာသုံးစွဲသူ ဒေါ်မီရှဲကို တာချီလိတ်မြို့မရဲစခန်းက အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

**မြင့်မိုရ်(တာချီလိတ်)**

# ထီးချိုင့်မြို့၌ ဖယောင်းတိုင်မီးထွန်းအိပ်ရာမှ မီးလောင်မှုဖြစ်

**ထီးချိုင့် မတ် ၂၆**

ကသာခရိုင် ထီးချိုင့်မြို့ အမှတ်(၁) စံပြရပ်ကွက်ဝေပုလ္လ ဘုန်းကြီးကျောင်းတောင်ခြေအနီးရှိ မတ် ၂၅ ရက် ည ၁၁ နာရီ ၁၅ မိနစ်က တဲအိမ်တစ်လုံး မီးလောင်ကျွမ်းမှုဖြစ်ပွားခဲ့ကြောင်း သိရသည်။

မီးလောင်ရာသို့ မြို့နယ်ရဲတပ်ဖွဲ့မှူး စခန်းမှူး ဦးစီးသည့်တပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ အရန်မီးသတ်တပ်ဖွဲ့ဝင်များနှင့် ပြည်သူများက မီးသတ်ယာဉ်နှစ်စီးဖြင့် ဝိုင်းဝန်းငြိမ်းသတ်ရာ ည ၁၁ နာရီ မိနစ် ၂၀ တွင် မီးငြိမ်းသွားခဲ့သည်။

မီးလောင်မှုကြောင့် ပိုင်ရှင် ပိုင်လေး(၁၈ နှစ်) အမှတ်(၁)စံပြရပ်ကွက်နေသူ၏ နှစ်ခန်းပတ်လည် သက်ငယ်မိုး ထရံကာ တဲအိမ်တစ်လုံး မီးလောင် ဆုံးရှုံးသွားခဲ့သည်။ ၎င်းသည် အခင်းဖြစ်သည့်ညက မိသားစုနှင့်အတူ ကြမ်းပျဉ်ပေါ်တွင် ဖယောင်းတိုင်မီးထွန်းပြီး အိပ်ရာမှ အနီးရှိ ခြင်ထောင်ကို မီးကူးစက်လောင်ကျွမ်းခဲ့သဖြင့် ပိုင်လေးအား ထီးချိုင့်မြို့မရဲစခန်းက အမှုဖွင့်စစ်ဆေးလျက်ရှိကြောင်း သိရသည်။

**ဦးရဲ(ကသာ)**

# နောင်ချို၌ စိတ်ကြွရူးသွပ်ဆေးပြားများ ဖမ်းဆီးရမိ

**နေပြည်တော် မတ် ၂၆**

မူးယစ်တပ်ဖွဲ့စု(၂၄)လားရှိုးမှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် မတ် ၂၄ ရက်က နောင်ချိုမြို့အဝင် မိုင်တိုင်အမှတ်(၈၀/၄)တွင် ယာဉ်အမှတ် EE/ ----- ခရီးသည်တင်ယာဉ်ကိုရှာဖွေရာ ခရီးသည် မတိန့်ဇေးထံမှ စိတ်ကြွရူးသွပ်ဆေးပြား ၁၉၀၀ နှင့် မတိန်နမ်ထံမှ စိတ်ကြွရူးသွပ်ဆေးပြား ၃၉၀၀ စုစုပေါင်း စိတ်ကြွရူးသွပ်ဆေးပြား ၅၈၀၀ သိမ်းဆည်းရမိသည်။

အလားတူ မတ် ၂၃ ရက်က တောင်ကြီးမြို့ ဟော်ကုန်းရပ်ကွက် မဟာဗန္ဓုလလမ်းရှိ စိုးညွန့်(ခ)မူဆကင်၏ ကွမ်းယာဆိုင်ကိုရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၄၀၂ ပြား သိမ်းဆည်းရမိသဖြင့် ၎င်းတို့အား ဥပဒေအရ အရေးယူထားကြောင်း သိရသည်။

**ကိုရဲ**

# ပျဉ်းမနားမြို့နယ်၌ စိတ်ကြွရူးသွပ်ဆေးပြားများ ဖမ်းဆီးရမိ

**ပျဉ်းမနား မတ် ၂၆**

နေပြည်တော်ရဲတပ်ဖွဲ့ ရဲတပ်ဖွဲ့မှူးရုံးမှ ဒုရဲမှူးစိုးညွန့်နှင့် တပ်ဖွဲ့ဝင်များသည် မူးယစ်ဆေးဝါးသတင်းအရ မတ် ၂၄ ရက်က ပျဉ်းမနားမြို့နယ် စီကောက်ကျေးရွာ အိမ်အမှတ်(၃၇)နေ ဦးညိုကြီး၏ နေအိမ်သို့ သတင်းအရ ဝင်ရောက်ရှာဖွေရာ နေအိမ်အတွင်း၌ ဦးညိုကြီး(၅၇နှစ်)ကိုတွေ့ရှိပြီး ၎င်း၏ နေအိမ်အပေါ်ထပ်အိပ်ခန်း မွေ့ရာအောက်မှ စိတ်ကြွရူးသွပ်ဆေးပြား ၉၅ ပြားပါအထုပ် ငါးထုပ်နှင့် ဘိန်းဖြူအမှုန့်များပါရှိသော ပင်နီဆီလင်ပုလင်း ၀ ဒသမ ၅ ဂရမ်တို့ကို ရှာဖွေသိမ်းဆည်းရမိသဖြင့် အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

**ဇော်မျိုးနိုင်**


**ဦးစိုးနိုင်**(သချ်ာ) Ph:09 731 17669 **ဦးမြင့်ဝင်းကျော်**(ဓာတုဗေဒ) Ph:09 730 20243

ဆရာ/ဆရာမများ နှင့် Guide များအတွက် ၉/၁၀-သင်ရိုးသစ် သီးသန့်သင်တန်းများ

သင်တန်းတည်နေရာ - ဆရာဒွေး(အင်္ဂလိပ်စာ)အပေါ်ဆုံးထပ်၊ ပန်းဆိုးတန်း(အထက်)တံတားအနီး

**ဖောင်းကြွပျောက် လျှောက်ထားခြင်း**

ယာဉ်အမှတ် 8F/1760 ၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး(ရန်ကုန်အနောက်ပိုင်း)**

**ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း**

ယာဉ်အမှတ် ၆ဂ/၇၀၃၅၊ Mitsubishi Pajero, S/W (4x4)R ယာဉ်လက်ဝယ်ရှိသူ ဦးတင်မြင့် ၁၂/ကမတ(နိုင်)၀၀၂၉၃၆က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး (ရန်ကုန်အနောက်ပိုင်း)**

**အများသိစေရန်ကြော်ငြာ**

မြောက်ဥက္ကလာပမြို့နယ်၊မြေတိုင်းရပ်ကွက်အမှတ်(က)၊မြေကွက်အမှတ်(၃၇၁/ဘီ)၊မြေကွက်တည်နေရာအမှတ်(၃၇၁/ဘီ)၊ဝေဘာဂီလမ်း၊ထားဝယ်အမျိုးသားတပ်မတော်ငြိမ်းချမ်းရေးအဖွဲ့အမည်ပေါက်၊"၁" နှစ်ယာယီမြေအသုံးပြုခွင့်လိုင်စင်မြေအားထားဝယ်အမျိုးသားတပ်မတော်ငြိမ်းချမ်းရေးအဖွဲ့မှသက်တမ်းတိုးလျှောက်ထားလာရာဗိုလ်မှူးသန့်ဇင်၊စီးပွားရေးအကြံပေးအရာရှိ(ဗဟို)ထားဝယ်အမျိုးသားတပ်မတော်ငြိမ်းချမ်းရေးအဖွဲ့ဆိုသူမှယင်းအားထုတ်ပေးခွင့်ပြုပါရန်ထားဝယ်အမျိုးသားတပ်မတော်ငြိမ်းချမ်းရေးအဖွဲ့၏တံဆိပ်အပိုင်းပါမြေပေးအမိန့်တင်ပြလာသဖြင့်ဌာနမှဗိုလ်မှူးသန့်ဇင်အား "၁" နှစ်ယာယီမြေအသုံးပြုခွင့်လိုင်စင်အားထုတ်ပေးခဲ့ခြင်းအားထားဝယ်အမျိုးသားတပ်မတော်ငြိမ်းချမ်းရေးအဖွဲ့ဥက္ကဋ္ဌဦးစိုးအောင်မှဗိုလ်မှူးသန့်ဇင်ဆိုသူမှာအဖွဲ့အစည်းတံဆိပ်တုံးအတုအဖွဲ့အစည်းတံဆိပ်ပါ Letter Head ဖြင့်လိုင်စင်ကတ်ပြားအားထုတ်ယူကြောင်းတင်ပြလာသဖြင့်ယခင်ဗိုလ်မှူးသန့်ဇင်ဆိုသူထုတ်ယူသွားသော(၁၀-၃-၂၀၁၆)ရက်စွဲပါစာအမှတ်၊ရကစ/မြို့ပြ-မြေစီမံ၂၀၁၆(၅၄၃၅)ဖြင့်ထုတ်ပေးခဲ့သော "၁" နှစ်ယာယီလိုင်စင်မြေအသုံးပြုခွင့်လိုင်စင်အားမြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနမှပယ်ဖျက်ပြီးဖြစ်ပါကြောင်းအသိပေးကြေညာအပ်ပါသည်။

ဌာနမှူး၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

**အများသိစေရန်ကြေညာချက်**

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ (၄)ရပ်ကွက်၊ စာဂလမ်း၊ အမှတ် ၈၁၉နေ ဒေါ်ဇင်မာမို့ ၆/ကသန(နိုင်)၀၃၆၀၈၉၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း ကြေညာအပ်ပါသည်။

ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာဒုံမြို့နယ်၊ ပုလဲမြို့သစ်၊ ပေါင်းကူးဉာဏရပ်ကွက်၊ ကွင်းအမှတ် ၅၃၃/၅၁၁၊ ရွှေနဒီလမ်းတွင် ဒေါ်မြင့်မြင့်စန်း ၁၂/လကန(နိုင်)၀၅၅၃၁၅ပိုင်ဆိုင်သည့် မြေကွက်အနက်မှ ပြန်လည်ခွဲစိတ်ရခြင်းမရှိသေးသည့် ဘယ်ဘက်တွင် ဒေါ်မြင့်မြင့်စန်းမြေကွက်၊ ညာဘက်တွင် ဒေါ်မို့မို့လွင်မြေကွက်၊ အရှေ့ဘက်တွင် လမ်း၊ အနောက်ဘက်တွင် လမ်းတည်ရှိသည့် အလယ်တည့်တည့်ရှိ အလျား×အနံပေ(၁၀၀×၁၀၀) အကျယ်အဝန်းရှိ မြေကွက်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို ဒေါ်မြင့်မြင့်စန်း ၁၂/လကန(နိုင်) ၀၅၅၃၁၅ထံမှ ကျွန်ုပ်၏မိတ်ဆွေ ဒေါ်ဇင်မာမို့မှ ဝယ်ယူ၍ တန်ဖိုးငွေအားလုံးကို အပြည့်အဝ ပေးချေကာ လက်ရောက်ရယူခြံစည်းရိုးကာရံပြီးဖြစ်ပါသည်။ ထို့ကြောင့် ကျွန်ုပ်မိတ်ဆွေ ဒေါ်ဇင်မာမို့၏ ခွင့်ပြုချက်မရှိဘဲ မည်သူမဆိုယင်းမြေကို ရောင်းချ၊ ပေါင်နှံ၊ ပေးကမ်း၊ ငှားရမ်းခြင်း၊ လဲလှယ်ခြင်း၊ အခြားတစ်နည်းနည်းဖြင့်လွှဲပြောင်း ခြင်း၊ မြေပေါ်တွင် ကျူးကျော်ဝင်ရောက်ခြင်းတို့ လုံးဝပြုလုပ်ပိုင်ခွင့်မရှိကြောင်းနှင့် အကယ်၍ အဆိုပါကိစ္စရပ်များပြုလုပ်ခဲ့ပါက ပြစ်မှုကြောင်းအရဖြစ်စေ၊ တရားမကြောင်းအရဖြစ်စေ ဥပဒေနှင့်အညီ အရေးယူသွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

**ဦးအောင်ကျော်စိုး** B.A(Hist:), M.A(Q)II, H.G.P, D.B.L, D.M.L, D.A.Psy, B.D.S 4/2001 စီးပွားရေးနှင့်ဥပဒေရေးရာအကြံပေး ဥပဒေအကျိုးဆောင် အိမ်အမှတ်(၈၄၄-ခ)၊ စာဂ ၁၆လမ်း၊ (၄)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊

**ဒေါ်ဥမ္မာမြင့်** LL.B, D.B.L တရားလွှတ်တော်ရှေ့နေ ရုံးအမှတ် ၉၉၉၊ သစ္စာလမ်း(ဥပဒေရုံးအနီး) (၁၀)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊

ဖုန်း-၀၉-၈၆၁၈၀၄၅၊ ၀၉-၇၃၂၀၈၅၁၃၊ ၀၉-၇၃၁၇၁၉၂၅

**ယာဉ်မှတ်ပုံတင် မိတ္တူလျှောက်ထားခြင်း**

ယာဉ်အမှတ် ၃၂ယ/၈၀၄၉၈ ယာဉ်လက်ဝယ်ရှိသူ ဦးဌေးဦး ၇/ဖမန(ပြု)၀၀၀၀၁၀က (ကမ-၃) ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး (တောင်ငူ)**

**ကန့်ကွက်နိုင်ပါကြောင်း**

ပုသိမ်မြို့၊ အမှတ်(၈)ရပ်ကွက်၊ အကွက်အမှတ် ၁၁၉၊ မဟာဗောဓိကျောင်းအကွက်၊ ဦးပိုင်အမှတ် ၄၀၊ ဧရိယာ၀ဒသမ၀၂၇ဧကရှိ မြေအားဒေါ်ခင်နွဲ့အေးအမည်ဖြင့် မြေနေရာချထားမိန့်ထုတ်ပေးပါရန် လျှောက်ထားခြင်းနှင့်ပတ်သက်၍ ဤသတင်းစာတွင် ကြော်ငြာသည့်ရက်မှစ၍ ၁၅ ရက်အတွင်း ကန့်ကွက်ရန်ရှိပါက ပုသိမ်မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်း ကြော်ငြာအပ်ပါသည်။

**မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ပုသိမ်မြို့နယ်**

# UEFA ချန်ပီယံလိဂ်ဖလားကြီးနှင့် အာဆင်နယ်ကစားသမားဟောင်း ယွန်းဘတ်တို့ ပျော်ပြေနှုတ်ဆက်

**ရန်ကုန် မတ် ၂၆**

မြန်မာနိုင်ငံရှိ ဘောလုံးချစ်ပရိသတ်များရှိရာ ရန်ကုန်မြို့သို့ ပျော်ရွှင်စိတ်လှုပ်ရှားဖွယ် ရောက်ရှိနေသော UEFA ချန်ပီယံလိဂ်ဖလားကြီးနှင့် အာဆင်နယ်ကစားသမားဟောင်း ဖရက်ဒရစ်ယွန်းဘတ်တို့ ပျော်ရွှင်ဖွယ်နှုတ်ဆက်ဖျော်ဖြေပွဲကို တာမွေမြို့နယ် ရွှေထွဋ်ရှုတင် ကွင်း၌ မတ် ၂၆ ရက် ညနေ ၆ နာရီက ကျင်းပခဲ့ကြောင်း သိရသည်။

ယင်းဖျော်ဖြေ နှုတ်ဆက်ပွဲတွင် UEFA ချန်ပီယံလိဂ်ဖလားကြီးနှင့်အတူ ဖျော်ဖြေပွဲလာ မြန်မာဘောလုံးချစ်ပရိသတ်များက ပျော်ရွှင်ဖွယ် မှတ်တမ်းတင်ဓာတ်ပုံများ ရိုက်ကူးခြင်း၊ ဗီဒီယိုများရိုက်ကူးခြင်းတို့ဖြင့် လူမှုကွန်ရက် ဖေ့စ်ဘွတ်ခ်ပေါ်တွင် တင်ခွင့်ရရှိခဲ့ကြောင်း သိရသည်။

ထို့ပြင် အာဆင်နယ်ကစားသမားဟောင်း ဖရက်ဒရစ်ယွန်းဘတ်က မြန်မာဘောလုံးချစ်ပရိသတ်များအား အမှတ်တရ လက်မှတ်ရေးထိုးပေးခြင်း၊ ဓာတ်ပုံနှင့် ဗီဒီယိုများအတူတွဲရိုက်ခြင်းတို့ကို ပြုလုပ်ခဲ့ကြသည်။

ထို့ပြင် ဖျော်ဖြေပွဲလာ မြန်မာဘောလုံးချစ်ပရိသတ်များအား မြန်မာနိုင်ငံအလံ အလှဓာတ်ပုံများရေးဆွဲပေးခြင်း၊ ဘောလုံးဂိမ်းပြိုင်ပွဲများ ကျင်းပခြင်း၊ တစ်ဦးချင်း ပယ်နယ်တီကန်ခြင်းတို့အား ပျော်ရွှင်ဖွယ်ကျင်းပခဲ့ကြသည်။

ထို့ပြင် အဆိုတော် အေသင်ချိုဆွေ၊ DJ Fisewook နှင့် ဂီတပညာရှင်များက မြူးကြွသော တေးသီချင်းများဖြင့် သီဆိုဖျော်ဖြေတင်ဆက်ကြသည်။ UEFA ချန်ပီယံလိဂ်ဖလားကြီး၏ အာရှ-မြန်မာခရီးစဉ်သည် UEFA ဘောလုံးအဖွဲ့နှင့် ဟန်နီကင်တို့ ပူးပေါင်းစီစဉ်မှုဖြင့် မြန်မာနိုင်ငံ ဘောလုံးချစ် ပရိသတ်များဆီသို့ လာရောက်ပြသခြင်း ဖြစ်ကြောင်း သိရသည်။

ယင်းဖလားကြီးသည် အတွင်းပိုင်းတွင် ရွှေသားအစစ်ဖြင့် ပြုလုပ်ထားပြီး အပြင်ပိုင်း၌ ငွေသားအစစ်ဖြင့် ထုလုပ်ထားကြောင်း သိရသည်။ ဖလားကြီးတွင် ၁၉၅၆ ခုနှစ်မှစတင်ကာ ဗိုလ်စွဲခဲ့သော နိုင်ငံအသင်းများ၏ အမည်များကို ရေးထိုး မှတ်တမ်းတင်ထားကြောင်း သိရသည်။

UEFA ချန်ပီယံလိဂ်ဖလားကြီးသည် မတ် ၂၇ ရက်တွင် ရန်ကုန်မြို့မှတစ်ဆင့် ဘရာဇီး၊ ဗီယက်နမ်နှင့် အင်ဒိုနီးရှားနိုင်ငံတို့သို့ လှည့်လည်ထွက်ခွာမည်ဖြစ်သည်။ ထိုနိုင်ငံများ၌ ငါးရက်မှ ခြောက်ရက်ကြာ ပြသသွားမည်ဖြစ်သည်။ ထိုမှတစ်ဆင့် ချန်ပီယံလိဂ် ဗိုလ်လုပွဲကျင်းပမည့် အီတလီနိုင်ငံ မီလန်မြို့သို့ ဆက်လက်ထွက်ခွာမည်ဖြစ်ကြောင်း သိရသည်။

**တင်စိုး(မြန်မာ့အလင်း)**




UEFA ဖလားကြီးနှင့်အတူ မြန်မာဘောလုံးချစ် လူငယ်လေးများပျော်ရွှင်ဖွယ် ဓာတ်ပုံရိုက်ကူးစဉ်။

## မြန်မာ့ရုပ်မြင်သံကြား News Channel

**၂၇-၃-၂၀၁၆ (တနင်္ဂနွေနေ့)**

**နံနက်ပိုင်း**

- ၅ း ၃၀ - **(၇၁)နှစ်မြောက် တပ်မတော်နေ့ စစ်ရေးပြ အခမ်းအနား တိုက်ရိုက်ထုတ်လွှင့်မှု အစီအစဉ်**
- ၉ း ၃၅ - အနုပညာသတင်း အစီအစဉ်
- ၁၂ း ၃၅ - တစ်ပတ်အတွင်း နိုင်ငံတကာသတင်းစဉ်
- ၁၂ း ၅၀ - ဖြူ/မည်း ရုပ်ရှင် "သူရဲကောင်းလေးများ" ဇော်ဝမ်း၊ ဗိုလ်ဗကို၊ မေဝင်းမောင် (ဒါရိုက်တာ-မောင်တင်ဦး)

**ညပိုင်း**

- ၁၆ း ၁၅ - ဘောလုံးအားကစားနည်းရဲ့ အခြေခံနည်းစနစ်များ (အလယ်တန်းကစားသမား)(အပိုင်း-၂)
- ၁၆ း ၃၅ - ရွှေ့ပြောင်းအလုပ်သမား အစီအစဉ်
- ၁၇ း ၁၅ - ရိုင်းပင်းကူညီကြက်ခြေနီ
- ၁၇ း ၃၅ - ပြည်သူတို့ရဲ့စကားသံများ
- ၁၉ း ၁၅ - တမ်းတမ်းတတဖြစ်ခဲ့ရသော ရုပ်ရှင်သီချင်းများ (အပိုင်း-၃)
- ၂၀ း ၀၀ - ပြည်တွင်းသတင်း
- ၂၀ း ၃၅ - သမိုင်းယဉ်ကျေးမှု အမွေများ စုစည်းရာ ဘူမိနက်သန် အမျိုးသားပြတိုက် (နေပြည်တော်)
- - Tasty Trip
- - ဆိုကြမယ်၊ပျော်ကြမယ် **(၇၁)နှစ်မြောက် တပ်မတော်နေ့ ဂုဏ်ပြု အစီအစဉ်**

**မှတ်ချက်။ ။ နာရီစဉ် တိုင်းတွင် ပြည်တွင်း သတင်းနှင့် နိုင်ငံတကာ သတင်းများ ထုတ်လွှင့်ပေးပါသည်။**

# ကမ္ဘာ့ဖလားခြေစစ်ပွဲ တောင်အမေရိကဇုန် ဘရာဇီးနှင့် ဥရုဂွေးတို့ နှစ်ဂိုးစီသရေကျ

ကမ္ဘာ့ဖလား ၂၀၁၈ ခြေစစ်ပွဲများ ယှဉ်ပြိုင်ကစားခဲ့ရာ မတ် ၂၆ ရက် နံနက်ပိုင်းက ယှဉ်ပြိုင်ကစားခဲ့သည့် တောင်အမေရိကဇုန်မှ ဘရာဇီးနှင့် ဥရုဂွေးပွဲစဉ်တွင် တစ်ဖက်နှစ်ဂိုးစီ သရေရလဒ်ဖြင့် ပြီးဆုံးခဲ့သည်။

တောင်အမေရိကဇုန်တွင် ၁၀ နိုင်ငံ ယှဉ်ပြိုင်ကြပြီး ဘရာဇီးနှင့် ဥရုဂွေးပွဲစဉ်တွင် ပွဲစပြီး တစ်မိနစ်မှာပင် ဒေါက်ကလက်ကော်စတာက ဘရာဇီးအတွက် ဦးဆောင်ဂိုးသွင်းယူခဲ့သည်။ ပွဲချိန် ၂၆ မိနစ်တွင် ဘိုအောဂတ်စ်တိုက ဘရာဇီးအတွက် ဒုတိယဂိုးသွင်းယူခဲ့သည်။ ဥရုဂွေးအတွက် ချေပဂိုးကို ပွဲချိန် ၃၂ မိနစ်တွင် ကာဗာနီက သွင်းယူခဲ့ပြီး ပထမပိုင်းပြီးချိန်တွင် ဘရာဇီးအသင်း နှစ်ဂိုး-တစ်ဂိုးဖြင့် ဦးဆောင်ထားနိုင်သည်။ ဒုတိယပိုင်း ၄၈ မိနစ်တွင် တိုက်စစ်မှူးဆွာရက်ဇ် က ဥရုဂွေးအတွက် ဒုတိယမြောက် ချေပဂိုးသွင်းယူခဲ့သည်။ ဥရောပလိဂ်များတွင် သွားရောက်ကစားနေသည့် အတွေ့အကြုံရင့် ကစားသမားအများအပြားရှိနေသည့် အသင်းနှစ်သင်းတွေ့ဆုံမှုမှာ တစ်ဖက်နှစ်ဂိုးစီ သရေရလဒ်ဖြင့် ပြီးဆုံးခဲ့သည်။

တောင်အမေရိကဇုန် အုပ်စုတွင် ပွဲစဉ်(၅) ယှဉ်ပြိုင်ကစားအပြီး လေးပွဲနိုင်၊ တစ်ပွဲသရေ ရမှတ် ၁၃ မှတ်ဖြင့် အီကွေဒေါအသင်းဦးဆောင်နေပြီး ရမှတ် ၁၀ မှတ်ဖြင့် အဆင့်(၂)တွင် ဥရုဂွေးအသင်း၊ ရမှတ် ၈ မှတ်ဖြင့် ဘရာဇီးအသင်းတို့ ရပ်တည်နေသည်။

မတ် ၂၆ ရက် နံနက်ပိုင်းက ယှဉ်ပြိုင်ကစားခဲ့သော မြောက်အမေရိကဇုန် အုပ်စု(ဂ)ပွဲစဉ်တစ်ပွဲဖြစ်သော ဂွာတီမာလာနှင့် အမေရိကန်ပွဲတွင် အမေရိကန်တို့ နှစ်ဂိုး-ဂိုးမရှိဖြင့် ရှုံးနိမ့်ခဲ့သည်။ ဂွာတီမာလာအတွက် အနိုင်ဂိုးများကို ပွဲချိန် ၇ မိနစ်တွင် ရာဖေးလ်မိုရာလက်စ်၊ ၁၅ မိနစ်တွင် စင်ကော့တာတို့ သွင်းယူခဲ့သည်။ မြောက်အမေရိကဇုန်ပွဲစဉ်(၃) ယှဉ်ပြိုင်အပြီးတွင် ရမှတ် ၇ မှတ်ဖြင့် ထရီနီဒက်အသင်းဦးဆောင်နေပြီး အဆင့်(၂)တွင် ရမှတ် ၆ မှတ်ဖြင့် ဂွာတီမာလာ၊ အဆင့်(၃)တွင် ရမှတ် ၄ မှတ်ဖြင့် အမေရိကန်အသင်းက ရပ်တည်နေသည်။

**သီဟ** ■



ဥရုဂွေးတိုက်စစ်မှူး ဆွာရက် ဂိုးသွင်းအပြီး အောင်ပွဲခံစဉ်။

**မြောက်အမေရိကဇုန် ကွန်ကာကပ်ဖ်**
**မတ် ၂၆ ရက် ရလဒ်**

**အုပ်စု(A)**

| | | |
|---|---|---|
| အယ်လ်ဆာဗေဒို | ၂-၂ | ဟွန်ဒူးရပ်စ် |
| ကနေဒါ | ၀-၃ | မက္ကဆီကို |

**အုပ်စု(B)**

| | | |
|---|---|---|
| ဟေတီ | ၀-၀ | ပနားမား |
| ဂျမေကာ | ၁-၁ | ကော်စတာရီကာ |

**အုပ်စု(C)**

| | | |
|---|---|---|
| စိန့်ဗင်းဆင့် | ၂-၃ | ထရီနီဒက် |

**တောင်အမေရိကဇုန် (မတ် ၂၅)**

| | | |
|---|---|---|
| ချီလီ | ၁-၂ | အာဂျင်တီးနား |
| ပီရူး | ၂-၂ | ဗင်နီဇွဲလား |

## သာကေတမြို့နယ် အောင်စကြာမိုးကုတ်ဝိပဿနာ သင်္ကြန်အထူးတရားစခန်း

အောင်စကြာမိုးကုတ်ဝိပဿနာဓမ္မရိပ်သာကြီး၌ သင်္ကြန်အထူးတရားစခန်းပွဲကြီးကို ပြည်တွင်းပြည်ပ သာသနာပြုဓမ္မကထိက၊ မိုးကုတ်ဝိပဿနာအဖွဲ့ချုပ်ကြီး၏မဟာနာယက၊ မဟာကမ္မဋ္ဌာနာစရိယ၊ ဓမ္မကထိကဗဟုဇနဟိတရေဘွဲ့တံဆိပ်တော်ရ အောင်စကြာဆရာတော် ဒေါက်တာဘဒ္ဒန္တစန္ဒသိရီမှ ဦးဆောင်၍ ကျေးဇူးတော်ရှင်အဂ္ဂမဟာပဏ္ဍိတ၊ မိုးကုတ်ဆရာတော်ကြီး၏ ဥပနိဿယအတိုင်း ၁၀-၄-၂၀၁၆ ရက်မှ ၁၉-၄-၂၀၁၆ ရက်အထိ ကျင်းပသွားမည်ဖြစ်ရာ တရားခစန်းဝင်ရောက်လိုသော ဒုလ္လဘရဟန်း၊ သီလရှင်ဝတ်လိုသူများနှင့် ယောဂီများကြိုတင်စာရင်းပေးသွင်းနိုင်ရန် နိူးဆော်အပ်ပါသည်။ တရားစခန်းဝင်ရောက်လိုသော ယောဂီများအတွက် အရုဏ်ဆွမ်း၊ နေ့ဆွမ်း၊ အချိုပွဲ၊ အချိုရည်လှူဒါန်းလိုသော ကုသိုလ်ရှင်များသည် ဖုန်း-၀၉-၅၁၄၇၃၈၂၊ ၀၉-၉၇၈၈၁၄၆၄၂၊ ၀၉-၂၅၀၃၆၈၇၀၂ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ပါသည်။

## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၇ဃ/၁၂၉၀ Toyota Brevis S/L (4x2) ယာဉ်လက်ဝယ်ရှိသူ ဒေါ်မြတ်သူထွေး ၉/မခန(နိုင်)၁၅၁၁၀၃က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး (ရန်ကုန်အနောက်ပိုင်း)**

## ငြင်းချက်ထုတ်ရန်သမ္မန်စာ

**(တရားမကျင့်ထုံး ကိုဒ်ဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)**
**ညောင်လေးပင်မြို့နယ်တရားရုံးတော်၌**
**၂၀၁၆ခုနှစ် တရားမကြီးအမှုအမှတ်-၂၄**

မခင်စောယဉ်စိုး **တရားလို** **နှင့်** ရဲတပ်ကြပ်ဝင်းလွင် **တရားပြိုင်**

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ပိုင်းခရိုင်၊ ခရမ်းမြို့၊ ရဲတပ်ဖွဲ့စခန်းတွင် နေထိုင်သူ ရဲတပ်ကြပ်ဝင်းလွင် (ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

သင့်အပေါ်၌ တရားလိုက လင်မယားကွာရှင်းပြတ်စဲပေးစေလိုမှုရလိုကြောင်းနှင့် လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၄င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံးအခွင့်အမိန့်ရရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၄င်းအမှုနှင့်စပ်ဆိုင်သည့် အချက်အလက်များကို ချေပပြောဆိုနိုင်သူတစ်ဦးတစ်ယောက် ၄င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ ၂၀၁၆ခုနှစ် ဧပြီ ၂၂ရက် (၁၃၇၈ခုနှစ် တန်ခူးလပြည့်နေ) မွန်းမတည့်မီ ၁၀း၀၀နာရီတွင် အထက်ကအမည်ရေးသားပါရှိသူ တရားလိုစွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးသို့လာရောက်ရမည်။ ၄င်းအပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့်ရက်တွင် သင်မလာမရောက် ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၄င်းပြင် တရားလိုကကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်ကထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၁၆ ခုနှစ် မတ် ၂၄ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(မသိန်းလှိုင်)**
**တွဲဖက်မြို့နယ်တရားသူကြီး**
**ညောင်လေးပင်မြို့နယ်တရားရုံး**

## တရားဝင်ဇနီးဖြစ်ပါကြောင်း

ကျွန်မဒေါ်မေသန္တာ ၁၂/ဗဟန(နိုင်)၀၁၇၄၅၂နှင့် ဦးရန်အေး၏သား ဦးကျော်မြင့်အေး ၅/ရဘန(နိုင်)၁၆၂၂၄၀တို့သည် ၂၄-၄-၂၀၀၆ရက်တွင် တရားဝင်အကြင်လင်မယားအဖြစ် ပေါင်းသင်းခဲ့ကြရာ သားမောင်ဇေလင်းထင် ထွန်းကားခဲ့ပါသည်။ ဦးကျော်မြင့်အေး၏ ၂၅-၃-၂၀၁၆ ရက်စွဲ ကြေးမုံသတင်းစာ ကြော်ငြာစာမျက်နှာ(၂)ပါ ကြေညာချက်သည် တမင် မမှန်မကန် စွပ်စွဲထားခြင်းဖြစ်ပါသည်။ ကျွန်မနှင့် ဦးကျော်မြင့်အေးတို့သည် မြန်မာ့ဓလေ့ထုံးတမ်းနှင့်အညီ တရားဝင်ပေါင်းသင်းလျက်ရှိပါသောကြောင့် ကျွန်မဒေါ်မေသန္တာသည် ဦးကျော်မြင့်အေး၏ တရားဝင်ဇနီးဖြစ်ပါကြောင်း၊ အကြောင်းအမျိုးမျိုးဖြင့် ထိခိုက်နစ်နာအောင် ပြုလုပ်ပါက ဥပဒေအရ အရေးယူဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ဦးကျော်မြင့်အေးနှင့် အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်မေသန္တာ ၁၂/ဗဟန(နိုင်)၀၁၇၄၅၂**

## အမွေပြတ်စွန့်လွှတ်ခြင်း

ပဲခူးတိုင်းဒေသကြီး၊ ညောင်လေးပင်မြို့နယ်၊ ထော်နှုတ်စံပြကျေးရွာ၊ အေးသုခရပ်ကွက်၊ အမှတ် ၃၅၉နေ ဦးမြတ်မင်း ၇/ညလပ(နိုင်)၁၀၁၆၇၄-ဒေါ်အေးအေးခိုင် ၇/ညလပ(နိုင်)၀၃၁၉၆၇ တို့၏သား မောင်ကျော်သီဟမြတ်မင်း(ခ)မောင်ကံချွန်သည် မိမိသဘောဆန္ဒအလျောက် ပြုမူဆောင်ရွက်သွားပါသဖြင့် သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ နောက်နောင်၄င်းနှင့် ပတ်သက်သော ကိစ္စအဝဝအားလုံးကို တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ပါကြောင်း သိစေအပ်ပါသည်။

(စုံစမ်းမေးမြန်းခြင်းသည်းခံပါ။)

**ဦးမြတ်မင်း-ဒေါ်အေးအေးခိုင်**

ရန်ကုန် ရှေးဟောင်းအဆောက်အအုံများရဲ့ရာဇဝင်

# တစ်ခေတ်တစ်ခါက နည်းပညာနဲ့ မြန်မာကို ကမ္ဘာနဲ့ ဆက်သွယ်ပေးခဲ့သူ သို့မဟုတ် ကြေးနန်းရုံးကြီး

ဆောင်းပါး-ခင်ရတနာ
ဓာတ်ပုံ-မေဦးမိုး




**ရန်ကုန်မြို့လယ်ကောင် လူစည်ကားရာနေရာတစ်ခုဖြစ်တဲ့ ပန်းဆိုးတန်းလမ်းမကြီးကို သင်ရောက်ခဲ့မယ်ဆိုရင် မှိုပွင့်တွေလိုများပြားလှတဲ့ ဆိုင်ခန်းငယ်လေးတွေ၊ အဖီဆွဲချထားတဲ့ အရောင်းဆိုင်လေးတွေနောက်က အနီရောင်အဆောက်အအုံကြီးတစ်ခုကို သတိထားကြည့်လိုက်ပါ။ သင့်ကိုသင် အသက် ၁၀၀ ကျော်ရှိပြီလို့ စိတ်ကူးကြည့်လိုက်ရင် ခံ့ညားထည်ဝါတဲ့ အနီရောင်အဆောက်အအုံကြီးက နေပြောက်မထိုးအောင် သစ်ပင်ရိပ်တွေ ပြည့်နှက်နေတဲ့ ပန်းဆိုးတန်းလမ်းမကြီးမှာ သင့်ကို ငုံ့ကြည့်နေတယ်လို့ အတွေးပေါက်မှာ အသေအချာပါပဲ။ စိတ်ကူးထဲကထွက်ပြီး လက်တွေ့ဘဝမှာတော့ ဒီအဆောက်အအုံကြီးဟာ နေ့စဉ်ဖြတ်လျှောက်သွားရင်တောင် သတိမထားမိလောက်အောင် မှေးမှိန်နေတာကို သင်ကိုယ်တိုင် ကြုံဖူးသွားမှာပါ။**

လွန်ခဲ့တဲ့ ၁၀၃ နှစ်က ဒီအဆောက်အအုံကြီးကို ပန်းဆိုးတန်းလမ်းနဲ့ မဟာဗန္ဓုလလမ်းထောင့်မှာ စတင်တည်ဆောက်ခဲ့ပါတယ်။ ခေတ်ကာလအားဖြင့် ကိုလိုနီခေတ်အတွင်းဖြစ်ပြီး မြန်မာနိုင်ငံကို သိမ်းပိုက်ထားတဲ့ အင်္ဂလိပ်ကိုလိုနီတွေဟာ သူတို့ရဲ့ အုပ်ချုပ်မှုယန္တရားအဆင့်အတန်းမြင့်မားဖို့ ကြံဆောင်နေချိန်လည်းဖြစ်ပါတယ်။ တည်ဆောက်ခဲ့တဲ့ ကန်ထရိုက်အဖွဲ့ကတော့ Clark and Greig ဖြစ်ပြီး အဆောက်အအုံကြီးရဲ့ ဒီဇိုင်းကို ရေးဆွဲပေးသူကတော့ ကိုလိုနီခေတ် ထင်ရှားတဲ့ အဆောက်အအုံအတော်များများကို ရုပ်လုံးဖော်ပေးခဲ့တဲ့ ကျွန်မတို့ရဲ့ ဇာတ်လိုက်ကျော်ကြီး ဂျွန်ဘာ့ချ်ပဲဖြစ်ပါတယ်။ ကျွန်မရေးသားခဲ့တဲ့ ကိုလိုနီခေတ်လက်ရာ ရှေးဟောင်းအဆောက်အအုံ အတော်များများမှာ ဗိသုကာလက်ရာပိုင်ရှင်က ဂျွန်ဘာ့ချ်ဖြစ်ပြီး ဒီအဆောက်အအုံကြီးကတော့ သူ့ရဲ့နောက်ဆုံးရေးဆွဲခဲ့တဲ့ အဆောက်အအုံကြီးတစ်ခုဖြစ်ပါတယ်။ ဂျွန်ဘာ့ချ်က အိန္ဒိယအစိုးရရဲ့ လက်သုံးတော်အတိုင်ပင်ခံ ဗိသုကာဆရာတစ်ဦးဖြစ်ပြီး စကော့ချ် လူမျိုးတစ်ဦးလည်းဖြစ်ပါတယ်။ ရန်ကုန်မြို့ရဲ့အထင်ကရအဆောက်အအုံတွေထဲမှာ ပုံနှိပ်ရုံးကြီး၊ အကောက်ခွန်ရုံးနဲ့ ယခုအဆောက်အအုံဖြစ်တဲ့ ကြေးနန်းရုံးကြီးတို့တွေက ဂျွန်ဘာ့ချ်ရဲ့ လက်ရာတွေဖြစ်ပါတယ်။

ဗြိတိသျှလူမျိုးတွေက မြန်မာနိုင်ငံကို အုပ်ချုပ်ခွင့်ရချိန်မှာ ကုန်သွယ်ရေး၊ နိုင်ငံရေးနဲ့ အခြားအရေးကြီးတဲ့ ကိစ္စတွေကို အိန္ဒိယနဲ့ ဗြိတိန်အပါအဝင် နိုင်ငံတကာကို အလွယ်တကူ ဆက်သွယ်နိုင်ဖို့အတွက် ကြေးနန်းစနစ်ကို အမြန်ဆုံးကျင့်သုံးဖို့ အကြောင်းဖန်လာပါတယ်။ အဲဒီအတွက် တယ်လီဂရပ်ဖ်လို့ခေါ်တဲ့ ကြေးနန်းပေးပို့နိုင်တဲ့ ရုံးကြီးတစ်ခုကို တည်ဆောက်ဖို့ ဂျွန်ဘာ့ချ်ကို ၁၉၁၀ ပြည့်နှစ်အလွန်မှာ တာဝန်ပေးပါတော့တယ်။ ဗိသုကာ ဒီဇိုင်းထွက်လာပြီးတဲ့အခါ တည်ဆောက်ရေးက အင်ဂျင်နီယာတွေအတွက် အခက်အခဲတွေ အများကြီး ရင်ဆိုင်ခဲ့ရတယ်လို့ သမိုင်းမှတ်တမ်းတွေအရ သိရပါတယ်။

အနီရောင် လေးထပ်တိုက်အဆောက်အအုံကြီးကို ၁၉၁၃ခုနှစ်မှာ စတင်တည်ဆောက်ခဲ့ပါတယ်။ အုတ်အဆောက်အအုံဖြစ်ပြီး စတီးဖရိန်တွေကို ခြေကုပ်ယူတဲ့အနေနဲ့ အသုံးပြုခဲ့တယ်လို့ သိရပါတယ်။ ဒါ့အပြင် နံရံတွေအတွက် ဒေါက်တိုင်တွေကိုလည်း ပေ၂၀ အထိ မြင့်ထားတာမို့ လေဝင်လေထွက်နဲ့ သဘာဝနေရောင် အဆင်သင့်ဝင်ရောက်နိုင်တဲ့ အဆောက်အအုံတစ်ခုဖြစ်ပါတယ်။

ထူးခြားတာက ဖောင်ဒေးရှင်းတူးချိန်မှာ ဆောက်လုပ်ရေးအင်ဂျင်နီယာတွေအတွက် မမျှော်လင့်ထားတဲ့ အတွေ့အကြုံတွေ ရခဲ့တယ်လို့ သမိုင်းမှတ်တမ်းတွေမှာဖော်ပြထားပြီး ရေကြောတစ်ခုကြောင့် ဖောင်ဒေးရှင်းလုပ်ငန်းအတွက် စိန်ခေါ်မှုတွေ ဖြစ်ခဲ့ရပါသေးတယ်။ နောက်ဆုံးမှာ အတွေ့အကြုံရှိ အင်ဂျင်နီယာအဖွဲ့က အခက်အခဲအတွက် အဖြေတစ်ခုကို ဖော်ထုတ်အသုံးချခဲ့ကြပါတယ်။ အဲဒါကတော့ ကိုးပေအချင်းရှိတဲ့ ပိုင်တွေကို မြှုပ်နှံခဲ့၍ အဲဒီအထဲမှာ သဲတွေကို အပြည့်သွန်းလောင်း၍ မြေကြီးမာအောင်နဲ့ ခြောက်သွေ့အောင်ကြိုးစားခဲ့ရပြီး ရွှံ့နွံတွေနေရာမှာ အစားထိုးခဲ့ရခြင်းဖြစ်ပါတယ်။ သဲအပြည့်ခင်းပြီးခြောက်သွေ့ချိန်ကျတော့မှ နှစ်ပေခွဲရှိတဲ့ ဘိလပ်မြေတွေနဲ့ ထပ်မံပြီး ပိတ်ဆို့ခြင်းတွေနဲ့ ဖောင်ဒေးရှင်းကို အောင်မြင်စွာဆောင်ရွက်နိုင်ခဲ့ကြပါတယ်။

အဲဒီအချိန်က ကမ္ဘာမှာ ကြေးနန်းနဲ့ သတင်းတိုပို့တဲ့စနစ်ဟာ အလွန်ခေတ်စားလာခဲ့တာကြောင့် အဆောက်အအုံကြီး အချိန်မီပြီးစီးဖို့ တက်သုတ်ရိုက်ဆောင်ရွက်ခဲ့ကြတဲ့အတွက် ၁၉၁၇ခုနှစ်မှာ ယင်းအဆောက်အအုံကြီး အောင်မြင်စွာ ပြီးစီးခဲ့ပါတယ်။ အဆောက်အအုံကြီးဟာ လေးထပ်ဖြစ်တဲ့အပြင် ပန်းဆိုးတန်းလမ်း အမှတ် ၁၂၅၊ ၁၂၇၊ ၁၂၉၊ ၁၃၁ နဲ့ ၁၃၃ စတဲ့ အမှတ်တွေနေရာမှာ ဆောက်ခဲ့တယ်လို့ ခန့်မှန်းရပါတယ်။ အဆောက်အအုံကြီးရဲ့ ပုံသဏ္ဌာန်ဟာ ဟိတ်ဟန်အပြည့်နဲ့တည်ရှိပြီး အမှန်တကယ်အားဖြင့် တော်ဝင်အဆင့်အတန်းရှိတဲ့ အဆောက်အအုံတွေထဲမှာ ပါဝင်ပါတယ်။ အဆောက်အအုံကြီးရဲ့ မြင်းမိုရ်တံခါးအသွင် မျက်နှာစာတံခါးက ပန်ရနေပြီး ထုထည်ကြီးမားတဲ့ အဆောက်အအုံကြီးဟာ တစ်ခေတ်တစ်ခါက နည်းပညာ ခေတ်ရှေ့ပြေးမှုရဲ့ တန်ဆာတစ်ခုဖြစ်ခဲ့ပုံရပါတယ်။ ခမ်းနားတာနဲ့ ကိုက်ညီအောင်လည်း အမှန်တကယ် အသုံးဝင်အရေးပါခဲ့တာကို တွေ့ရပါတယ်။

ကုန်စည်မှာယူခြင်း၊ တင်ပို့ခြင်းနဲ့ အစိုးရအုပ်ချုပ်ရေးစနစ်တွေအတွက် လိုအပ်တဲ့ ကြေးနန်းတွေပေးပို့ရာမှာ အဆောက်အအုံကြီးဟာ အရေးပါခဲ့သလို ဒုတိယကမ္ဘာစစ်ဦးကာလမှာလည်း စစ်ရေးစစ်ရာကိစ္စတွေမှာ ကြေးနန်းအတွက် အသုံးတည့်ခဲ့မယ်ထင်ပါတယ်။ နောက်ပိုင်းမှာတော့ အိန္ဒိယက ရေဒီယိုလိုင်းတစ်ခုနဲ့ ချိတ်ဆက်မှုမရတော့တာတွေ ကြုံခဲ့ရတယ်လို့ သိရပါတယ်။ ဒါပေမယ့် အနိစ္စသဘောကြောင့် ဂျပန်တို့ အသာစီးရလာတဲ့ ဒုတိယကမ္ဘာစစ်ကာလမှာ ဂျပန်တို့ရဲ့ ပစ်မှတ်တစ်ခုဖြစ်လာခဲ့ပြီး ဖက်ဆစ်ဂျပန်တို့ရဲ့ အသုံးတော်ကိုလည်း ခံခဲ့ရနိုင်ပါသေးတယ်။ နောက်ပိုင်းအင်္ဂလိပ်တို့ ပြန်လည်အသာစီးရလာချိန်မှာတော့ အဆောက်အအုံကြီးကို နိုင်ငံတော်ပိုင်အဖြစ် ထားရှိခဲ့တယ်လို့ သမိုင်းမှတ်တမ်းတွေအရ သိရပါတယ်။

လွတ်လပ်ရေးရပြီးတဲ့ ၁၉၅၀ ပြည့်နှစ်နောက်ပိုင်းမှာတော့ ဒီအဆောက်အအုံကြီးကို နိုင်ငံခြားကြေးနန်းပေးပို့ခြင်းအတွက် အဓိကအသုံးပြုခဲ့ရာကနေ တစ်နှစ်ကို ကြေးနန်းသတင်းပေးပို့မှုအနေနဲ့ စောင်ရေ ၉၆၀၀၀ အထိ ပေးပို့ခဲ့ရပြီး ကြေးနန်းစောင်ရေ ၈၇၀၀၀ အထိ လက်ခံဖြန့်ဝေပေးနိုင်ခဲ့တယ်လို့ ဆက်သွယ်ရေးဆိုင်ရာ အချက်အလက်တွေအရ သိရှိရပါတယ်။ နောက်ပိုင်းမှာ ဆက်သွယ်ရေးဖုန်းလိုင်းတွေနဲ့ ဖက်စ်လိုင်းတွေ ပေါများလာတာကြောင့် ကြေးနန်းရုံးကြီးဟာ ဆက်သွယ်ရေးလုပ်ငန်းကိုလည်းပူးတွဲလုပ်ဆောင်ခဲ့ရတာက ဆိုရှယ်လစ်ခေတ်တစ်လျှောက်နဲ့ တပ်မတော်အစိုးရခေတ်တစ်လျှောက်လုံးပဲ ဖြစ်ပါတယ်။

ဒီနေ့အချိန်မှာ ဆက်သွယ်ရေး၊ သတင်းအချက်အလက်နဲ့ နည်းပညာတွေက အလျင်အမြန်တိုးတက်နေတာ အားလုံးအသိပဲဖြစ်ပါတယ်။ ကိုလိုနီခေတ်လက်ရာ ကြေးနန်းရုံးကြီးကိုတော့ ဆက်သွယ်ရေးကပိုင်ဆိုင်ပြီး ဆက်သွယ်ရေးဆိုင်ရာ ဝန်ဆောင်မှုတွေ ယနေ့တိုင် လုပ်ဆောင်နေတာကို မြင်တွေ့ရပါတယ်။ အဆောက်အအုံကြီးကတော့ ထိန်းသိမ်းမှုအားနည်းတယ်လို့ ခံစားရပေမယ့် အတွင်းပိုင်းမှာတော့ အကောင်းပကတိအနေအထားများစွာကို မြင်တွေ့နေရတာမို့ ရှေးဟောင်းအဆောက်အအုံတစ်ခုအနေနဲ့ ဖော်ထုတ်တင်ပြလိုက်ရပါတယ်။

**အဆောက်အအုံကြီးရဲ့ပုံသဏ္ဌာန်ဟာ ဟိတ်ဟန်အပြည့်နဲ့တည်ရှိပြီး အမှန်တကယ်အားဖြင့် တော်ဝင်အဆင့်အတန်းရှိတဲ့ အဆောက်အအုံတွေထဲမှာ ပါဝင်ပါတယ်။ အဆောက်အအုံရဲ့လှပမှုကို မြင်းမိုရ်တံခါးအသွင် မျက်နှာစာတံခါးက ပန်ရနေပြီး ထုထည်ကြီးမားတဲ့ အဆောက်အအုံကြီးဟာ တစ်ခေတ်တစ်ခါက နည်းပညာ ခေတ်ရှေ့ပြေးမှုရဲ့ အဆင်တန်ဆာတစ်ခုဖြစ်ခဲ့ပုံရပါတယ်။**

# မကွေးမြို့စွန် မြသလွန်နှင့် မင်းဘူးဘက်ကမ်း နဂါးပွက်တောင်ဆီသို့

ခ ရီး သွာ း ဆော င် း ပါ း

သတင်းဆောင်းပါး-မောင်မောင်မြင့်ဆွေ
ဓာတ်ပုံ-မောင်ချစ်ကြည်



**မကွေး မြသလွန်ဘုရားက ဘုရားဖူးအလာများသော မြန်မာနိုင်ငံရှိ စေတီများတွင် တစ်ဆူပါဝင်သည်။ ဧရာဝတီမြစ် အရှေ့ဘက် ကမ်းနဖူးပေါ်တွင် တည်ရှိပြီး မဟာသက္ကရာဇ် ၁၅၀ ပြည့်နှစ်၌ ရသေ့ကြီးသုံးပါးက တည်ထားခဲ့ခြင်းဖြစ်ကြောင်း သိရသည်**

**တစ်ညလုံးကားစီးလာခဲ့သဖြင့် အဝေးပြေးကားဝင်း၌ ကားရပ်ပြီးဆင်းလိုက်သည့်အခါ တစ်ကိုယ်လုံးညောင်းညာကိုက်ခဲနေသည်။ ကားဂိတ်တွင် အသင့်လာကြိုနေသော ကိုခင်မောင်ချိုကိုတွေ့လိုက်ရသဖြင့် ဝမ်းသာသွားသည်။ သူနှင့်အတူ အဝေးပြေးကားဂိတ်မှလမ်းလျှောက်ထွက်လာခဲ့ပြီး အနီးရှိ လက်ဖက်ရည်ဆိုင်တစ်ဆိုင်တွင် ဝင်ထိုင်ကာ ခေတ္တနားရင်း လက်ဖက်ရည်နှစ်ခွက်မှာလိုက်ရာ စားပွဲထိုးလူငယ်က ''ပစ်လဲ တူး'' ဟု အော်လိုက်သဖြင့် မကွေးမြို့ရောက်ရောက်ချင်း စကားအသုံးအနှုန်းအသစ်အဆန်းတစ်ခုကို စတင်ကြားလိုက်ရသည်။**

မကွေးမြို့ကို အရင်ကရောက်ဖူးသော်လည်း ဖြတ်သွားဖြတ်လာထက်မပိုခဲ့။ တာဝန်များဖြင့် သွားလာရသည်ဖြစ်ရာ မကွေးမြို့သည် ကျွန်တော်နှင့်စိမ်းနေသည်။ ခေတ္တခဏပင် မရပ်နားခဲ့ဖူးသော မကွေးမြို့က ကျွန်တော့်အတွက် အမြင်ဆန်း၊ အကြားဆန်းနေသည်က အမှန်ပင်။ စားပွဲထိုးလူငယ်လာချပေးသော လက်ဖက်ရည်ကို အသာယူ၍ တစ်ငုံသောက်ကြည့်ရာ အချိုကဲလွန်းပြီး လက်ဖက်ခြောက်အရသာမရှိ။ အချိုကို ဦးစားပေးထားသဖြင့် ပစ်လဲမတတ်ချိုသော လက်ဖက်ရည်မို့လို့လား မသိ၊ ပစ်လဲဟုအရပ်ခေါ်ခေါ်နေကြခြင်းဖြစ်မည်ဟု တွေးမိသည်။ မကွေးမြို့သား ကိုခင်မောင်ချိုကိုမေးကြည့်ရာ မဖြေဘဲ ပြုံးနေသည်။

မကွေးမြို့သို့ရောက်ရှိခိုက် တစ်ညအိပ်မည်ဖြစ်ရာ ကိုခင်မောင်ချိုတို့အိမ်သို့လိုက်သွားပြီး ခေတ္တနားရေချိုးကာ တွေ့ဆုံရမည့်ဌာနဆိုင်ရာများဆီသို့ သွားကာမေးမြန်းပြီး တာဝန်များဆောင်ရွက်ရသည်။ အလုပ်တာဝန်များပြီးစီးချိန်တွင် မွန်းတည့် ၁၂ နာရီရှိပြီဖြစ်ရာ အချိန်ရသမျှ မကွေးမြို့တွင် လေ့လာမှုပြုလုပ်ရန် ကိုခင်မောင်ချိုက ကားဖြင့် လိုက်လံပို့ဆောင်ပေးသည့်အတွက် ကျေးဇူးတင်ရသည်။

မကွေးမြို့က ပင်လယ်ရေမျက်နှာပြင်အထက် မီတာ ၅၀ ခန့်မြင့်သောနေရာတွင် တည်ထားခြင်းဖြစ်သည်။ ဧရာဝတီမြစ်အရှေ့ဘက်ကမ်းတွင် တည်ရှိပြီး ရန်ကုန်မြို့နှင့် မိုင် ၃၃၀ ကျော်ဝေးသည်။ မန္တလေးမြို့နှင့် ၂၃၅ ကီလိုမီတာဝေးပြီး နေပြည်တော်နှင့် ၁၃၃ ကီလိုမီတာဝေးသည်။ အပူပိုင်းဇုန်အတွင်းကျရောက်၍လားမသိ အပူရှိန်ပြင်းလေသည်။ မကွေးမြို့က မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့ ရုံးစိုက်ရာမြို့တော်ဖြစ်ပြီး မကွေးခရိုင် မကွေးမြို့နယ် လည်းဖြစ်သည်။ မကွေးခရိုင်အတွင်း မကွေး၊ ရေနံချောင်း၊ ချောက်၊ တောင်တွင်းကြီး၊ မြို့သစ်နှင့် နတ်မောက်မြို့နယ်များပါဝင်သည်။

"မကွေးမြို့ကို ပုဂံခေတ်ကာလ ၁၁၅၉ ခုနှစ် ဖေဖော်ဝါရီ ၈ ရက်မှာ စတင်တည်ထောင်တယ်လို့သိရပြီး မကွေးဆိုတဲ့ အမည်ကလည်း မြစ်ကွေ့မှ ဆင်းသက်လာတာဖြစ်တယ်လို့ ဆိုကြတယ်" ဟု ကားမောင်းရင်း ကိုခင်မောင်ချိုက ပြောပြသည်။ မကွေးမြို့လမ်းများပေါ်တွင် ဆိုင်ကယ်၊ ကားနှင့် စက်ဘီးများက မောင်းနှင်သွားလာလျက်ရှိသည်ကို တွေ့ရသည်။ မြို့တွင်း ကားလမ်းဘေးဝဲယာတွင် နေအိမ်တိုက်တာများကို မြင်တွေ့ရပြီး လမ်းပန်းဆက်သွယ်ရေးကောင်းမွန်လာမှုကြောင့် ဖွံ့ဖြိုးလာသည့် မြင်ကွင်းများကို တွေ့ရသည်။

ဘကြီးတော်ဘုရားလက်ထက်က မကွေးမြို့သူကြီးမှာ ဦးထွန်းပေါ်ဖြစ်ပြီး သာယာဝတီမင်းလက်ထက်တွင် မင်းထင်မင်းလှကျော်ခေါင်ဖြစ်သည်။ မင်းတုန်းမင်းလက်ထက်တွင်မူ မကွေးမြို့သူကြီးမှာ ဦးရွှေပြည့်ဖြစ်ကြောင်း မှတ်တမ်းများ၌ ဖတ်ရှုမှတ်သားမိသည်ကို သတိရမိသည်။ ဦးရွှေပြည့်မှာ တခြားသူမဟုတ် ၁၈၆၆ ခုနှစ်က မြင်းကွန်းမြင်းခုန်တိုင်အရေးတွင် မင်းသားများဘက်မှ ကူညီခဲ့သူဖြစ်သည်ကိုလည်း သမိုင်းစာအုပ်များတွင် လေ့လာခဲ့ဖူးသည်။

"ကျွန်တော်တို့ မြသလွန်စေတီကို သွားဖူးရအောင်" ဟု ကိုခင်မောင်ချိုက ပြောသဖြင့်အတွေးပြတ်သွားသည်။ မော်တော်ယာဉ်ကို ဘုရားလမ်းအတိုင်း မောင်းလာခဲ့သည်။ မကွေးမြသလွန်ဘုရားက ဘုရားဖူးအလာများသော မြန်မာနိုင်ငံရှိ စေတီများတွင်တစ်ဆူပါဝင်သည်။ မကြာမီ ကားလမ်းကိုဖြတ်ပြီး တည်ဆောက်ထားသော မုခ်ဦးဆိုင်းဘုတ်ကြီးကို တွေ့လိုက်ရသည်။ "မကွေးမြသလွန်စေတီတော်မြတ်ကြီး" ဟူသောစာလုံးကို နီညိုရောင်အောက်ခံ၊ ရွှေရောင်ဖောင်းကြွစာလုံး၊ အနားကွပ်ထားသော ကနုတ်ပန်းများ၊ နီညိုရောင် တိုင်နှစ်လုံးနှင့် အပေါ်ပိုင်းရွှေရောင်ခြယ်သထားသည့် ကမ္ပည်းစာသားပါ မုခ်ဦးကိုခံ့ထည်စွာ တွေ့မြင်ရသည်။ ကျွန်တော်တို့ ကားမောင်းဝင်ခဲ့ပြီး ကားကိုရပ်ခဲ့ကာ မြသလွန်စေတီအားတက်ရောက်ဖူးမြော်ကြည်ညိုခဲ့သည်။

မကွေးမြသလွန်ဘုရားက ဧရာဝတီမြစ်အရှေ့ဘက်ကမ်းနဖူးပေါ်တွင်တည်ရှိပြီး မဟာသက္ကရာဇ် ၁၅၀ ပြည့်နှစ်၌ရသေ့ကြီးသုံးပါးက တည်ထားခဲ့ခြင်းဖြစ်ကြောင်း သိရသည်။ မကွေးမြသလွန်ဘုရားရင်ပြင်မှာ ကြွေပြားများခင်းထားသဖြင့် သန့်ရှင်းသပ်ရပ်နေသည်။ ရင်ပြင်တော်ပေါ်တွင် ပြည်တွင်းဘုရားဖူးများကိုတွေ့ရပြီး ကမ္ဘာလှည့်ခရီးသွားဧည့်သည်အချို့ကိုလည်း တွေ့မြင်ရသည်။ မကွေးမြသလွန်စေတီရင်ပြင်၌ ဦးချကန်တော့ပြီးနောက် ရင်ပြင်တော်ကို လက်ယာရစ်တစ်ပတ်ပတ်ကာ လေ့လာမိသည်။ အာရုံခံတန်ဆောင်းရှိပြီး သာသနိကအဆောက်အအုံများလည်း တည်ရှိသည်ကို တွေ့ရသည်။ ဧရာဝတီမြစ်၏ မြင်ကွင်းကျယ်သဘာဝအလှနှင့်အတူ ကြည်ညိုသပ္ပာယ်စရာကောင်းသော မကွေးမြသလွန်စေတီပင်ဖြစ်သည်။

မကွေးမြသလွန်ဘုရားတွင် ကဿပဘုရားရှင်၏ ရွှေသားသလွန်၊ ဂေါတမမြတ်စွာဘုရား၏မြသလွန်တို့ကိုဌာပနာထားကြောင်း သိရသည်။ ယခင်က ဉာဏ်တော် ၃၅ တောင်မြင့်ပြီး ပုဂံခေတ် စောလူးမင်းလက်ထက်၌ သံတောင် ၅၅ တောင်မြင့်ခဲ့သည်။ မြသလွန်စေတီသည် ကုန်းဘောင်ခေတ် ၁၈၄၇ ခုနှစ်တွင် ငလျင်ဒဏ်ကြုံတွေ့ခံစားခဲ့ရပြီး ပြိုကျပျက်စီးမှုများ ရှိခဲ့သည့်အတွက် မကွေးမြို့သူကြီး မင်းထင်မင်းလှကျော်ခေါင်က ပြန်လည်ပြုပြင်ခဲ့ရာ စေတီတော်၏ ဉာဏ်တော်အမြင့် ၆၆ တောင် ၂ မိုက်ရှိကြောင်းသိရသည်။ မကွေးမြသလွန်စေတီတော်ရင်ပြင်ပေါ်မှ ဧရာဝတီမြစ်နှင့် ပတ်ဝန်းကျင်မြင်ကွင်းအလှကို ငေးမောကြည့်ရှုခံစားမိသည်။ အပေါ်စီးမှ မြင်တွေ့ရသော ဧရာဝတီမြစ်က နွေရာသီမို့လားမသိ ရေနည်းကာ အချို့နေရာများ၌ သောင်ထွန်းနေသည်။ စိုက်ခင်းများကို မြင်တွေ့ရပြီး ဧရာဝတီမြစ်ရေသောက် ကြက်သွန်၊ အာလူး၊ နေကြာ စိုက်ခင်းများဖြစ်၍ အစိမ်းရောင်လွှမ်းကာ အောင်မြင်ဖြစ်ထွန်းနေသည်။ ဧရာဝတီ စိုက်ခင်းများနှင့် ခပ်လှမ်းလှမ်းမှ ကျေးရွာအချို့ကို မြင်တွေ့ရသည်မှာ သဘာဝပန်းချီကားတစ်ချပ်ကဲ့သို့ပင်။




"မကွေးမြို့စွန် မြသလွန်ကို အတူဖူးခဲ့တာတွေ" ဆိုသည့်နာမည်ကျော် သီချင်းစာသားကို အမှတ်ရမိသည်။ မကွေးဇာတိဖြစ်သော ပညာမင်းကြီးဦးချို၊ ဟာသသရုပ်ဆောင်ကျော်ထူးတို့က ထင်ရှားကျော်ကြားသူများဖြစ်သည်။ စေတီတော်ရင်ပြင် တနင်္ဂနွေထောင့်တွင် ချိတ်ဆွဲလှူဒါန်းထားသော ရွှေခေတ်ခေါင်းလောင်းတစ်ခုကို တွေ့ရသည်။ သီရိယဏ္ဍာခေါင်းလောင်းဖြစ်ပြီး သာယာဝတီမင်းလက်ထက် ၁၈၄၆ ခုနှစ်အောက်တိုဘာ ၁၈ ရက်၌ မကွေးမြို့သူကြီး ဦးရွှေပြည့်က လှူဒါန်းခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

ကျွန်တော်တို့ မကွေးမြသလွန်စေတီတော်မှ ပြန်ဆင်းလာခဲ့သည်။ ဘုရားပွဲတော်ကာလအတွင်း စောင်းတန်းတစ်လျှောက် ဈေးသည်များ၊ ဘုရားဖူးများဖြင့် ပြည့်ကျပ်စည်ကားနေတတ်သော်လည်း ယခုအချိန်တွင်မူ ပုံမှန်ဈေးသည်များနှင့် ဘုရားဖူးများသာရှိနေသည်။ မကွေးမြို့အတွင်း ကားဖြင့်လှည့်ပတ်ကြည့်ရှုခဲ့သည်။ မကွေးမြို့တွင်းလမ်းများက အချို့ကျယ်ပြန့်ပြီး အချို့လမ်းများက ကျဉ်းသည်။ မကွေးတက္ကသိုလ်ဘက်ရောက်ခဲ့သည်။ တက္ကသိုလ်အဝင်လမ်း ဝဲယာတွင် ဆိုင်များဖြင့် စည်စည်ကားကားရှိနေပြီး တက္ကသိုလ်ကျောင်းသား ကျောင်းသူများက ဆိုင်ကယ်၊ စက်ဘီးဖြင့် သွားလာလှုပ်ရှားနေကြသည်။ မကွေးမြို့ဝန်းကျင်နှင့် မကွေးတိုင်းဒေသကြီးအတွင်းမှ လူငယ်များ တက္ကသိုလ်ပညာရေးကို လွယ်ကူစွာ သင်ကြားနိုင်လေသည်။

မကွေးမြို့က တိုင်းဒေသကြီးမြို့တော်ဖြစ်ရာ တက္ကသိုလ်ပေါင်းစုံရှိသည်။ ဆေးတက္ကသိုလ်(မကွေး)၊ နည်းပညာတက္ကသိုလ်၊ ပညာရေးကောလိပ်၊ ကွန်ပျူတာတက္ကသိုလ်နှင့် မကွေးတက္ကသိုလ်တို့ တည်ရှိသဖြင့် တက္ကသိုလ်မြို့တော်ဖြစ်နေသည်။ မကွေးတွင် နာမည်ကျော် ဗုဒ္ဓဘာသာဘုန်းတော်ကြီးစာသင်တိုက်ကြီးများ တည်ရှိရာ ကျမ်းဂန်တတ် ဆရာတော်များပေါ်ထွန်းရာမြို့လည်းဖြစ်သည်။ ဗုဒ္ဓစာပေလေ့လာလိုက်စားသည့် သံဃာတော်များအနေဖြင့် မကွေးစာသင်တိုက်များသို့ ရောက်ရှိဆည်းပူးကြရသည်က များသည်။

ကျွန်တော်တို့ဧရာဝတီတံတား(မကွေး) ဘက်သို့ထွက်လာခဲ့သည်။ မကွေးမြို့နှင့် မင်းဘူးမြို့ဘက်သို့ဧရာဝတီမြစ်ကို ဖြတ်ကျော်တည်ဆောက်ထားသော တံတားဖြစ်ရာ ဧရာဝတီမြစ်အရှေ့ဘက်ကမ်းနှင့် အနောက်ဘက်ကမ်းကို ဆက်သွယ်ဆောက်လုပ်ထားခြင်းဖြစ်သည်။ မကွေးမြို့ဘက်ခြမ်းတွင် ကမ်းနားလမ်းကိုဖြတ်ကျော်ကာ လမ်းမတော်နှင့် ဘုရားလမ်းဆုံရာအထိ ချဉ်းကပ်လမ်းရောက်ရှိသဖြင့် မင်းဘူးဘက်မှလာသော မော်တော်ယာဉ်များက တံတားကို ဖြတ်ကျော်လိုက်သည်နှင့် မကွေးမြို့အတွင်း တိုက်ရိုက်ရောက်ရှိသွားလေသည်။

ဧရာဝတီတံတား(မကွေး)ပေါ်မှ ကျွန်တော်တို့ မော်တော်ယာဉ်ဖြင့် ဖြတ်သန်းခဲ့သည်။ မင်းဘူးမြို့ရှိ နဂါးပွက်တောင်သို့ သွားရောက်လေ့လာရန်ဖြစ်သည်။ တံတားပေါ်ဖြတ်သန်းရင်း ဧရာဝတီမြစ်အတွင်း

**စာမျက်နှာ ၁၇ သို့**

*စာမျက်နှာ ၁၆ မှ*

စုန်ဆန်ခုတ်မောင်းသွားလာနေသော ရေယာဉ်အချို့ကို လှမ်းမြင်ရသည်။ မြစ်အတွင်းရေနည်းနေပြီဖြစ်ရာ ရေနက်သည့်လမ်းကြောင်းအတိုင်း တဖြည်းဖြည်း ခုတ်မောင်းသွားလာနေသည်ကို တွေ့ရသည်။ စိုက်ပျိုးရေးအတွက် မြစ်ရေတင်စီမံကိန်း၊ လျှပ်စစ်ဓာတ်အားထုတ်ယူမှုအပြင် ရာသီဥတုသဘာဝတို့ဖောက်ပြန်ကာ ရေအရင်းအမြစ်များ လျော့နည်းလာမှုတို့ကြောင့် ဧရာဝတီလည်း ပုံပျက်နေသည်ကို မြင်တွေ့ရသဖြင့် စိတ်မသက်မသာဖြစ်မိသည်ကအမှန်ပင်။

အရှည်မီတာ ၂၉၃၀ ရှိသော ဧရာဝတီတံတား(မကွေး)ကို ဖြတ်ကျော်ပြီးသည်နှင့် ဧရာဝတီမြစ်အနောက်ဘက်ကမ်းရှိ မင်းဘူးမြို့ဆီသို့ ဆက်လက်ထွက်ခွာခဲ့သည်။ မိနစ်ပိုင်းအတွင်း မင်းဘူးမြို့သို့ရောက်ရှိလာခဲ့သည်။ ယခင်က မကွေးမှ မင်းဘူးမြို့သို့ စက်လှေဖြင့်သာသွားလာခဲ့ရသဖြင့် အချိန်တစ်နာရီကျော်ကြာရာ အချိန်ကုန်၊ ခရီးဖင့်ပြီး ငွေကုန်ကြေးကျလည်းများသည်။ ယခုတော့ မကွေးမှ မင်းဘူးသို့ မိနစ်ပိုင်းအတွင်း သက်သာစွာရောက်ရှိလာသည်။


နဂါးပွက်တောင်ထိပ်မှ ရွှံ့ရည်များ ဆူပွက်နေသည်ကို တွေ့ရစဉ်။

" နဂါးပွက်တောင်၏ ပင်မရွှံ့မီးတောင်မှာ ပေ ၃၀ ကျော်မြင့်ပြီး ထိပ်ဝအကျယ်မှာ ရှစ်ပေခန့်ရှိကြောင်း တွေ့ရသည်။ ထိပ်ဝပိုင်းမှာ ချိုင့်နေပြီး ရွှံ့ရည်ပွက်များ ဆူပွက်လျက်ရှိသည်။ ရွှံ့ရည်ပွက်များမှာ ဆင်ခြေလျှောအတိုင်း ပေ ၈၀ ခန့်အထိ အောက်ခြေသို့ စီးဆင်းနေသည်ကို တွေ့မြင်ရ"

မင်းဘူးမြို့မှာ ယခင်က သာမန်ရွာတစ်ရွာဖြစ်ခဲ့သည်။ ယခု မင်းဘူးမြို့၏ မြောက်ပိုင်းတွင် ဇေယျာလှအမည်ရှိရွာအဖြစ်တည်ရှိခဲ့ရာမှ မင်းဘူးမြို့အဖြစ် ရောက်ရှိလာခဲ့ခြင်းဖြစ်သည်။ မင်းဘူးမြို့အမည်နှင့်ပတ်သက်ပြီး အလောင်းစည်သူမင်း တိုင်းခန်းလှည့်လည်စဉ် ယခုမြသလွန်တောင်အနီး တောင်ပေါ်မှ ဘုရားများကို ဖူးမြော်ခဲ့သဖြင့် မင်းဖူးမြော်ရာအရပ်မှ မင်းဘူးမြို့ဟု ခေါ်တွင်ခဲ့ကြောင်း ဖတ်ရှုခဲ့ရဖူးသည်။ တစ်ဖန် ကံရာဇာကြီး၊ ကံရာဇာငယ် ညီနောင်တို့ နန်းလုကြစဉ် ကံရာဇာကြီး ရှုံးနိမ့်ခဲ့ရာ နောက်လိုက်အချို့က ဇေယျာလှရွာတွင် ပဒေသရာဇ်မင်းငယ်အချို့နှင့် ပူးပေါင်းခဲ့သည်ကို အစွဲပြုပြီး မင်းပူးဟု ခေါ်ဆိုရာမှ ယခု မင်းဘူးမြို့ဟု အမည်တွင်ခဲ့ကြောင်း အချို့မှတ်တမ်းများ၌ ဖော်ပြထားသည်ကို တွေ့ရှိရပြန်သည်။ မည်သို့ပင်ဖြစ်စေ ဗြိတိသျှလက်ထက် ၁၈၈၆ ခုနှစ်တွင် မင်းဘူးကို မြို့အဖြစ် သတ်မှတ်ခဲ့ခြင်း ဖြစ်သည်။

မင်းဘူးမြို့သို့ ကျွန်တော်ရောက်ရှိလာသည်။ ရေနံထွက်သော မင်းဘူးမြို့သည် ယခင်နှင့်မတူတော့။ ဖွံ့ဖြိုးမှုရှိလာသည်ကို တွေ့ရသည်။ မင်းဘူးမြို့တွင်းရောက်သည့်အခါ မင်းဘူးမြို့အနီး မင်းဇံရွာဇာတိဖြစ်သော အလင်္ကာကျော်စွာ ဇာတ်ဆရာကြီး ဦးစံခိုအား သတိရမိသည်။ မြန်မာ့ဇာတ်သဘင်လောကတွင် ထင်ရှားခဲ့သူတစ်ဦးဖြစ်သည်။ တစ်ဖန် ရဲဘော်သုံးကျိပ်ဝင် ဗိုလ်လရောင်သည်လည်း မင်းဘူးမြို့ သူဌေးကုန်းရပ်ကွက်ဇာတိဖြစ်သလို အထောက်တော်အုန်းမြင့်သည်လည်း မင်းဘူးဇာတိပင်ဖြစ်သည်ကို အမှတ်တရရှိနေမိသည်။

မင်းဘူးမြို့တောင်ဘက် မိုင်ဝက်ခန့်အကွာတွင်ရှိသော နဂါးပွက်တောင်သို့ ကျွန်တော်တို့ရောက်လာခဲ့သည်။ ကားများရပ်နားစရာနေရာကျယ်သဖြင့် အဆင်ပြေသည်။ မော်တော်ယာဉ်များဖြင့် လာရောက်လေ့လာကြသူများကို တွေ့ရသည်။ နဂါးပွက်တောင်ခြေတွင် အလှူငွေများထည့်ပြီး လှေကားထစ်များမှတစ်ဆင့် နဂါးပွက်တောင်ထိပ်သို့ တက်ရောက်ခဲ့သည်။ နဂါးပွက်တောင်၏ ပင်မရွှံ့မီးတောင်မှာ ပေ ၃၀ ကျော်မြင့်ပြီး ထိပ်ဝအကျယ်မှာ ရှစ်ပေခန့်ရှိကြောင်း တွေ့ရသည်။ ထိပ်ဝပိုင်းမှာ ချိုင့်နေပြီး ရွှံ့ရည်ပွက်များ ဆူပွက်လျက်ရှိသည်။ ရွှံ့ရည်ပွက်များမှာ ဆင်ခြေလျှောအတိုင်း ပေ ၈၀ ခန့်အထိ အောက်ခြေသို့ စီးဆင်းနေသည်ကို တွေ့မြင်ရသည်။ ဧည့်သည်အချို့က ရွှံ့ရည်ပွက်များအတွင်း ပိုက်ဆံများပစ်ထည့်လှူဒါန်းမှုကြောင့် တားမြစ်ထားသည်ကို သတိပြုမိသည်။ နဂါးပွက်တောင် ပင်မရွှံ့မီးတောင်အနီးဝန်ကျင်တစ်ခွင်တွင် မီးတောင်ထိပ်ဝငယ်အချို့ကို မြင်တွေ့ရသည်။ ဘူမိဗေဒပညာရှင်များက ရွှံ့မီးတောင်များဖြစ်ပြီး နဂါးပွက်တောင်မှာရွှံ့မီးတောင်အရှင်ဖြစ်ကြောင်း သတ်မှတ်ထားသည်ဟု သိရသည်။ နဂါးပွက်တောင်ပေါ်တွင် ရွှံ့ရည်များ ဆူပွက်နေမှုကို အတန်ကြာကြည့်ရှုပြီးနောက် ကျွန်တော်တို့ ပြန်ဆင်းလာခဲ့သည်။

နဂါးပွက်တောင်ခြေတွင် အဆောက်အအုံများ စနစ်တကျသပ်ရပ်စွာ တည်ဆောက်ထားသဖြင့် လာရောက်လေ့လာသူများအတွက် အဆင်ပြေသည်။ မြွေကြီးနှစ်ကောင်ကိုလည်း ထိန်းသိမ်းစောင့်ရှောက်ထားသည်ကိုလည်း တွေ့ရသည်။ ကျွန်တော်တို့နဂါးပွက်တောင်မှ ပြန်ထွက်လာခဲ့သည်။ မင်းဘူးမြို့မြောက်ဘက်တွင်ရှိသော ဝက်ကြီးဂူသို့ သွားရောက်လေ့လာလိုသော်လည်း ညနေ ၅ နာရီကျော်နေပြီဖြစ်ရာ အချိန်မရတော့။ ဝက်ကြီးဂူအတွင်း နံရံဆေးရေးပန်းချီများရှိကြောင်း သိရသည်။ ဗုဒ္ဓဖြစ်စဉ်ဇာတ်တော်အချို့ကို ယိုးဒယားဟန်ဖြင့်ရေးဆွဲထားကြောင်း အတူလိုက်ပါပို့ဆောင်သည့် ကိုခင်မောင်ချိုက ပြောသည်။

ကျွန်တော်တို့ မင်းဘူးမြို့မှ ပြန်ထွက်ပြီး ဧရာဝတီတံတား (မကွေး)ကို ဖြတ်သန်းချိန်တွင် မှောင်ရီသန်းစပြုနေပြီဖြစ်သည်။ ဧရာဝတီမြစ်ကမ်းနဖူးတွင်တည်ထားသော မကွေးမြသလွန်ဘုရားမှ ဆီမီးရောင်များကြောင့် ရွှေရောင်တောက်ပနေသော မြသလွန်စေတီကို အဝေးမှဖူးမြော်မိသည်။ မကွေးမြို့ပြန်ရောက်ချိန်တွင် လျှပ်စစ်မီးရောင်များဖြင့် စည်ကားလျက်ရှိနေဆဲပင်။ ။

# ပေါက်ကွဲစေတတ်သည့် အီး-စီးကရက်အန္တရာယ်

ဘာသာပြန်-ကလျာမိုးမြင့်

ကနေဒါနိုင်ငံသား ထောင်ပေါင်းများစွာတို့ နေ့စဉ်နှင့်အမျှ သောက်သုံးနေသော အီး-စီးကရက်သည် လူသိနည်းသော ရုတ်တရက် ပေါက်ကွဲစေတတ်သည့် အန္တရာယ်ရှိကြောင်း ဆရာဝန်များက သတိပေးပြောဆိုလာကြသည်။

ပြီးခဲ့သည့် သီတင်းပတ်က ကနေဒါနိုင်ငံ အန်တာရီယိုပြည်နယ် တောင်ပိုင်းရှိ Kitchener မြို့၌ ဆယ်ကျော်သက်လူငယ်တစ်ဦးသည် ကားမောင်းနေစဉ် ၎င်းသောက်သုံးနေသော အီး-စီးကရက်ပေါက်ကွဲသဖြင့် ပြင်းထန်သော အပူလောင်ဒဏ်ရာများရရှိပြီး ဆေးရုံသို့ ပို့ဆောင်ခဲ့ရသည်။

စိန့်မာဂရက် ကားမောင်းနေစဉ် ကားပေါ်အတူလိုက်ပါလာသော သူငယ်ချင်းကိုင်ဆောင်ထားသည့် အီး-စီးကရက် ရုတ်တရက်ထပေါက်ကွဲခဲ့ခြင်းဖြစ်ပြီး ကားလေကာမှန်ကို ပြန်ကန်လာပြီးနောက် ကားဒက်ရှ်ဘုတ်မှာလည်း မီးစွဲလောင်ခဲ့သည်။ ၎င်းက ကားကို ရပ်နားခဲ့ပြီး ကားမီးမလောင်မီ သူငယ်ချင်းအား ကားအပြင်သို့ ဆွဲထုတ်ခဲ့သည်။

မက်ဂရက်က ၎င်းအနေဖြင့် အီး-စီးကရက်သည် ပေါက်ကွဲသည့်အကြောင်း ယခင်ကကြားဖူးနားဝရှိခဲ့သော်လည်း ယုံတမ်းစကားတစ်ခုအဖြစ်သာထင်မြင်ခဲ့ပြီး ကိုယ်တိုင်မျက်မြင်ဒိဋ္ဌတွေ့ရသည့်အခါတွင် ထိတ်လန့်ခဲ့သည်ဟု စီတီဗွီသတင်းဌာနသို့ ပြောကြားခဲ့သည်။

၎င်း၏ပြောကြားချက်အရ အဆိုပါ ပေါက်ကွဲမှုတွင် စိတ်ရှုပ်စရာအကောင်းဆုံးအချက်မှာ ပေါက်ကွဲမည့် အရိပ်အယောင်လက္ခဏာမတွေ့ရသည့်အပြင် အပူလွန်ကဲလာခြင်းမျိုးပင်မရှိခဲ့ဟုဆိုသည်။

ဇန်နဝါရီလက အယ်လ်ဘာတာပြည်နယ်တောင်ပိုင်း လက်ဘရိတ်မြို့တွင်လည်း အလားတူပေါက်ကွဲမှုမျိုး ဖြစ်ပွားခဲ့သည်။ ဆယ်ကျော်သက်အရွယ်လူငယ် တိုင်ဂရီယာသည် အီး-စီးကရက်ပေါက်ကွဲမှုကြောင့် မီးလောင်ဒဏ်ရာရရှိခဲ့သည့် ၎င်း၏ဓာတ်ပုံများကို ၎င်း၏မိသားစုဝင်များက အွန်လိုင်းတွင် ဖြန့်ဝေခဲ့ပြီးနောက် အဆိုပါသတင်းသည် ကနေဒါ၌ သတင်းခေါင်းစီးတစ်ခုဖြစ်ခဲ့သည်။ တိုင်ဂရီယာ၏ လျှာ၊ လည်ချောင်းနှင့် ပါးစပ်တို့တွင် အပူလောင်ဒဏ်ရာရရှိခဲ့သည်။ မျက်မှန်တပ်ဆင်ထားခြင်းသာ မရှိခဲ့လျှင် ၎င်း၏မျက်လုံးများပါ ထိခိုက်ဒဏ်ရာရရှိနိုင်သည်ဟု ပြောခဲ့သည်။

ပြီးခဲ့သည့်လအတွင်းက ဘော်စတွန်ရှိ မက်ဆာချူးဆက်အထွေထွေရောဂါကုဆေးရုံကြီးမှ ဆရာဝန်များအဖွဲ့သည် မကြာသေးမီနှစ်များအတွင်းက ၎င်းတို့ကြုံခဲ့ရသည့် အီး-စီးကရက်သောက်သုံးရာမှ ပေါက်ကွဲမှုဖြစ်ပွားပြီးနောက် အချို့သော ထိခိုက်ဒဏ်ရာရရှိမှုအကြောင်းကို အသေးစိတ်ဆွေးနွေးခဲ့ကြသည်။ ယခုအခါ အီး-စီးကရက်ကို တွင်တွင်ကျယ်ကျယ်သုံးစွဲနေကြပြီး အန္တရာယ်ရှိသော စီးကရက်သောက်သုံးမှု၏ လုံခြုံဘေးကင်းသော အပြောင်းအလဲတစ်ခုအနေဖြင့် အီး-စီးကရက်ကို သောက်သုံးခဲ့ကြသော်လည်း စိတ်မချရတော့ကြောင်း ဆရာဝန်များက ဖွင့်ဟပြောဆိုလာကြသည်။

ပေါက်ကွဲမှုဖြစ်ပွားရခြင်းသည် ဘက်ထရီအပူလွန်ကဲမှုအပေါ် မူတည်နေဟန်ရှိနေသည်ဟု သိရသည်။ Kitchener ရှိ Voodoo အမှတ်တံဆိပ် အီး-စီးကရက်ထုတ်လုပ်ရောင်းချသူလုပ်ငန်းရှင် ဂျေဖီးက သုံးစွဲသူအချို့သည် မတော်မတည့်သော ပေါင်းစပ်ပစ္စည်းများ အသုံးပြု၍ ၎င်းတို့၏ အီး-စီးကရက်ထုတ်လုပ်မှုနည်းပညာများကို ရယူတုပရန် ကြိုးစားမှုများကြောင့်လည်း ပေါက်ကွဲမှုဖြစ်ပွားနိုင်သည်ဟု ပြောသည်။

**ယခုအခါ အယ်လ်ဘာတာမှလွဲ၍ ဆက်ဆကတ်ချီဝန်၊ နယူးဖောင်လန်း်ဒ်နှင့် လာဘရာဒါပြည်နယ်များတွင် အီး-စီးကရက်ရောင်းချခြင်းကို အသေးစား ပိတ်ပင်မှုများ ပြုလုပ်ထား**


အီး-စီးကရက်သောက်နေသူတစ်ဦးကို တွေ့ရစဉ်။

ထို့ပြင် သုံးစွဲသူများသည် လျှပ်စစ်ပိုင်းဆိုင်ရာ အခြေခံဗဟုသုတရှိထားရန် လိုအပ်ပြီး သို့မှသာ အီး-စီးကရက်သောက်သုံးရန် ဘက်ထရီဖြင့် စနစ်တကျမှန်ကန်သော အပူပေးခြင်းကို လုပ်ဆောင်နိုင်မည်ဖြစ်သည့်အပြင် သုံးစွဲမည့်ကိရိယာအား မှားယွင်းစွာတပ်ဆင်လျှင် အပူလွန်ကဲလာမည်ဟု ၎င်းက ပြောသည်။

ယခုအခါ အယ်လ်ဘာတာမှလွဲ၍ ဆက်ဆကတ်ချီဝန်၊ နယူးဖောင်လန်း်ဒ်နှင့် လာဘရာဒါပြည်နယ်များတွင် အီး-စီးကရက်ရောင်းချခြင်းကို အသေးစားပိတ်ပင်မှုများ ပြုလုပ်ထားသည်။ အသက်မပြည့်သေးသည့် ဆယ်ကျော်သက်များသည် အသိပညာပေးခြင်းနှင့် နည်းစနစ်တကျအသုံးပြုရန် လိုက်နာမှုမရှိဘဲ မှားယွင်းစွာတပ်ဆင်သုံးစွဲမှုကြောင့် အဖြစ်များရသည်ဟု ဖီးကပြောခဲ့သည်။ သို့သော် အီး-စီးကရက်အသိပညာပေးခြင်းသည် လုံလောက်မှုမရှိဟု ဆရာဝန်အချို့ကဆိုသည်။

**(အီး-စီးကရက်ကို ၂၀၁၄ ခုနှစ် ဧပြီ ၂၃ ရက်က ချီကာဂို၌ စမ်းသပ်ထုတ်ဖော်ခဲ့သည်။)**

**(စီတီဗွီ)**


အသွင်ဒီဇိုင်းအမျိုးမျိုးဖြင့် ဝင်ရောက်လာနေသည့် အီး-စီးကရက်များ။

သဘာဝပတ်ဝန်းကျင် ဘေးအန္တရာယ်ကျရောက်မှုများသည် ရာသီဥတုပြောင်းလဲဖြစ်ပေါ်နေခြင်းများနှင့် ဆက်စပ်လျက်ရှိကြောင်း သဘာဝဘေးအန္တရာယ် လျော့ချရေးဆိုင်ရာ ကုလသမဂ္ဂလက်အောက်ခံ အေဂျင်စီတစ်ခုဖြစ်သည့် UNISDR က ပြောကြားခဲ့သည်။ ပြီးခဲ့သည့် ၂၀၁၅ ခုနှစ် တစ်နှစ်တာကာလအတွင်း ရာသီဥတုပြောင်းလဲခြင်းများနှင့် ဆက်စပ်ဖြစ်ပေါ်သည့် သဘာဝဘေးအန္တရာယ် ဒုက္ခများဖြစ်ပေါ်ခဲ့သည့် နိုင်ငံများစာရင်းတွင် တရုတ်၊ အမေရိကန်ပြည်ထောင်စု၊ အိန္ဒိယနိုင်ငံ၊ ဖိလစ်ပိုင်နိုင်ငံနှင့် အင်ဒိုနီးရှားနိုင်ငံတို့ပါဝင်သည့် ငါးနိုင်ငံသည် ထိခိုက်ခံစားရမှု ထိပ်ဆုံးတွင်ရပ်တည်ခဲ့ကြောင်း သိရှိရသည်။

နိုင်ငံတကာရေးရာ ဆောင်းပါး

# ကမ္ဘာလုံးဆိုင်ရာ အစွန်းရောက်ရာသီဥတုပြောင်းလဲမှု ဖြစ်စဉ်များကြောင့်

## ဖြစ်ပေါ်သော သဘာဝဘေးအန္တရာယ်များ

ကေသွယ်

**ဆင်းရဲသောနိုင်ငံများတွင် ရင်ဆိုင်ကြုံတွေ့နေရသော ရာသီဥတုပြောင်းလဲမှုများအတွက် လိုအပ်ချက်များကို ကူညီထောက်ပံ့မှုများ လုပ်ဆောင်ရန် ရန်ပုံငွေဒေါ်လာ ဘီလီယံအမြောက်အမြားကို ပေးအပ်သွားရန် ကုလသမဂ္ဂမှ အစီအစဉ်ပြုလုပ်လျက်ရှိ**

ယင်းနိုင်ငံများတွင် သဘာဝဘေးဒဏ်သင့်ခြင်းကြောင့် ပျက်စီးဆုံးရှုံးမှုများ အရေအတွက်မှာ ကုလသမဂ္ဂမှ ပြုလုပ်ထားသော စစ်တမ်းများအရ တရုတ်နိုင်ငံတွင် ၂၆ ကြိမ်၊ အမေရိကန်ပြည်ထောင်စုတွင် ၂၂ကြိမ်၊ အိန္ဒိယနိုင်ငံတွင် ၁၉ ကြိမ်၊ ဖိလစ်ပိုင်နိုင်ငံတွင် ၁၅ ကြိမ်နှင့် အင်ဒိုနီးရှားနိုင်ငံတွင် ၁၁ ကြိမ် ဖြစ်ပေါ်ခဲ့ကြောင်း သိရှိရသည်။

ရာသီဥတုဆိုင်ရာ ကျွမ်းကျင်ပညာရှင်များ၏ ပြောကြားချက်များအရ အာရှဒေသမှာ ဘေးအန္တရာယ်မျိုးစုံကျရောက်မှုများနှင့်သာမက တောမီးလောင်မှု၊ မီးတောင်နှင့် ငလျင်လှုပ်ခတ်ခြင်းဒဏ်များကြောင့် အပူပိုင်းမုန်တိုင်း လမ်းကြောင်းထဲလည်း ရောက်ရှိနေကြောင်း သတိပေးဖော်ပြထားသည်။ နှစ်စဉ် ဖိလစ်ပိုင်နိုင်ငံတွင် အကြီးမားဆုံးသော မုန်တိုင်းများ ရိုက်ခတ်မှုဒဏ်ကို ကြုံတွေ့ခံစားနေရသည်ကိုလည်း တွေ့မြင်နေရသည်။ အာရှ-ပစိဖိတ်ဒေသမှာ ကမ္ဘာပေါ်တွင် ဘေးအန္တရာယ်အများဆုံး ကျရောက်မှုလွယ်ကူနေသည့်အတွက် သဘာဝဘေးအန္တရာယ်များမှာလည်း နယ်နိမိတ်ဖြတ်ကျော်နေလျက်ရှိကာ ဒေသဆိုင်ရာများဘက်မှ အတူပူးပေါင်းကိုင်တွယ်ဖြေရှင်းသွားရန် လိုအပ်လျက်ရှိနေသည်။

ပြီးခဲ့သည့် ဆယ်စုနှစ်အတွင်းကနှင့် နှိုင်းယှဉ်လျှင်၂၀၁၅ ခုနှစ်သည် မိုးခေါင်ခြင်းများနှင့် ရေလွှမ်းခြင်းများဖြစ်ပေါ်မှု ဒုတိယအကြီးမားဆုံးဟု ဖော်ပြထားပြီး လူဦးရေ ၂၇ ဒသမ ၅ သန်းမှာ ထိခိုက်ခံစားခဲ့ရကာ လူဦးရေ ၃၃၀၀ ကျော် အသက်ဆုံးရှုံးခဲ့သည်ဟု သိရှိရသည်။ အထူးသဖြင့် အာရှတိုက်နှင့် ပစိဖိတ်ဒေသတို့တွင် အများဆုံး ဖြစ်ပေါ်ခဲ့သော ဆိုင်ကလုံးမုန်တိုင်းများသည် ကမ္ဘာတစ်ဝန်းတွင် ဖြစ်ပေါ်ခဲ့သော အစွန်းရောက် ရာသီဥတုဖြစ်စဉ်၏ အကျိုးဆက်ကြောင့် ပင်လယ်ရေမျက်နှာပြင်မြင့်တက်လာခြင်းနှင့်အတူ အင်အားပြင်း ဆိုင်ကလုံး ၄၈ ခု အပါအဝင် မုန်တိုင်းတိုက်ခတ်မှု ၉၀ ဖြစ်ပေါ်ခဲ့ကြောင်း ကုလသမဂ္ဂလက်အောက်ခံ လူသားချင်းစာနာထောက်ထားမှု အေဂျင်စီများမှ သတင်းထုတ်ပြန်ခဲ့ကြသည်။

၂၀၁၅ခုနှစ်တွင် ကမ္ဘာတစ်ဝန်း၌ သဘာဝဘေးအန္တရာယ်ဖြစ်ပွားမှု အကြိမ်အရေအတွက် ၃၄၆ ကြိမ်ရှိခဲ့ပြီး လူဦးရေ ၂၂၇၇၃ ဦးသေဆုံးခဲ့ကြောင်း၊ လူ ၉၈ ဒသမ ၆ သန်းမှာ အတိဒုက္ခခံစားခဲ့ရကာ ပျက်စီးဆုံးရှုံးမှုတန်ဖိုးမှာ ၆၆ ဒသမ ၅ ဘီလီယံတန်ဖိုးရှိခဲ့ကြောင်း မှတ်တမ်းတွင် ဖော်ပြထားသည်။ သို့ရာတွင် အာရှတိုက်ဆိုင်ရာ သဘာဝဘေးအန္တရာယ် စီမံခန့်ခွဲမှု အေဂျင်စီများမှ မုန်တိုင်းအန္တရာယ်များကို ဆောလျင်စွာသတိပေးချက်များ ထုတ်ပြန်နိုင်ခဲ့သည့်အတွက် အထူးသဖြင့် ဖိလစ်ပိုင်၊ တရုတ်၊ ဂျပန်နှင့် ပစိဖိတ်ဒေသမှ ကျွန်းငယ်များတွင် သေဆုံးမှုနှုန်းကို လျှော့ချနိုင်ခဲ့သည်ဟု ဆိုထားသည်။

နောင်လာမည့် ဆယ်စုနှစ်များအတွင်းတွင် ရာသီဥတုပြောင်းလဲမှုဖြစ်စဉ်များကြောင့် ဒေသတွင်းတွင် သဘာဝဘေးအန္တရာယ်များ ပိုမိုဖြစ်ပေါ်လာနိုင်ကြောင်း ကုလသမဂ္ဂမှ ထုတ်ပြန်ထားကြောင်းလည်း တွေ့ရှိရသည်။ ကမ္ဘာပေါ်ရှိ ဖန်လုံအိမ်အာနိသင် ထုတ်လုပ်မှုအများဆုံး ထိပ်တန်းနိုင်ငံများစာရင်းတွင် ဘရာဇီး၊ တရုတ်၊ ဥရောပ၊ အိန္ဒိယ၊ အင်ဒိုနီးရှား၊ ဂျပန်၊ မက္ကဆီကိုနှင့် အမေရိကန်ပြည်ထောင်စုတို့ ပါဝင်ကြောင်း တွေ့ရှိရကာ အကယ်၍ နိုင်ငံပေါင်း ၁၅၀ မှ ကမ္ဘာမြေကို ကယ်တင်နိုင်ရန်အတွက် ဖန်လုံအိမ်ဓာတ်ငွေ့ထုတ်လုပ်မှုကို ဖြတ်တောက်မည်ဆိုပါကလည်း ရာသီဥတုပြောင်းလဲမှုဖြစ်ပေါ်နေခြင်းကို အပြည့်အဝထိန်းချုပ်နိုင်ခြင်းမရှိသေးဘဲ နှေးကွေးသွားစေရန်သာ တတ်နိုင်လိမ့်မည်ဟု ဖော်ပြထားသည်။

ကမ္ဘာ့မိုးလေဝသအဖွဲ့ချုပ် (WMO) ၏ပြောကြားချက်အရ ဖန်လုံအိမ်ဓာတ်ငွေ့ထုတ်လွှတ်မှုများကြောင့် ထွက်ပေါ်လာသော အပူချိန် ၉၀ ရာခိုင်နှုန်းကျော်ကို သမုဒ္ဒရာမှ စုပ်ယူထားသည့်အတွက် အပူချိန်မြင့်တက်လာကာ ရေမျက်နှာပြင်မြင့်တက်ခြင်းကို ဖြစ်ပေါ်စေခဲ့သည်။ ၂၀၁၅ ခုနှစ် တစ်နှစ်တာအတွင်း ကမ္ဘာ့နိုင်ငံအသီးသီးက ထုတ်လွှတ်ခဲ့သည့် ဖန်လုံအိမ်ဓာတ်ငွေ့များကြောင့် သမုဒ္ဒရာများနှင့် ပင်လယ်ရေများတွင် အပူချိန်မြင့်တက်မှုနှုန်းထားမှာ စံချိန်တင်ခဲ့ရသည်။ ထို့မျှမကဘဲ ကာဗွန်ဒိုင်အောက်ဆိုက်ဓာတ်ငွေ့များသည် လေထုအတွင်းတွင် ဆယ်စုနှစ်မှ ရာစုနှစ်အထိတိုင်အောင် ဆက်လက်တည်ရှိနေနိုင်မည်ဖြစ်ကြောင်း WMO မှ အစီရင်ခံစာတင်သွင်းခဲ့သည်။

ကမ္ဘာကြီးပူနွေးလာမှု အကျိုးဆက်ကြောင့် ကမ္ဘာ့နိုင်ငံ အသီးသီးတွင် ရေကြီးခြင်း၊ မြေပြိုခြင်း၊ မိုးခေါင်ခြင်းကြောင့် လယ်မြေများနှင့် ကောက်ပဲသီးနှံများ ပျက်စီးဆုံးရှုံးခြင်း၊ အပူလှိုင်းများဖြတ်သန်းခြင်း၊ အအေးလှိုင်းများဖြတ်သန်းခြင်း၊ ပူနွေးမှုကြောင့် ပင်လယ်ရေမျက်နှာပြင်မြင့်တက်ကာ ရေခဲမြစ်များ အရည်ပျော်ကျခြင်း၊ ငလျင်လှုပ်ခြင်း၊ ဆူနာမီလှိုင်းများ ရိုက်ခတ်ခြင်း၊ မုန်တိုင်းများ ကျရောက်ခြင်း စသည့်သဘာဝဘေးအန္တရာယ်အမျိုးမျိုး သက်ရောက်ခြင်းကြောင့် လူသားတို့၏ အသက်အိုးအိမ်စည်းစိမ် ပျက်စီးဆုံးရှုံးမှုများကို ဖြစ်ပေါ်စေလျက်ရှိသည်။

ပြီးခဲ့သည့် ၂၀၁၅ ခုနှစ် တစ်နှစ်တာအတွင်း အယ်နီညိုရာသီဥတုဖြစ်စဉ်ကြောင့် ကမ္ဘာတစ်ဝန်း ထိခိုက်ခံစားခဲ့ရသူ ဦးရေ ၉၈ ဒသမ ၆ သန်းရှိခဲ့ကာ ၁၀ နှစ်တာကာလနှင့် ဖော်ပြလျှင် နိုင်ငံအသီးသီး၌ အလွန်အမင်း မိုးခေါင်ခြင်းများဖြစ်ပေါ်ခဲ့သည့် အဓိက ၃၂ နေရာရှိခဲ့ပြီး လူဦးရေ ၅၀ ဒသမ ၅ သန်းအပေါ် အကျိုးသက်ရောက်ခဲ့ကြောင်း ထုတ်ပြန်ခဲ့သည်။ ကမ္ဘာ့နိုင်ငံအနှံ့အပြားရှိ ဒေသများတွင် အစွန်းရောက်ရာသီဥတု ပြောင်းလဲခြင်းများ၏ ၉၀ ရာခိုင်နှုန်းတွင် အယ်နီညိုရာသီဥတုများ ဖြစ်ပေါ်ခဲ့ကာ အပူချိန်လွန်ကဲခြင်းများကြောင့် မိုးခေါင်ခြင်းများ ဖြစ်ပေါ်ခဲ့သည့် နောက်ဆက်တွဲဖြစ်ရပ်များကြောင့် အစာရေစာရှားပါးသည့် အကျိုးဆက်ပြဿနာများကိုလည်း နိုင်ငံအနှံ့အပြားတွင် ခံစားခဲ့ရသည်။

၂၀၁၅ ခုနှစ်သည် ဆယ်စုနှစ်ကာလအတွင်း အပူချိန်မြင့်တက်မှုတွင် စံချိန်တင်ခဲ့ကာ အပူလှိုင်းဖြတ်သန်းခြင်းများကို ခံစားကြရခြင်းတွင် အထူးသဖြင့် ပြင်သစ်၊ အိန္ဒိယနှင့် ပါကစ္စတန်နိုင်ငံတို့မှ အမြင့်ဆုံးခံစားခဲ့ရကာ လူပေါင်း ၇၃၄၆ ဦး အသက်ဆုံးရှုံးခဲ့ပြီး လူဦးရေ ၁ ဒသမ ၂ သန်း ထိခိုက်ခဲ့ကြောင်း ဖော်ပြပါရှိသည်။ အင်အားပြင်း မုန်တိုင်းများ တိုက်ခိုက်ခြင်းများကြောင့် လူပေါင်း ၉၉၆ ဦးသေဆုံးခဲ့ကာ လူဦးရေ ၁၀ ဒသမ ၆ သန်းအပေါ်တွင် အကျိုးသက်ရောက်ခဲ့သည်။ နီပေါ ငလျင်အပါအဝင် ငလျင်လှုပ်ခြင်းများနှင့် ဆူနာမီရိုက်ခတ်ခြင်းများကြောင့် လူပေါင်း ၉၅၂၅ ဦး အသက်ဆုံးရှုံးခဲ့ရကာ လူဦးရေ ၇ ဒသမ ၂ သန်း ထိခိုက်ခံစားခဲ့ရကြောင်း ကုလသမဂ္ဂမှထုတ်ပြန်ချက်အရ သိရသည်။

ယခင်နှစ်ကာလများက ကမ္ဘာ့ခေါင်းဆောင်များက ကာဗွန်ထုတ်လွှတ်မှုဆိုင်ရာ ပြဿနာကို သဘောတူညီမှုရရှိရန် ဆွေးနွေးခဲ့ကြသော်လည်း သဘောတူညီမှု တစ်စုံတစ်ရာမရရှိခဲ့ကြကြောင်း တွေ့ရှိရသည်။ ၂၀၁၅ ခုနှစ် နိုဝင်ဘာလ ၃၀ ရက်နေ့မှ ဒီဇင်ဘာ ၁၁ ရက်နေ့အထိ ပြင်သစ်နိုင်ငံ ပါရီမြို့တော်တွင် အောင်မြင်စွာကျင်းပခဲ့သော (၂၁)ကြိမ်မြောက် ကုလသမဂ္ဂရာသီဥတုပြောင်းလဲမှုဆိုင်ရာ ညီလာခံတွင် ကမ္ဘာအရပ်ရပ်မှ နိုင်ငံ့ခေါင်းဆောင် ၁၄၇ ဦး တက်ရောက်ခဲ့ကြပြီး သမိုင်းတွင် ခေါင်းဆောင်များ စုံညီစွာတက်ရောက်ခဲ့ကြသည့် ပွဲတစ်ပွဲဖြစ်သည်ကို မြင်တွေ့ခဲ့ရသည်။

ကမ္ဘာပေါ်ရှိ ဆင်းရဲသောနိုင်ငံများတွင် ရင်ဆိုင်ကြုံတွေ့နေရသော ရာသီဥတုပြောင်းလဲမှုများအတွက် လိုအပ်ချက်များကို ကူညီထောက်ပံ့မှုများ လုပ်ဆောင်ရန် ရန်ပုံငွေဒေါ်လာ ဘီလီယံအမြောက်အမြားကို ပေးအပ်သွားရန် ကုလသမဂ္ဂမှ အစီအစဉ်ပြုလုပ်လျက်ရှိရာ လာမည့် ၂၀၂၀ ပြည့်နှစ်အရောက်တွင် ဖွံ့ဖြိုးဆဲနိုင်ငံများအတွက် တစ်နှစ်လျှင် ဘီလီယံ ၁၀၀ ကျော်ကို ကူညီထောက်ပံ့ပေးသွားနိုင်ရန် ဆော်ဩလုပ်ဆောင်ပေးသွားမည်ဟု ထုတ်ဖော်ပြောကြားခဲ့သည်။

အစွန်းရောက်ရာသီဥတုပြောင်းလဲမှုများ ဖြစ်ပေါ်ခဲ့ခြင်းကြောင့် ကမ္ဘာတစ်ဝန်းဖြစ်ပေါ်ခဲ့သည့် ရေကြီးရေလျှံမှုဒဏ်ကို အများဆုံးခံစားကြရသော ဒေသတွင် အာရှဒေသပါဝင်ခဲ့ပြီး အယ်နီညိုရာသီဥတုဖြစ်စဉ်ကြောင့် မိုးခေါင်ပြီး ရေရှားပါးမှုဒဏ် အဆိုးရွားဆုံးခံစားခဲ့ရသော ဒေသမှာ အာဖရိကတိုက်ဖြစ်သည်ဟု ကုလသမဂ္ဂကလေးသူငယ်များ ရန်ပုံငွေအဖွဲ့(ယူနီဆက်)၏ အစီရင်ခံစာတွင် ဖော်ပြထားသည်။

အခြားသော သဘာဝဘေးအန္တရာယ်များဖြစ်သည့် ရေကြီးခြင်း၊ အပူပိုင်းမုန်တိုင်းများဝင်ရောက်တိုက်ခတ်ခြင်းနှင့် မိုးခေါင်ခြင်းကြောင့် ရေရှားပါးမှုပြဿနာများသည် လူသားမျိုးနွယ်တစ်ခုလုံးအတွက် အသံတိတ်လူသတ်သမားများပင်ဖြစ်သည်။ ကမ္ဘာတစ်ဝန်းရှိ နိုင်ငံအသီးသီးတွင် ရာသီဥတုပြောင်းလဲမှုများ ကြုံတွေ့နေကြရပြီး ယင်းကို အရေးတကြီး ကာကွယ်လုပ်ဆောင်ရန် လိုအပ်နေသည်။ ရာသီဥတုပြောင်းလဲမှုဖြစ်စဉ်သည် လူတစ်ဦးတစ်ယောက်ချင်းစီအလိုက် (သို့မဟုတ်) တစ်နိုင်ငံတည်းမှ ဖြေရှင်းနိုင်သည့်ကိစ္စရပ်မျိုးမဟုတ်ဘဲ ကမ္ဘာလုံးဆိုင်ရာ ပြဿနာတစ်ခုဖြစ်လာနေသည့်အတွက် နိုင်ငံတိုင်းစီမှ လူသားအားလုံးပါဝင်ကာ အထူးအလေးပေး ဖြေရှင်းလုပ်ဆောင်ရမည့် ကိစ္စရပ်တစ်ခု ဖြစ်လာနေကြောင်း ကုလသမဂ္ဂက ထုတ်ပြန်ကြေညာထားသည်။



ရှမ်းပြည်နယ်တောင်ပိုင်းရပ်စောက်မြို့နှင့်ပင်းတယသို့ဆက်သွယ်ထားသော ကတ္တရာလမ်းမှာ ကုန်းဆင်းကုန်းတက်တို့ဖြင့် မြွေလိမ်မြွေကောက်ပမာလှပလျက်ရှိပြီး စိမ်းစိုလျက်ရှိသည့် ဂေါ်ဖီ၊ ပန်းဂေါ်ဖီနှင့် ကြက်သွန်စိုက်ခင်းတို့မှာ တောင်ပေါ်နံနက်ခင်းအလှနှင့် မျက်စိပသာဒဖြစ်စေပါသည်။ နံနက် ၉ နာရီထိ အအေးဓာတ်ကျန်ရှိနေတတ်သည့်အတွက် မြေပြန့်ဒေသကဲ့သို့ နေထွက်သည်နှင့် အပူလှိုင်းပျံ့လွင့်မှုမရှိသောကြောင့် သွားလာနေသူတို့မှာ အနွေးထည်ပါးပါးကိုယ်စီဖြင့် မြင်တွေ့ရ၍ တောင်ပေါ်ဒေသနှင့်လိုက်ဖက်ညီလှပါသည်။ ရပ်စောက်နှင့် ပင်းတယမြို့နယ်ကြားတွင် အလယ်ချောင်ကျေးရွာအုပ်စုနှင့် ကောင်းဘို့ကျေးရွာအုပ်စုတို့ပါဝင်ပြီး ဓနု၊ ရှမ်း၊ တောင်ရိုးတိုင်းရင်းသားတို့နေထိုင်ကာ စိုက်ပျိုးရေးဖြင့် အသက်မွေးသည့် ဒေသလည်းဖြစ်သည်။ ပင်းတယရွှေဥမင်လိုဏ်ဂူနှင့် တစ်ဆက်တည်းရှိပြီး ပေ ၅၀၀၀ ကျော်မြင့်တွင် တောင်တန်းများပေါ်၌ ပလောင်တိုင်းရင်းသားတို့နေထိုင်ကြသည်။ ပြည်တွင်း ပြည်ပတွင် ပင်းတယလက်ဖက်ဟု နာမည်ရလျက်ရှိသော ရွှေဖီမိုးလွတ်နှင့် လက်ဖက်အစိုတို့သည် ဤတောင်တန်းများမှ ထွက်ရှိခြင်းပင်ဖြစ်သည်။

ဆောင်းပါး-မြင့်မြတ်သစ္စာ
ဓာတ်ပုံ - ဗွဲမာန်

# ပလောင်တောင်ပေါ်မှ ရနံ့သင်းပျံ့နေသည့် လက်ဖက်ခင်းများ



ပလောင်တောင်ပေါ်မှ လက်ဖက်စိုက်ခင်းကို ဤသို့ စိမ်းစိုလန်းဆန်းစွာ တွေ့မြင်ရစဉ်။

ကောင်းဘို့ကျေးရွာ ဈေးနေ့ဖြစ်၍ အုပ်အုပ်ဆိုင်းဆိုင်းရှိနေသော သက်တမ်းရှည်ညောင်ပင်များအောက်မှ ဈေးတန်းလေးက စည်ကားလျက်ရှိသည်။ ရွာ၏အနောက်မြောက်တွင် ပင်းတယရွှေဥမင်လိုဏ်ဂူနှင့် တစ်ဆက်တည်း ပင်လယ်ရေမျက်နှာပြင် ၅၆၆၂ ပေမြင့်သော တောင်တန်းများပေါ်တွင် ပလောင်တိုင်းရင်းသားတို့၏လက်ဖက်စိုက်ခင်းများကို တွေ့မြင်ရပြီး အတက်အဆင်းခက်ခဲသည့်တောင်စောင်းများတွင် လက်ဖက်ခူးနေကြသည့် မြင်ကွင်းတို့မှာ အသည်းတအေးအေးဖြစ်စေပါသည်။ တောင်ခြေတွင် ဒေသမျိုးဖြစ်သော လိမ္မော်စိုက်ခင်းများရှိပြီး တောင်ပေါ်သစ်တောများနေရာ၌ လက်ဖက်ခင်းများက နေရာယူထားကာ တောင်ပေါ်ရွာ၏ အိမ်ဝင်းတိုင်း၌ ဖျာခင်း၍ နေရောင်အောက်တွင်လှန်းထားသော လက်ဖက်များမှထွက်ပေါ်လာသည့် ရနံ့တို့ကား တောင်ပေါ်လေတဖြူးဖြူးနှင့်အတူ သင်းပျံ့လျက်ရှိနေပါသည်။

တောင်ပေါ် ကျောက်ခင်းလမ်းသည် မိုးရာသီတွင် သွားလာမှုခက်ခဲသော်လည်း ယခုလိုနွေရာသီ၌ သွားလာမှုအဆင်ပြေပါသည်။ ပေ ၄၀၀၀ ခန့်တွင် ထင်းရှူးပင်အချို့ကျန်ရှိပြီး တောင်တန်းများတွင် သစ်တောများပါးလာသည်ကို တွေ့ရပါသည်။ ပေ ၅၀၀၀ အထက်တွင် နေအပူရှိန်ရှိနေသော်လည်း တဖြူးဖြူးတိုက်ခတ်နေသည့် အေးစိမ့်သော လေနုနှင့် တောင်စဉ်တောင်တန်းများ၏အလှက ထိုဒေသ၏ စိတ်အေးချမ်းမှုနှင့် လွတ်လပ်ပေါ့ပါးမှုကို ပြသလျက်ရှိနေသည်။

တောင်ပေါ်လက်ဖက်စိုက်ခင်းများ၏သက်တမ်းသည် အနှစ် ၄၀ ကျော်ရှိပြီဖြစ်ကြောင်း၊ ၁၂ လတွင် နှစ်လသည် လက်ဖက်ခင်းပြင်ဆင်သောလဖြစ်ပြီး တပေါင်းလမှတန်ဆောင်မုန်းလထိ လက်ဖက်ခူးရာသီဖြစ်ကြောင်း၊ တပေါင်းမှ ကဆုန်လထိ ၁၀ ရက်တစ်ပတ်ခူး၍ နယုန်လမှတန်ဆောင်မုန်းလထိ ၁၅ ရက်တစ်ပတ်လက်ဖက်ခူးလေ့ရှိကြောင်း၊ တန်ဆောင်မုန်း၊ နတ်တော်သည် ဆောင်းညွန့်ဟုခေါ်သော လက်ဖက်အညွန့်များကိုသာ ခူးလေ့ရှိပြီး မိုးအကုန်တွင် ခူးသည့်လက်ဖက်ဖြစ်သောကြောင့် အရသာရှိသည်။ လက်ဖက်အများဆုံးထွက်သော လသည်ကဆုန်လဖြစ်၍ ရွှေဖီမိုးလွတ်လက်ဖက်သည် တပေါင်း၊ တန်ခူး၊ ကဆုန် သုံးလတွင်ခူးကြောင်း၊ ရှမ်းပြည်နယ်တောင်ပိုင်းမှ ထွက်သည့် ပင်းတယလက်ဖက်နှင့် ရှမ်းပြည်နယ်မြောက်ပိုင်းမှထွက်သော လက်ဖက်ဟူ၍ နှစ်မျိုးရှိကြောင်း ယမ်းတွင်းရွာမှ ပလောင်တိုင်းရင်းသား လက်ဖက်စိုက်တောင်သူတစ်ဦးက ပြောသည်။

ပေ ၆၀၀၀ နီးပါးမြင့်သော ပလောင်တိုင်းရင်းသားများနေထိုင်သည့် ယမ်းတွင်းရွာ(မြောက်)၊ ယမ်းတွင်းရွာ(တောင်)၊ ရွာမ၊ နောင်ဝိုး၊ ရွာဟောင်း၊ ကျောက်တစ်လုံး၊ ဒူးတဲ့၊ ရေပြာ၊ ငှက်ပျောကျင်း၊ ခဲမြောင်၊ ကြေးတွင်း၊ ငွေတွင်း၊ ခဲတောင်၊ ပုဇွန်ဆိပ်စသည့်ရွာများသည် ရပ်စောက်မြို့နယ်တွင် ပါဝင်၍ ကောင်းဘို့ကျေးရွာအုပ်စုဝင်ရွာများဖြစ်ကာ ဖလံမြောင်၊ ထင်းရှူးပြား၊ ဆင်သေ၊ တောင်ပြို၊ မင်းအက်၊ နမ့်ဟူး၊ ရုတ်ကြီး၊ ရုတ်ငယ်နှင့်ရွာဟောင်းတို့သည် အလယ်ချောင်ကျေးရွာအုပ်စုတွင် ပါဝင်ကာ တောင်ပေါ်လက်ဖက်ထွက်သည့် ရွာများဖြစ်သည်။ လိမ္မော်ကိုလည်း တွဲဖက်စိုက်ပျိုး၍ ချိုမြသောအရသာရှိသည့်အတွက် ရပ်စောက်၊ ပင်းတယ၊ အောင်ပန်းတို့တွင် နာမည်ရပါသည်။ သို့သော် ပင်းတယလိမ္မော်သီးဟုသာ လူသိများပါသည်။ ပြာသို၊ တပို့တွဲ၊ တပေါင်းလတို့တွင် လိမ္မော်ခူးပြီး ၁၂ လတွင် သုံးလသာရရှိသည့်အတွက် ဓာတုဆေးဖြင့် မထုတ်လုပ်ဘဲ အရသာရှိသော သုံးလထိ အထားခံသည့် ဒေသအသီးကိုသာ ဘိုးစဉ်ဘောင်ဆက် ယနေ့တိုင် စိုက်ပျိုးလျက်ရှိကြောင်း နောင်ဝိုးရွာမှ လိမ္မော်စိုက်ခင်းပိုင်ရှင် ပလောင်တိုင်းရင်းသူတစ်ဦးက ပြောသည်။

သားစဉ်မြေးဆက်လက်ဖက်စိုက်ပျိုးမှုဖြင့်သာ အသက်မွေးခဲ့ကြပြီး အသက် ၉၀ ကျော်သက်ကြီးရွယ်အိုများလည်း ကျန်းမာစွာနေထိုင်လျက်ရှိရာ ပေါက်ပြားကိုင်လျက် ခြံဝင်းအတွင်း သီးပင်စားပင်များ စိုက်ပျိုးနေသည်မှာ တောင်ပေါ်နေထိုင်သူတို့၏ကျန်းမာရေးကိုပြလျက်ရှိနေပါသည်။ တောင်ပေါ်ဒေသဖြစ်၍ မြေပြန့်နည်းပါးကာအတက်အဆင်းများသော ဒေသဖြစ်သော်လည်း သက်ကြီးရွယ်အိုများကျန်းမာစွာသွားလာနေကြသည်မှာ ကြည်နူးစရာမြင်ကွင်းပင်ဖြစ်သည်။ အိမ်ခြေ ၄၀ ကျော်မှ ၁၀၀ ကျော်ထိ သွပ်မိုး၊ အုတ်တိုက်များဖြင့်တောင်စောင်းများတွင် အစုလိုက်နေထိုင်လျက်ရှိပြီး သစ်တောပါးလာသော်လည်း သောက်သုံးရေအတွက် မစိုးရိမ်ရပေ။ ဒေသခံများ လျှပ်စစ်မီးရရှိရန် ဆန္ဒရှိနေကြပြီး မီးရရှိပါက သစ်တောပြုန်းတီးလာမှုကိုကာကွယ်သွားနိုင်မည်ဖြစ်ကြောင်း တောင်ပေါ်ရွာများရှိ လူကြီးအချို့က အမြင်ရှိနေပါသည်။

မွေးမြူရေးလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ကောင်းဘို့-ယမ်းတွင်း-နောင်ဝိုး-ဆင်ဆာပြား-ရေဦးရွာတို့ကို (၁၀)မိုင်ထိကျောက်ချောလမ်းခင်းထားသည့်အတွက် သွားလာမှုအဆင်ပြေလျက်ရှိသည်။ သစ်တောများရှားပါးလာသည့်အတွက် သဘာဝပတ်ဝန်းကျင်ပြောင်းလဲလာမှုကို တောင်ပေါ်ဒေသတွင် နေထိုင်သူများ သိရှိနေသော်လည်း စိမ်းလန်းလာအောင်ဆောင်ရွက်ရန် နည်းလမ်းများ လိုအပ်နေသေးကြောင်း ဒေသခံတို့ ပြောကြားသည့်စကားအရ သိရသည်။

လက်ဖက်ရွက်ကိုပြုတ်ရန်အတွက် ထင်းကို ဆယ်စုနှစ်ပေါင်းများစွာ အသုံးပြုခဲ့ခြင်း၊ လူဦးရေတိုးလာခြင်း၊ တောင်ယာများ ချဲ့ထွင်လာခြင်းတို့ကြောင့် သစ်တောများပြုန်းတီးလာ၍ ပုံမှန်မဟုတ်သော ရာသီဥတုပြောင်းလဲလာမှုကို ကိုယ်တွေ့ခံစားလာရသည့်အခါ သဘာဝပတ်ဝန်းကျင်စိမ်းလန်းမှုကို ပြန်လည်တောင့်တလာကြသည်။

တောင်တန်းများပေါ်ရှိ လက်ဖက်စိုက်ခင်းများမှ လက်ဖက်အညွန့်စိမ်းစိမ်းတို့သည် နေရောင်တွင် ငှက်ပျောညွန့်ရောင်တောက်လျက်ရှိပြီး တစ်ဖက်တောင်စောင်းမှ ပျိုမေတစ်သိုက် လက်ဖက်ခူးရင်း ရယ်မောသံတို့က တစ်ချက်တစ်ချက် လေအဝှေ့တွင် ပျံ့လွင့်လာလျက်ရှိသည်။ လက်ဖက်ကို နေ့စားခူးပါက လက်ဖက်အညွန့်များကိုသာရရှိတတ်ပြီး ပုတ်ပြတ် ပေးပြီးခူးပါက အညွန့်နှင့်အတူ အရွက်ရင့်များပါလာတတ်သည့်အတွက် ရွှေဖီမိုးလွတ်ခူးသော ရာသီတွင် အထူးသတိထားရသည်ဟု ဆိုပါသည်။ အရွက်ပေါ်မူတည်၍ အရသာကွာခြားပြီး အရသာနှင့်အတူ ဈေးနှုန်းပါကွာခြားမှုရှိ၍ လက်ဖက်ခူးချိန်တွင် အထူးဂရုစိုက်လေ့ရှိခြင်းဖြစ်သည်။ လက်ဖက်အရွက်မညီပါက လက်ဖက်ကို ပြုတ်ချိန်နှင့်ဈေးကွက်သို့ပို့ချိန်တွင် အခက်အခဲကြုံတွေ့ရတတ်လေ့ရှိပါသည်။

ရွှေဖီမိုးလွတ်သည် အညွန့်ကိုသာ ခူးခြင်းဖြစ်၍ ရာသီအချိန်အခါကျမှသာ ခူးသော လက်ဖက်ဖြစ်သောကြောင့် ဒေသပေါက်ဈေးတစ်ပိဿာ ငွေကျပ် ၆၀၀၀ ဈေးရရှိခြင်းဖြစ်သည်။ လက်ဖက်ခူးပြီးစအစိမ်းဆိုပါက တစ်ပိဿာ လက်ဖက်အစိုသည် ငွေကျပ် ၁၇၀၀၊ ၁၈၀၀၊ လက်ဖက်ခြောက် အရွက်ကြမ်းတစ်ပိဿာလျှင် ငွေကျပ် ၂၀၀၀ ဈေးနှင့် သောင်းပြောင်းလက်ဖက်ခြောက်သည် ငွေကျပ် ၄၀၀၀ ဖြင့် တောင်ပေါ်ဒေသတွင် ရောင်းချလျက်ရှိသည်။

လက်ဖက်ခြောက်အစိုကို အဆိုပါ ပလောင်တောင်ပေါ်ရွာများမှ ပင်းတယသို့ အများဆုံးသယ်ဆောင်ကာ မန္တလေးနှင့် ရန်ကုန်သို့ ပို့ဆောင်ပေးလျက်ရှိပါသည်။ ပင်းတယမြို့ပေါ်မှ ပြည်တွင်းရှိ မြို့နယ်များသို့ ဖြန့်ချိသည်။ အိမ်နီးချင်းနိုင်ငံများနှင့် လက်ဖက်အရသာကို ယှဉ်ပြိုင်နိုင်သော်လည်း ထုပ်ပိုးမှုပိုင်းဆိုင်ရာ လိုအပ်နေသေးကြောင်း ပင်းတယမြို့ပေါ်မှလက်ဖက်ပွဲရုံပိုင်ရှင်တစ်ဦးကလည်း ပြောသည်။ အိမ်တွင်းမှု လုပ်ငန်းကဲ့သို့ လုပ်ကိုင်နေရခြင်းထက် စက်မှုပိုင်းဆိုင်ရာဖြင့်ထုတ်လုပ်ခြင်း၊ ထုပ်ပိုးခြင်း၊ အရည်အသွေးကို ပို၍ကောင်းမွန်တိုးတက်အောင် စစ်ဆေးသုတေသနပြုခြင်းတို့ဖြင့် နိုင်ငံခြားဝင်ငွေရရှိသော စားသောက်ကုန်လုပ်ငန်းအဖြစ် ရပ်တည်သွားရန် ဆန္ဒများရှိနေကြောင်း လက်ဖက်ပွဲရုံပိုင်ရှင်က ပြောကြားသည်။

ယခုလသည်ရွှေဖီမိုးလွတ်လက်ဖက်ခူးချိန်ဖြစ်၍ ရပ်စောက်မြို့နယ်အတွင်းရှိ လက်ဖက်စိုက်တောင်ပေါ်ဒေသများ၌ ငှက်ပျောညွန့်ရောင်လက်ဖက်ညွန့်လေးများအစီအရီထိုးထွက်လျက်ရှိနေသည်။ ကျန်တောင်ပေါ်ဒေသတို့တွင်လည်း လက်ဖက်၊ လိမ္မော်စိုက်ပျိုးခြင်းဖြင့် သီးနှံစိုက်ပျိုးဝင်ငွေတိုးစေ၍ ရှေးမင်းများလက်ထက်ကပင် သားစဉ်မြေးဆက် အမွေဆက်ခံခဲ့သည့် လုပ်ငန်းဖြစ်သည်။ ပြည်တွင်းပြည်ပတွင် ပင်းတယလက်ဖက်ဟု နာမည်ရထားသည့် လက်ဖက်ရနံ့တို့သည် ပလောင်တောင်တန်းများပေါ်ရှိ တောင်ပေါ်လေနုအေးနှင့်အတူ သင်းပျံ့မွှေးလျက်ရှိနေပါသည်။



တောင်တန်းများပေါ်ရှိ လက်ဖက်စိုက်ခင်းများမှ လက်ဖက်အညွန့်စိမ်းစိမ်းတို့သည် နေရောင်တွင် ငှက်ပျောညွန့်ရောင်တောက်လျက်ရှိပြီး တစ်ဖက်တောင်စောင်းမှ ပျိုမေတစ်သိုက် လက်ဖက်ခူးရင်း ရယ်မောသံတို့က တစ်ချက်တစ်ချက်လေအဝှေ့တွင် ပျံ့လွင့်လာလျက်ရှိသည်။

အိမ်တွင်းမှု လုပ်ငန်းကဲ့သို့ လုပ်ကိုင်နေရခြင်းထက် စက်မှုပိုင်းဆိုင်ရာဖြင့်ထုတ်လုပ်ခြင်း၊ ထုပ်ပိုးခြင်း၊ အရည်အသွေးကို ပို၍ကောင်းမွန်တိုးတက်စေအောင် စစ်ဆေးသုတေသနပြုခြင်းတို့ဖြင့် နိုင်ငံခြားဝင်ငွေရရှိသော စားသောက်ကုန်လုပ်ငန်းအဖြစ် ရပ်တည်သွားရန် ဆန္ဒများရှိနေ။

# ကျွဲနွားများကို လည်ချောင်းကွဲကာကွယ်ဆေးများ ထိုးနှံပေး

**နေပြည်တော် မတ် ၂၆**

မတ် ၂၂ ရက်နှင့် ၂၃ ရက်နေ့များက တာချီလိတ်မြို့နယ် မိုင်းလင်း(အရှေ့) ကျေးရွာအုပ်စုအတွင်း နွားများရုတ်တရက်သေဆုံးခဲ့ကြောင်း ဒေသခံပြည်သူများ၏ သတင်းပို့ချက်အရ တာချီလိတ်ခရိုင် တာလေမြို့ မွေးမြူရေးနှင့်ကုသရေး ဦးစီးဌာန ဒုတိယဦးစီးမှူး ဒေါက်တာစိန်ရည်ဝင်းနှင့် တာဝန်ရှိသူများသည် နွားများ သေဆုံးမှုဖြစ်ပွားခဲ့သည့် ပွေဟယ်ကျေးရွာနှင့် အနီးပတ်ဝန်းကျင်ရှိ ကျေးရွာများအား မတ် ၂၅ ရက်က ကွင်းဆင်းစုံစမ်းမှုများပြုလုပ်ခဲ့ရာ တောင်သူ ဦးဒါဝိဒ်၊ ဦးဒါတို၊ ဦးကျာပို့တို့ မွေးမြူထားသော နွားများအနက် မတ် ၂၂ ရက်တွင် တစ်ကောင်၊ ၂၃ ရက်တွင် နှစ်ကောင် မည်သည့်ရောဂါမှန်း မသိရှိရဘဲ ရုတ်တရက်သေဆုံးခဲ့ကြောင်း၊ သေဆုံးသွားသည့် နွားများအားစားသုံးမိပါက ရောဂါကူးစက်မည်ကို စိုးရိမ်သည့်အတွက် သေဆုံးပြီးနောက် ချက်ချင်း မြေမြှုပ်ပစ်ခဲ့ကြကြောင်း သိရှိရပြီး နွားများ ရုတ်တရက်သေဆုံးခဲ့ရမှုအား ဆက်လက်စုံစမ်းစစ်ဆေးလျက်ရှိပြီး ပွေဟယ်ကျေးရွာနှင့် အနီးပတ်ဝန်းကျင်တွင်ရှိသော ကျွဲ၊ နွားများအား ရောဂါကူးစက်ရေးအတွက် လည်ချောင်းကွဲရောဂါ ကာကွယ်ဆေးများ ထိုးနှံပေးခဲ့ကြသည်။

ထို့အပြင် ကာကွယ်ဆေးထိုးနှံရန်ကျန်ရှိနေသော ကျွဲ၊ နွားများအား ကာကွယ်နိုင်ရန်အတွက် စနစ်တကျ ထိန်းသိမ်းထားရှိရန်၊ မွေးမြူရေးတိရစ္ဆာန်များ အပူရှိန်ပြင်းထန်လွန်ကဲမှုဒဏ်မှ ကြိုတင်ကာကွယ်ရေးဆိုင်ရာများအပါအဝင် မွေးမြူရေးအသိပညာပေးလုပ်ငန်းများအား ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

**အောင်ဖြိုးရှိန်**

**ဓာတ်ပုံ-မွေးမြူရေးနှင့်ကုသရေး**





# ကြံခင်း-မြန်အောင်လမ်းပေါ်ရှိ ဖားတရှဉ်းတံတားဖွင့်

**ကြံခင်း မတ် ၂၆**

ဧရာဝတီတိုင်းဒေသကြီး ဟင်္သာတခရိုင် ကြံခင်းမြို့နယ် ကြံခင်း-မြန်အောင်လမ်းပိုင်းပေါ်ရှိ ဖားတရှဉ်းတံတားဖွင့်ပွဲအခမ်းအနားကို မတ် ၂၄ ရက် နံနက် ၉ နာရီတွင် ယင်းတံတားချဉ်းကပ်လမ်းပေါ်ရှိ မင်္ဂလာမဏ္ဍပ်၌ ကျင်းပသည်။

အခမ်းအနားတွင် တိုင်းဒေသကြီးဝန်ကြီးချုပ် သီရိပျံချီ ဦးသိန်းအောင်က အမှာစကားပြောကြား၍ ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာဝင်းမြင့်က ကျေးဇူးတင်စကား ပြောကြားသည်။

ယင်းတံတားခန်းဖွင့်များမှာ ပေ ၉၀ သုံးခန်း၊ ၁၀၈ ပေ နှစ်ခန်း စုစုပေါင်း တံတားအရှည် ၄၈၆ ပေဖြစ်သည်။ တံတားတိုင်များမှာ ဘိုးပိုင်သံကူကွန်ကရစ်တံတား၊ အပေါ်ထည်ပိုင်းမှာ Plate Girder သံရက်မများ အသုံးပြုထားပြီး ကြမ်းခင်းမှာ သံကူကွန်ကရစ်နှင့်အပေါ်လွှာ ကတ္တရာခင်းဖြစ်သည်။ ယာဉ်သွားလမ်း အကျယ် ၂၄ ပေ၊ လူသွားလမ်းအကျယ်တစ်ဖက်သုံးပေစီ၊ တံတားခံနိုင်ဝန် တန် ၆၀ ဖြစ်သည်။ တံတားကြီးကို ၂၀၁၅ ခုနှစ်မေ ၁ ရက်တွင် စတင်တည်ဆောက်ခဲ့ရာ ၂၀၁၆ ခုနှစ် မတ် ၂၄ ရက်တွင် ဖွင့်လှစ်နိုင်ခဲ့ပြီး ကုန်ကျငွေကျပ် စုစုပေါင်း သန်း ၁၈၈၀ ဖြစ်သည်။

ယင်းတံတားချဉ်းကပ်ကတ္တရာ လမ်းခင်းခြင်းလုပ်ငန်းကိုလည်း ကြံခင်းမြို့နယ် လမ်းဦးစီးဌာန ဦးစီးအရာရှိ ဦးဆောင်သောအဖွဲ့က ဆောင်ရွက်လျက်ရှိရာ ကြံခင်းအပိုင်း ၄၉၂ ပေ၊ မြန်အောင်အပိုင်းပေ ၂၈၀ စုစုပေါင်း ချဉ်းကပ်လမ်းအရှည် ၇၇၂ ပေဖြစ်သည်။ **(၀၆၉)**

GOLDEN STAR Travels & Tours

| | |
|---|---|
| ပုဂံ(စွယ်တော်လေးဆူ)-ပုပ္ပါး-ပခုက္ကူ | Apr-11,12,17 |
| ရွှေစက်တော်-ပုဂံ(စွယ်တော်လေးဆူ)-ပုပ္ပါး | Apr-12 |
| မန္တလေး-ပြင်ဦးလွင်-အလောင်းတော်ကဿပ | Apr-11 |
| တောင်ကြီး-အင်းလေး-ပင်းတယ-ကက္ကူ | Apr-9,11,12,17 |
| ပုဂံ-ပုပ္ပါး-တောင်ကြီး-အင်းလေး-ပင်းတယ | Apr-11,12 |
| တောင်ကြီး-အင်းလေး-ပင်းတယ-လွိုင်ကော် | Apr-12 |
| ငွေဆောင်(Hotel + Car) | Apr-11,12,13,14 |

Ph;09-5081580, 09-5036640, 09-5080860, 703448

ဘေးရန်ကာဆီးမည်.. နဂါးနီ ဘုရိတ်ဓါးချွန်ကြိုးတစ်ဆင်ရှေး

| အမျိုးအစား | အခွေလွတ်(၁၂-ကလစ်) | တပ်ဆင်ပြီးဈေး |
|---|---|---|
| ဂါဗာနိုက် | ၅၀၀၀ ကျပ် | ၉၀၀၀ ကျပ် |
| စတီး | ၁၀၀၀၀ ကျပ် | ၁၅၀၀၀ ကျပ် |

တပ်ဆင်ပြီးဈေး ➡ တိုင်၊ တန်း၊ ပစ္စည်းဖိုး၊ တပ်ဆင်ခနှင့် သယ်ယူစရိတ်အားလုံးပါဝင်ပြီးဖြစ်သည်။

မတ်လ ၂၅ မှ ဧပြီ ၈ ရက်အတွင်းအထူး ၁၀% လျှော့မည်။

Ph:01 450 783, 09 79 656 9001, 09 79 656 9002

KINGCAT PAINT ရေတားဆေး

လူကြီးမင်းတို့၏ အဆောက်အဦးများတွင် ရေယိုစိမ့်နေလို့ စိတ်ညစ်နေပါသလား?

- အိမ်သုတ်ဆေးကဲ့သို့သုတ်ရန်လွယ်ကူပြီး ရေယိုစိမ့်ခြင်းမှ တားဆီးပေးနိုင်ပါသည်။
- ISO-9001 လက်မှတ်ရ Taiwan's No.1 ရေတားဆေးဖြစ်ပါသည်။
